မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃) အမှတ် (၁၃၈)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆားဘီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ တော်မီစလပ် နီကိုလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာ-လာအို နှစ်နိုင်ငံတပ်မတော်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတည်ဆောက်လို

စာမျက်နှာ ➤ ၈

နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ပြီး၍ မကြာမီဖွင့်တော့မည် ဖွင့်ပွဲမပြုလုပ်သေးခင် စက်မောင်း၍ မဟာဓာတ်အားလိုင်းနှင့်ချိတ်ဆက်ပြီး မီးများပေးနေ

ကွင်းဆင်းသွားရောက်လေ့လာရေးသားသူ-ခရမ်းစိုးမြင့်၊ ဓာတ်ပုံ-ကျော်မိုးလွင်

နန်ချိုရေအားလျှပ်စစ်စက်ရုံကို နန်ချိုချောင်းပေါ်၌ လုပ်ဆောင်ရာ တွေ့ရစဉ်။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနသည် နိုင်ငံတော်အတွင်း ပေါကြွယ်ဝလျက်ရှိသော ရေအရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရအထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးအဖွဲ့က တည်ဆောက်ရန် ခွင့်ပြုခဲ့သော နေပြည်တော်-ပျဉ်းမနားမြို့ အရှေ့ဘက် ၁၆မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်အတွင်းသို့ စီးဝင်နေသော နန်ချိုချောင်းပေါ် ချောင်းဆုံနေရာအထက် ခုနစ်မိုင်အကွာ (မြေပုံအမှတ်-94A/5၊ ခန့်မှန်းပမည-V935955) တွင် ဓာတ်အားမဂ္ဂါဝပ် ၄၀ ထွက်ရှိမည့် နန်ချိုရေအားလျှပ်စစ်ရုံကို ရေအားလျှပ်စစ်ဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူ တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီး စမ်းသပ်လည်ပတ်၍ နိုင်ငံတော်ဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများသို့ မီးပေးခဲ့သည့်ကာလမှာလည်း ဖေဖော်ဝါရီ ၁၁ ရက်တွင် သုံးလပြည့်သွားပြီ ဖြစ်သောကြောင့် မကြာမီဖွင့်လှစ်တော့မည်ဟု သိရသည်။

နန်ချိုရေအားလျှပ်စစ်စက်ရုံစီမံကိန်းဆိုင်ရာအချက်အလက်များမှာ-

တည်နေရာ ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ နန်ချိုချောင်းပေါ်တွင် တည်ရှိသည်။ ရေဆင်းဧရိယာ ၃၁၇ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၆၅ လက်မ၊ နှစ်စဉ် ပျမ်းမျှစီးဝင်ရေပမာဏ ဧကပေ ၇၆၇၁၁၀၊ ဒီဇိုင်းရေထုစီးနှုန်း

စာမျက်နှာ ၁၀ ကော်လံ ၁ ◆

နန်ချိုရေအားလျှပ်စစ်ရုံကို ရေအားလျှပ်စစ်ဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးနေပြီး စမ်းသပ်လည်ပတ်၍ နိုင်ငံတော်ဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများသို့ မီးပေးခဲ့သည့်ကာလမှာလည်း ဖေဖော်ဝါရီ ၁၁ ရက်တွင် သုံးလပြည့်သွားပြီဖြစ်သောကြောင့် မကြာမီဖွင့်လှစ်တော့မည်

နိုင်ငံတကာ

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗား၌ မီးတောင်ပေါက်ကွဲမှုဖြစ်ပွား၊ ဒေသခံများ နေရပ်စွန့်ခွာ

သတင်းစာမျက်နှာ ➤ ၄

ပြည်တွင်း

မြန်မာ့သိုင်းဗန်တိုပြိုင်ပွဲ အသက်ပြည့်မီသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်

သတင်းစာမျက်နှာ ➤ ၁၁

နိုင်ငံတကာအားကစား

ကျူပီအာနဲ့ ဘန်လေတို့အခြေအနေကောင်းနိုင်တဲ့ လိဂ်ချန်ပီယံရှစ်

သတင်းစာမျက်နှာ ➤ ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

နွေနှင့်ရေ

နွေရောက်ပြီဆိုလျှင် မီးဘေးသာမက ရေပြတ်လပ်မှုမှာလည်း ပူပင်ရသောအရာများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ''တန်ခူး ရေကုန်၊ ကဆုန်ရေခန်း'' ဟူသော စကားရှိပါသည်။ နွေအခါတွင် ရေတွင်းရေကန်များ ခန်းခြောက်တတ်ပါသည်။ အပူရှိန်အားကြီးလေ ရေခမ်းခြောက်မှုမြန်လေဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသများသည် ရေတွင်းရေကန်များစောစီးစွာ ခန်းခြောက်လေ့ရှိပါသည်။

သို့သော် ရေသည်လူသားတို့အတွက်သာမက သက်ရှိလောက တစ်ခုလုံးအတွက် မရှိမဖြစ်လိုအပ်ပါသည်။ ရေကိုသောက်သုံးရန် အတွက်သာမက သုံးရေအဖြစ်လည်း သုံးစွဲနေကြရပါသည်။ အပင်နှင့်ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက်လည်း ရေကိုသုံးစွဲနေရပါသည်။ အပူချိန် တဖြည်းဖြည်းတိုးလာသည်နှင့်အမျှ ရေသုံးစွဲမှုမှာလည်း တိုးလာမည်ဖြစ်ပါသည်။ နွေအခါ ရေသုံးစွဲမှုပမာဏသည် မိုးနှင့်ဆောင်းရာသီကာလများနှင့် နှိုင်းစာလျှင် ရေသုံးစွဲမှုနှစ်ဆတိုး လာနိုင်ပါသည်။ ရေများလျော့နည်းလာချိန် သုံးစွဲမှုမှာလည်း တိုးလာသဖြင့် ရေသိုလှောင်ထားနိုင်မှုသည် မြန်ဆန်စွာလျော့နည်း လာမည်ဖြစ်ပါသည်။

ဤသို့ ရေသုံးစွဲမှုနှင့် ရေလျော့နည်းခန်းခြောက်လာမှုတို့ အပေါ် ရေသုံးစွဲမှု စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်နိုင်ခြင်းမရှိချေက ရေပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်ပါသည်။ ရေသုံးစွဲမှုအပေါ် စနစ် တကျဆောင်ရွက်နိုင်ပါမှ ရေပြတ်လပ်ခြင်းမှကာကွယ်နိုင်မည် ဖြစ်ပါသည်။ ရေကို လူတိုင်းလူတိုင်း စည်းကမ်းတကျသုံးစွဲဖို့လို ပါသည်။ ချွေတာစွာ သုံးစွဲကြရန် အရေးကြီးပါသည်။ လှည်း သား ငါးရာပြဇာတ်တွင် လှည်းသားအကြီးအမှူး၏စကားကို နားမထောင်ဘဲ စည်ကမ်းမဲ့စွာ ရေများသွန်ပစ်လိုက်ကြ၍ ဘီလူးတို့ ၏ လှည့်ကွက်အတွင်း သက်ဆင်းရကာ လှည်းသားငါးရာတို့ ရေပြတ်လပ်ခြင်းဒုက္ခနှင့် ကြုံခဲ့ဖူးပါသည်။

နွေအခါ ရေပြတ်လပ်မှုမရှိစေရေးအတွက် ယခုကတည်းက မြို့နယ်တိုင်း၊ ကျေးရွာတိုင်းရေသုံးစွဲမှု အလဟဿမဖြုန်းတီးစေရေး အစီအမံများချမှတ်ဆောင်ရွက်သင့်ပေသည်။ ဦးစွာ ရေပြတ်လပ်မှု မကြုံရစေရန် ချွေတာရေးအစီအမံများသည် မလွဲမသွေဆောင်ရွက် သင့်သောအချက်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ရေပြတ်လပ်မှု ဖြစ်လျှင်လည်း အခက်အခဲများကို မည်သို့မည်ပုံဆောင်ရွက်ရန်ကို လည်း စီစဉ်ထားသင့်ပေသည်။ သို့မှသာ နွေအခါရေအခက်အခဲကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။ ''ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်''ဆိုသည့်အတိုင်း ရေသည်လူတို့အတွက် မရှိမဖြစ်လိုအပ်သည့်အလျောက် လူတိုင်းလူတိုင်းက ရေကို အလဟဿမဖြုန်းတီးရေး သတိပြုဆောင်ရွက်သင့်ပေ ကြောင်း။ ။

ပြည်သူလိုတာ လုပ်ဖို့ရာ
ကျရာအခွန်ပေးဆောင်ပါ

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နွေစပါးစိုက်ခင်းများနှင့် ကြံစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀နာရီက ပဲခူးတိုင်းဒေသကြီး ခပေါင်းဆည်ရေသောက်စနစ် တောင်ငူမြို့နယ်ရှိ တစ်ဆက်တစ်စပ်တည်း ဧက ၂၀၀၀ စက်မှုလယ်ယာစိုက်ကွင်းအတွင်း ပုလဲသွယ် နွေစပါးစိုက်ပျိုးရန် သိပ္ပံနည်းကျပေါင်းစနစ်ဖြင့် ပျိုးထောင်ပြီးစီးမှုအခြေအနေနှင့်ပျိုးခင်းမှ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် လယ်ကွင်းသို့ ကောက်စိုက်လုံမေများနှင့် ဝန်ထမ်းများက ရွှေ့ပြောင်းစိုက်ပျိုးနေမှုများကို ကြည့်ရှုစစ်ဆေး အားပေးပြီး စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် မိုင်တိုင်အမှတ် (၁၀၇)အနီး ဖြူးမြို့နယ်ရှိ မြတ်အိန္ဒြေကုမ္ပဏီ၏ တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် ဘက်စုံသီးနှံ ဧက ၂၀၀၀ စိုက်ကွင်း၌ မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်သည့် တန်ချိန် ၄၀၀၀ သိုလှောင်နိုင်သော ခေတ်မီသိုလှောင်ရုံ (Silo) (ဆိုင်လို) များနှင့် တစ်နေ့လျှင် တန် ၁၀၀ အခြောက်ခံနိုင်သော ခေတ်မီ အခြောက်ခံစက် (Dryer) များ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မတ် ၂ ရက်တွင် ကျရောက်မည့် တောင်သူလယ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အချိန်မီဖွင့်လှစ်နိုင်ရေးမှာကြားသည်။

ယင်းစက်ရုံသည်တရုတ် (ထိုင်ဝမ်) နည်းပညာဖြင့် မြန်မာနိုင်ငံတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပထမဦးဆုံး ခေတ်အမီဆုံး၊ အဆင့်မြင့်ဆုံး တည်ဆောက်ထားပြီး ဂျပန်နိုင်ငံ SATAKA ကုမ္ပဏီမှ ထုတ်လုပ်သော အဆင့်မြင့် ခေတ်မီတန် ၁၀၀ ကျဆန်စက်ကြီးကိုလည်း တည်ဆောက်သွားရန်ညွှန်ကြားမှာကြားသည်။

ထို့နောက် မြတ်အိန္ဒြေကုမ္ပဏီနှင့် အိန္ဒိယနိုင်ငံ Safal (ဆာဖဲလ်) Seed ကုမ္ပဏီတို့ပူးပေါင်းပြီး အဆင့်မြင့် ပိုးမွှားကာကွယ်သည့် ခြင်ဆန်ခါလှောင်အိမ်စနစ် (Net House) ဖြင့် မျိုးကောင်းမျိုးသန့်အဆင့်မြင့် ခရမ်းချဉ်နှင့် ငရုတ်ချို မျိုးစေ့ထုတ်စိုက်ကွင်းသို့ရောက်ရှိပြီး စိုက်ပျိုးရေးပညာရှင်များအား တွေ့ဆုံကာ မြေချစိုက်ပျိုးထားသော ခရမ်းချဉ်ပင်ငယ်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီးဘေး မိုင်တိုင်အမှတ်(၁၀၈)အနီးရှိ ၁၁၈ ရက်သက်တမ်းရှိစိမ်းစိုဖြစ်ထွန်းနေသော ကြံစိုက်ခင်းကို စစ်ဆေးကြည့်ရှုပြီး တောင်သူပညာပေး စိုက်ကွင်းကို လိုအပ်သည်များ စဉ်ဆက်မပြတ် အလေးထားစီစဉ်ဆောင်ရွက်ရန်နှင့် ခြောက်သွေ့ရာသီအချိန်တွင် ပတ်ဝန်းကျင်မှ တောမီးများ စိုက်ခင်းများဆီသို့ ကူးစက်မလောင်ကျွမ်းနိုင်ရန် မီးဘေးကြိုတင်ကာကွယ် တားဆီးရန်များ မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူများသွားလမ်းသာစေရေး ဆောင်ရွက်ပေးစေချင်

ထင်သာမြင်သာ

ရန်ကုန်မြို့လယ် ဆူးလေဘုရားနှင့် အနော်ရထာလမ်းဆုံ မီးပွိုင့်သည် မော်တော်ယာဉ်မျိုးစုံနှင့် လမ်းအသုံးပြုသူများ အထူးများပြားသည့် စည်ကားသောနေရာတစ်ခုဖြစ်ပါသည်။ အဆိုပါနေရာတွင် လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ် ကင်းဝေးစေရန်အတွက် နိုင်ငံတော်မှ လူကူးခုံးကျော်တံတား တစ်ခုတည်ဆောက်ပေးထားပါသည်။ ထို့အပြင် လူကူးခုံးကျော်တံတားမှ မကူးဘဲ လမ်းဖြတ်ကူးသူများကို အန္တရာယ်ကင်းဝေးစေရန်အတွက် သက်ဆိုင်ရာမှ နေ့စဉ်ကြီးကြပ်ဆောင်ရွက်ကာ လမ်းဖြတ်ကူးသူများကို စနစ်တကျ လူကူးခုံးကျော်တံတားပေါ်မှ ဖြတ်သန်းသွားလာရန် အသိပညာပေး ဆောင်ရွက်လျက်ရှိသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါသည်။

သို့သော်လည်း လမ်းအသုံးပြုသူများအနေဖြင့် အဆိုပါ လူကူးခုံးကျော်တံတားပေါ်မှ ဖြတ်ကူးရန် အလွန်ပင်ဝန်လေးနေကြသည်။ စည်းကမ်းမလိုက်နာလိုသောကြောင့် မဟုတ်ပါ။ တံတားပေါ်မှ စည်းကမ်းမဲ့ဈေးသည်များကြောင့်ဖြစ်ပါသည်။ အဆိုပါ တံတားပေါ်တွင် မျက်မှန်၊ စီဒီ-ဗွီစီဒီ အပါအဝင် စုံစီနဖာရောင်းဝယ်သူများကြောင့် ခရီးသွားပြည်သူများမှ ၎င်းဈေးသည်များကို ရှောင်ကွင်းသွားလာနေရသည့်အတွက် စိတ်ကသိကအောက်ဖြစ်ရသည့် ဒဏ်ကို မခံလိုကြချေ။ အဆိုပါနေရာသည် လမ်းဘေးဈေးသည်များ စည်းကမ်းမဲ့ဈေးရောင်းချရန် နိုင်ငံတော်မှ ဆောင်ရွက်ပေးထားသည့် အဆောက်အအုံမဟုတ်ပါ။ ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် ဆောင်ရွက်ပေးထားသော နိုင်ငံတော်၏ စေတနာဖြစ်ပါသည်။ ထိုစေတနာကို အလွဲသုံးကာ စည်းကမ်းမဲ့ ဈေးရောင်းချနေသူများကို ဖယ်ရှားရှင်းလင်းပြီး ပြည်သူများ သွားလမ်းသာအောင် စည်ပင်မှတာဝန်ရှိသူများကလည်း ကွင်းဆင်းဆောင်ရွက်ပေးစေချင်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများယာဉ်အန္တရာယ်ကင်းဝေးစေရန် လူကူးခုံးကျော် တံတားဖြတ်သန်းလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးပါရန် ရေးသားလိုက်ရပါသည်။

မောင်ယဉ်ကျေး

(၆၇) နှစ်မြောက်မွန်အမျိုးသားနေ့ ရန်ကုန်မြို့၌ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၆၇)ကြိမ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်(စနေနေ့) ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ ဥယျာဉ်၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားကို ညနေ ၆ နာရီတွင် ဖွင့်လှစ်ပြီး မွန်တိုင်းရင်းသားရိုးရာ အကပဒေသာများ၊ မွန်တစ်ခန်းရပ်ပြဇာတ်နှင့် မွန်-မြန်မာတေးသံသာတို့ဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ အခမ်းအနားနှင့်အတူ မွန်စာပေနှင့်ယဉ်ကျေးမှု၊ ပြခန်းများ၊ မွန်တိုင်းရင်းသားဝတ်စုံအမျိုးမျိုးပြခန်းများနှင့် မွန်တိုင်းရင်းသားလုပ်ငန်းရှင်များ၏ မွန်ဒေသထွက်ထုတ်ကုန်ပစ္စည်း ပြခန်းများကိုပါ ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း သိရသည်။ **မွန်ချစ်**

ပြည်တွင်းသတင်း

မြန်မာနှင့်လာအိုတို့၏ နှစ်နိုင်ငံဆက်ဆံရေး ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဗီယင်ကျင်းမြို့ရှိ သံအမတ်ကြီးနေအိမ်၌ သံရုံး၊ စစ်သံရုံးမိသားစုများအားတွေ့ဆုံ၍ လက်ရှိအိမ်နီးချင်းနိုင်ငံများ၏ နိုင်ငံရေးအခြေအနေများကို မပြတ်လေ့လာနေရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် ဒီမိုကရေစီမျိုးစုံရှိသည့်အနက် မိမိတို့သည် တိုင်းပြည်၏အခြေအနေနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို အမှန်တကယ်လျှောက်လှမ်းနေကြောင်း၊ နိုင်ငံတကာနှင့်လည်း ချစ်ကြည်ရင်းနှီးမှုရအောင် တည်ဆောက်နေကြောင်း၊ အိမ်နီးချင်းနိုင်ငံဆိုသည်မှာ ရွေးချယ်ခွင့်မရှိဘဲ သဘာဝတရားမှပေးထားခြင်းဖြစ်ကြောင်း၊ လာအိုနိုင်ငံသည် အိမ်နီးချင်းနိုင်ငံကောင်းတစ်ခုဖြစ်ကြောင်း၊ ယခုလာအိုနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခြင်းသည် မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာအောင် တည်ဆောက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ သံတမန်ကျင့်ဝတ်နှင့်အညီ ပြောဆိုနေထိုင်သွားကြရန်နှင့် သံရုံးဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး နေထိုင်သွားကြပြီး နိုင်ငံအကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးသွားကြရန် ပြောကြားခဲ့သည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား သံအမတ်ကြီး ဦးကျော်စိုးဝင်းက ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့အား မြန်မာသံရုံးမိသားစုများ ဂါရဝပြုကန်တော့ကြစဉ်။
(မြဝတီ)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆားဘီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဗန်မာကစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဧည့်အဖွဲ့များလာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ထိုင်းနိုင်ငံ စီတီဘဏ်ဌာနေအရာရှိ Mr.Darren Buckley သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံးသို့ လာရောက်တွေ့ဆုံပြီး အနာဂတ်ကာလ မြန်မာနိုင်ငံတွင် ကျင့်သုံးမည့် Sovereign Ratings နှင့်ပတ်သက်သည့် သဘောထားအမြင်များကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အလားတူ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား Organization for Economic Co-operation Development-OECD အဖွဲ့မှ ညွှန်ကြားရေးမှူး Mr.Marcos Bonturi လာရောက်တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် Organization for Economic Co-operation Development-OECD ဆိုင်ရာ အရှေ့တောင်အာရှဒေသ အစီအစဉ်အသစ်တစ်ရပ် ထူထောင်ရေးနှင့်စပ်လျဉ်းသည့် သဘောထားအမြင်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

** ကျောဖုံးမှ*

ဆက်လက်၍ ၎င်းကပြောကြားရာတွင် ပြည်သူကိုဗဟိုပြု၍ ပြည်သူအကျိုးမျှော်ကိုးကာ MITV သည် အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ ပြောင်းလဲလျက် အရည်အသွေးပိုမိုကောင်းမွန်စွာဖြင့် ထုတ်လွှင့်ပေးနေကြောင်း။

ယခင်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အင်္ဂလိပ်ဘာသာဖြင့် စီစဉ်ထုတ်လွှင့်နေသော MRTV-3 အား ရွှေသံလွင်မီဒီယာကုမ္ပဏီက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့်ပူးပေါင်းပြီး ၂၀၁၀ ခုနှစ် မတ် ၃၁ ရက်မှစတင်၍ MITV Channel သစ်ကို ပူးပေါင်းထုတ်လွှင့်တင်ဆက်ခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ Global Turn Around System ပေးနိုင်ရေးအတွက် လိုအပ်သော ဂြိုဟ်တုကို ရွှေသံလွင်မီဒီယာကုမ္ပဏီမှ ငှားရမ်းခြင်း၊ TV Channel တိုးတက်စေရန် Channel News Asia မှ အငြိမ်းစား CEO အား ခေါ်ယူကာ ဉာဏ်ရည်လောင်းသင်တန်းများပို့ချခြင်း၊ လက်တွေ့သင်ကြားပေးခြင်း၊ Channel ၏ Coporate Identity များဖန်တီးခြင်း၊ ရုပ်သံရိုက်ကူး/ထုတ်လုပ်/ထုတ်လွှင့်ပြသရေးတွင် ကျွမ်းကျင်သော ပြည်ပရှိ မြန်မာပညာရှင် ခြောက်ဦးအားခန့်အပ်ခြင်း၊ သတင်းဖတ်ရန် နိုင်ငံခြားသား ပညာရှင်များ ခေါ်ယူခန့်ထားတာဝန်ပေးအပ်ခြင်းများဆောင်ရွက်ကာ အဆင့်မီရုပ်မြင်သံကြား ထုတ်လုပ်မှုစွမ်းရည်ကို တည်ဆောက်စေခဲ့ပါကြောင်း။

နိုင်ငံခြားသား သတင်းကြေညာသူများကိုလည်း အချိန်ပြည့်ဝန်ထမ်းအဖြစ်ခန့်အပ်ကာ နေပြည်တော်(တပ်ကုန်း)တွင် ၂၀၁၃ ခုနှစ် ဧပြီလထိ တာဝန်ထမ်းဆောင်စေခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ် ဧပြီလမှစတင်ကာ MITV ဝန်ထမ်းများကို လုပ်ငန်းစွမ်းရည် ပိုမိုထိရောက်နိုင်ရန် ရန်ကုန်မြို့သို့ ပြန်လည်ပြောင်းရွှေ့ကာ တာဝန်ထမ်းဆောင်စေပြီး နိုင်ငံတကာအဆင့်မီ TV Channel အဖြစ် ရေရှည်ရပ်တည်နိုင်ရန်အတွက် နိုင်ငံတကာ TV အတွေ့အကြုံရှိသော နိုင်ငံခြားသား CEO တစ်ဦးကို ခန့်ထားတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ TV Channel ၏ သွင်ပြင်အသစ်ဖြင့် အောင်မြင်စွာပြုပြင်ပြောင်းလဲနိုင်ခဲ့ပါကြောင်း၊ TV Channel ၏ သွင်ပြင်လက္ခဏာ ပိုမိုသွက်လက်ဆွဲဆောင်မှုရှိစေရန်အတွက် အီတလီလူမျိုး Designer အဖွဲ့နှင့် လေးလကျော်ကြာအောင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရာ ၆-၁၁-၂၀၁၃ ရက်တွင် သွင်ပြင်အသစ်ဖြင့် အောင်မြင်စွာပြုပြင်ပြောင်းလဲနိုင်ခဲ့ပါကြောင်း၊ TV Channel တစ်ခု၏ ရှိသင့်သော Brand Bible နှင့်တကွ Cooperate Identity များကိုလည်း အောင်မြင်စွာဖန်တီးနိုင်ခဲ့ပါကြောင်း။

ထုတ်လွှင့်မှုဆိုင်ရာ စက်ပစ္စည်းများကိုလည်း ထပ်မံဖြည့်ဆည်းပေါင်းစပ်၍ ယခင်တပ်ကုန်းမှထုတ်လွှင့်မှုအစား ရန်ကုန်မှထုတ်လွှင့်ပေးနိုင်ခဲ့ပါကြောင်း၊ Capacity Building အနေဖြင့် နိုင်ငံခြားမှပညာရှင်များကို စဉ်ဆက်မပြတ်ခေါ်ယူကာ ဝန်ထမ်းများကိုလည်း လုပ်ငန်းခွင်တွင်း လက်တွေ့သင်ကြားပို့ချပေးလျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

MITV သည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို ကမ္ဘာကသိနိုင်စေရန် မြန်မာနိုင်ငံကို ကိုယ်စားပြုထုတ်လွှင့်သော TV Channel အဖြစ် အစဉ်အမြဲရပ်တည်ရန် ကြိုးစားနေသကဲ့သို့ ပြည်ပရောက် မြန်မာလူမျိုးများ၊ မြန်မာနိုင်ငံအပေါ် စိတ်ဝင်စားသော ကမ္ဘာလှည့်ခရီးသည်များ၊ စီးပွားရေးလုပ်ငန်းရှင်များအား မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုမှန်သမျှကို မျက်ခြည်မပြတ်စေရန်အတွက် MITV Website (myanmaritv.com) အား ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင်လည်းကောင်း၊ MITV Internet Streaming Service အား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း ကမ္ဘာသို့တင်ဆက်နိုင်ခဲ့သည်။

ရွှေသံလွင် မီဒီယာကုမ္ပဏီ၏ ကြီးမားသောရင်းနှီးမြှုပ်နှံမှု၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရွှေသံလွင်မီဒီယာကုမ္ပဏီ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ယခုအခါ MITV မှာ များစွာတိုးတက်ပြောင်းလဲနေပြီ ဖြစ်သည်။ ထို့အတူ မကြာမီအချိန်အတွင်း ရန်ကုန်၊ နေပြည်တော်၊ မန္တလေးအစရှိသော မြို့ကြီးများတွင် Free to Air ထုတ်လွှင့်ရန် ပြင်ဆင်လျက်ရှိသကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် DVBT-2 တွင်လည်း အခမဲ့ထုတ်လွှင့်ပေးလျက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး

အမည်ပြောင်း

အထက(၁)၊ မြောင်းမြမြို့၊ Grade-7(A)မှ ဦးကျော်စိုးဝင်း (ဆောက်လုပ်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး)-ဒေါ်နုနုရင်တို့၏တစ်ဦးတည်းသောသား မောင်မြတ်သူရကျော်အား မောင်မြတ်ဖုန်း မြင့်ဟုခေါ်ပါရန်။

မောင်မြတ်ဖုန်းမြင့်

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ထက်ဇာနည်ထွန်း ၁၂/ကတတ(နိုင်)၀၂၉၁၀၈၏ DSD/BTM အောင်လက်မှတ်များ ပျောက်သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၃၇၅၄၀၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/8353 Hino Huz MMA bus(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိန် ၁၂/အစန(နိုင်)၁၆၃၀၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၁၉၄၃ Mitsubishi Fuso M 7265 Bus (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့်ဦး ၇/ပတတ(နိုင်)၀၈၁၇၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့

Opple အမှတ်တံဆိပ် လျှပ်စစ်ပစ္စည်းများအား မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ် (Exclusive Distributor) ပေးအပ်ခြင်းအား အများသိစေရန် အသိပေး ကြေညာခြင်း

Opple Lighting CO.,LTD သည် OPPLE(Trademarks & Logos) ထုတ်ကုန်အားလုံးဖြစ်သော OPPLE လျှပ်စစ်ပစ္စည်းများကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ မှ စ၍ မြန်မာနိုင်ငံ၌ [illegible] ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ရှိ Farmer Phoyarzar Co.,Ltd. အား မြန်မာတစ်ပြည်လုံး၏ တရားဝင် တစ်ဦးတည်း ကိုယ်စားလှယ် (Exclusive Distributor) အဖြစ် ခန့်အပ်ထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ Opple Lighting သုံးစွဲသူ Customer များနှင့် အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာတစ်နိုင်ငံလုံးမှ Opple လျှပ်စစ်ပစ္စည်း သုံးစွဲသူ Customer များနှင့် ဖြန့်ဖြူးရောင်းချလိုသည့် မိတ်ဟောင်း မိတ်သစ်များအနေဖြင့် Farmer Phoyarzar Co.,Ltd. နှင့် ဆက်သွယ် ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

OPPLE LIGHTING CO.,LTD ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်စိန်ဝင်း(B.Sc. H.G.P. R.L. Dip in Business law. Dip in International Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible])
အမှတ် - [illegible] ဘားလမ်း [illegible] ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - [illegible]

နိုင်ငံတကာသတင်း

အီတလီဝန်ကြီးချုပ် နုတ်ထွက်ရန်ဆုံးဖြတ်

ရောမ ဖေဖော်ဝါရီ ၁၄

အီတလီဝန်ကြီးချုပ် အန်ရီကိုလက်တာက သူ၏ဒီမိုကရက်တစ်ပါတီ အုပ်ချုပ်ရေးအဖွဲ့သစ်အတွက် ဆော်ဩထောက်ခံခဲ့ပြီးနောက် သောကြာနေ့တွင် ရာထူးမှ နုတ်ထွက်ရန် ပြောကြားလိုက်သည်။ ပါတီခေါင်းဆောင်မတ်တီယိုရန်ဇိုင်းက ပါတီအစည်းအဝေး၌ အစိုးရပြောင်းလဲရေးဆော်ဩခဲ့သည်။ အီတလီနိုင်ငံသည် အနာဂတ်မရေရာမှုများ ဖြစ်ပေါ်ရောက်ရှိလာနိုင်ကြောင်းလည်း ၎င်းက ပြောကြားလိုက်သည်။

မစ္စတာရန်ဇိုင်းသည် ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်းယူရန်ကြိုးစားနေကြောင်းလည်း လေ့လာသူများက ဆိုသည်။ ၎င်းသည် မစ္စတာလက်တာထက် ရှစ်နှစ်ပိုငယ်ပြီး ဒီဇင်ဘာလက ပါတီခေါင်းဆောင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ယနေ့ဆုံးဖြတ်ချက်ချပြီးနောက် မိမိ၏ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်ကြောင်း မစ္စတာလက်တာ၏ ကြေညာချက်တွင်ဖော်ပြသည်။

သူ့အနေဖြင့် နုတ်ထွက်လွှာကို သောကြာနေ့တွင် သမ္မတနန်းတော်၌ သမ္မတဂျော်ဂျီယိုနာပိုလီတာနိုထံသို့ တင်ပြသွားမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။ မစ္စတာရန်ဇိုင်းက လက်ရှိဝန်ကြီးချုပ်အား စီးပွားရေးတိုးတက်မှုရရှိအောင် လုပ်ဆောင်နိုင်စွမ်းမရှိကြောင်း၊ အနှစ် ၄၀အတွင်း အလုပ်လက်မဲ့နှုန်းမှာလည်း အမြင့်ဆုံးသို့ရောက်ရှိလာကြောင်း၊ အီတလီစီးပွားရေးသည် ခုနစ်နှစ်တာကာလအတွင်း ၉ ရာခိုင်နှုန်းသို့ ကျသွားကြောင်း စသည်ဖြင့် စွပ်စွဲပြောကြားသည်။ ဒီမိုကရက်တစ်ပါတီက လက်ရှိဝန်ကြီးချုပ်နေရာတွင် ပါတီခေါင်းဆောင် မစ္စတာရန်ဇိုင်းအား အစားထိုးဖွယ်ရှိသည်။ **(ဘီဘီစီ)**

အာဖဂန်အကျဉ်းသားများ ပြန်လွှတ် အမေရိကန် စိုးရိမ်ပူပန်လျက်ရှိ

ကဘူးလ် ဖေဖော်ဝါရီ ၁၄

အကျဉ်းသား ၆၅ ဦးကို အာဖဂန် ဘာဂရန်အကျဉ်းထောင်မှ လွှတ်ပေးလိုက်သည်။ ယင်းအကျဉ်းသားများလွှတ်ပေးမှုကို အမေရိကန်တို့အနေဖြင့် အကြီးအကျယ် စိုးရိမ်ပူပန်လျက်ရှိသည်။

အဆိုပါ အကျဉ်းထောင်မှ လွှတ်ပေးလိုက်သူအချို့မှာ အာဖဂန် အရပ်သားများကို သတ်ဖြတ်မှုတွင် ပါဝင်နေသူများဖြစ်ကြောင်း၊ ယင်းတို့သည် အာဖဂန်နှင့် အမေရိကန် ညွှန့်ပေါင်းတပ်များကိုလည်း သတ်ဖြတ်ခဲ့ကြောင်း ကဘူးလ်မြို့ရှိ အမေရိကန်သံရုံးက ပြောသည်။

ယမန်နှစ်က ယင်းအကျဉ်းထောင်ကို အာဖဂန်အစိုးရက အမေရိကန်တို့ထံမှ လွှဲပြောင်းရယူခဲ့သည်။ ယင်းဖမ်းဆီးထားသူများမှာ လုံလောက်သော အဆောက်အအုံများမရှိကြောင်း ကဘူးလ်အစိုးရက ပြောသည်။ ယင်းအကျဉ်းသားများအား လွှတ်ပေးခြင်းဖြင့် အမေရိကန်တို့အတွက် စိုးရိမ်စရာမရှိကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ပြောသည်။

အမေရိကန်တို့အနေဖြင့် အာဖဂန်ကို အာဏာလွှမ်းမိုးမှုကြိုးစားခြင်းကို ရပ်တန့်ရမည် ဖြစ်ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားရမည်ဖြစ်ကြောင်း သမ္မတကာဇိုင်းက တူရကီနိုင်ငံ အင်ကာရာမြို့၌ ကျင်းပသော ထိပ်သီးအစည်း အဝေးတွင် ပြောကြားသည်။ **(ဘီဘီစီ)**

အီဂျစ်ဗိုလ်ချုပ်ကြီးစီစီ သမ္မတအရွေးခံရန် ရုရှားသမ္မတ ဗလာဒီမာပူတင်ထောက်ခံ

ကိုင်ရို ဖေဖော်ဝါရီ ၁၄

ရုရှားသမ္မတ ဗလာဒီမာပူတင်က အီဂျစ် စစ်ဘက်အကြီးအကဲ အဗ္ဗဒူလ်ဖက်တာအယ်လ်စီစီကို သမ္မတအရွေးခံရန် ထောက်ခံကြောင်း ပြောကြားလိုက်သည်။

မစ္စတာပူတင်နှင့် ဗိုလ်ချုပ်ကြီး စီစီတို့သည် မော်စကိုမြို့၌ လက်နက်ရောင်းဝယ်ရေးကိစ္စ ဆွေးနွေးရန် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ မစ္စတာပူတင်က ဗိုလ်ချုပ်ကြီးစီစီကို အီဂျစ်သမ္မတ အရွေးခံရန် ထောက်ခံပြောဆိုလိုက်သည်။ သို့သော်လည်း ယင်းကိစ္စကို အီဂျစ်တို့ဘက်မှ တရားဝင်ကြေညာခြင်းမရှိသေးဟုဆိုသည်။

ဖီးမာရှယ်စီစီသည် လွန်ခဲ့သည့် ဇူလိုင်လက သမ္မတ မိုဟာမက်မော်စီအား ဖြုတ်ချရာတွင် ဦးဆောင်ခဲ့သူဖြစ်သည်။ အီဂျစ်ရွေးကောက်ပွဲကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရလာမည့် ဧပြီလလယ်တွင် ကျင်းပသွားမည်ဟု ဆိုသည်။ ဗိုလ်ချုပ်ကြီးစီစီအနေဖြင့် အဓိက ပြိုင်ဘက်များမရှိ၍ ဝင်ရောက်အရွေးခံလျှင် အနိုင်ရဖွယ်ရှိကြောင်း သတင်းထောက်များက ဆိုသည်။

အီဂျစ်ကာကွယ်ရေးဝန်ကြီးသည် သမ္မတရွေးပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်ပြီဟု မိမိသိထားကြောင်း သမ္မတပူတင်က ဗိုလ်ချုပ်ကြီးစီစီနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ အဆွေတော်ကံကောင်းပါစေဟုလည်း မစ္စတာပူတင်က ပြောသည်။

မစ္စတာမော်စီအား ဖယ်ရှားခြင်းအပေါ် အမေရိကန်က တုံ့ပြန်သည့်အနေဖြင့် နှစ်စဉ်လက်နက်အကူအညီပေးနေခြင်းကို ဆိုင်းငံ့လိုက်ပြီးနောက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံတန်ဖိုးရှိ လက်နက်ရောင်းဝယ်ရေးစာချုပ် ဆွေးနွေးရန် ဗိုလ်ချုပ်ကြီးစီစီသည် ရုရှားသို့ ရောက်ရှိနေခြင်းဖြစ်သည်။ **(ဘီဘီစီ)**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗား၌ မီးတောင်ပေါက်ကွဲမှုဖြစ်ပွား၊ ဒေသခံများနေရပ်စွန့်ခွာ

ဂျကာတာ ဖေဖော်ဝါရီ ၁၄

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားကေးလွတ်တောင်တွင် ဖေဖော်ဝါရီ ၁၃ ရက် ဒေသစံတော်ချိန် ၂၂ နာရီ မိနစ် ၅၀က မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ မီးတောင်နှင့် ၁၀ ကီလိုမီတာ အတွင်း၌ နေထိုင်သည့် ထောင်ပေါင်းများစွာသောလူများသည် အဆိုပါ မီးတောင်ပေါက်ကွဲမှုဒဏ်ကိုခံစားခဲ့ရကြောင်း အမျိုးသားမီးတောင်အေဂျင်စီမှ ပညာရှင်တစ်ဦးက ဆင်ဟွာသို့ ဖုန်းဖြင့်ပြောကြားသည်။

မီးတောင်မှ ကျောက်စရစ်ခဲများနှင့် သဲများသည် မိုးများရွာသကဲ့သို့ မီးတောင်ဝမှ ၁၅ ကီလိုမီတာအတွင်း ကျရောက်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုများရှိကြောင်း၊ ၎င်းမီးတောင်ပေါက်ကွဲမှုကြောင့် ၁၅ ကီလိုမီတာထက်မက နေရပ်ကို စွန့်ခွာထွက်ပြေးရသူများရှိကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုမဖြစ်ခင် မှတ်တမ်းများအရ ၎င်းမီးတောင်အန္တရာယ်ရပ်ဝန်း၌ နေထိုင်သူ အနည်းဆုံးလူဦးရေ ၂၀၀၀ ရှိကြောင်း သိရသည်။ ၁၉၁၉ ခုနှစ် ပေါက်ကွဲမှုမှာအပြင်းထန်ဆုံးဖြစ်ပြီး ၅၅ ဦး သေဆုံးခဲ့သည်။ ၂၀၀၇ ခုနှစ်ပေါက်ကွဲမှုမှာ နောက်ဆုံးဖြစ်ခဲ့ပြီး ယခုမှ ထပ်မံပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆူမတြားကျွန်းမြောက်ပိုင်း စီနဘန်း မီးတောင်ပေါက်ကွဲမှုမှာလည်း လများစွာကြာခဲ့ပြီး ၁၇ ဦး သေဆုံးခဲ့သည်။

မီးတောင်ရပ်ဝန်းနှင့် ပြတ်ရွေ့ကြောင်းပေါ်တွင် တည်ရှိပြီး မြေလျှောလှုပ်ရှားမှုများဖြစ်လွယ်သော အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်ရှင် ၁၂၉ လုံးရှိရာ ကေးလွတ်တောင် ဒေသခံပြည်သူ ၂၀၀၀၀၀ ကို ဘေးကင်းရာသို့ ပြောင်းရွှေ့ရန် သက်ဆိုင်ရာက အမိန့်ထုတ်ပြန်ထားသည်။ **(ဘီဘီစီ)**

မီးတောင်သဘာဝဘေးကြောင့် ပြည်သူများ အကူအညီတောင်းခံနေစဉ်။

ယီမင်အကျဉ်းထောင်ကို သေနတ်သမားများ တိုက်ခိုက်

ဆာနား ဖေဖော်ဝါရီ ၁၄

ယီမင်မြို့တော် ဆာနားရှိ အဓိကအကျဉ်းထောင်ကို သေနတ်သမားများက တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲအတွင်း ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးနှင့် စစ်သွေးကြွသုံးဦးသေဆုံးသွားခဲ့သည်။ ထောင်သားများ လွတ်ထွက်မပြေးရန် အရေးပေါ်အခြေအနေတစ်ရပ် ကြေညာလိုက်သည်။ သို့သော် ဖေဖော်ဝါရီ ၁၃ ရက်က ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုသည် မည်သည့်အုပ်စုက တိုက်ခိုက်ခြင်းဖြစ်သည်ကို ချက်ချင်းမသိရသေးဟုဆိုသည်။

သို့သော်လည်း ယီမင်နိုင်ငံအတွင်း တိုက်ခိုက်မှုအများစုမှာ အယ်လ်ခိုင်ဒါများနှင့်ဆက်စပ်နေသည်ဟု ဆိုသည်။ ယီမင်ရှိ အယ်လ်ခိုင်ဒါအဖွဲ့သည် ကမ္ဘာပေါ်တွင် တက်ကြွမှုအရှိဆုံး ဖြစ်သည်။ **(ဘီဘီစီ)**

အမေရိကန်၌ ဒုတိယမြောက်နှင်းမုန်တိုင်းတိုက်ခတ်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ဒုတိယမြောက်နှင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ တောင်ပိုင်းပြည်နယ်များနှင့် ထောင်ပေါင်းများစွာသော ပြည်သူများ ဓာတ်အားပြတ်တောက်ခဲ့သည်။

အိမ်ခြေ ၅၅၀၀၀၀ နှင့် စီးပွားရေးလုပ်ငန်းများ ဓာတ်အားပြတ်တောက်နေဆဲဖြစ်သည်။ သောကြာနေ့တွင် လေယာဉ်ခရီးစဉ် ၁၀၀၀ ဖျက်သိမ်းလိုက်ရသည်။ မုန်တိုင်းကြောင့် ကိုယ်ဝန်ဆောင်တစ်ဦးအပါအဝင် ၂၂ ဦး သေဆုံးခဲ့သည်။ ဝါရှင်တန်ဒီစီ၊ ဒက်ထရွိုက်၊ ဘော်စတွန်၊ ချီကာဂို၊ နယူးယောက်၊ စိန့်လူးဝစ်တို့တွင် သာမန်ထက်နှင်းကျမှုသုံးဆတိုးခဲ့သည်ဟု ဆိုသည်။ နှင်းမုန်တိုင်းကြောင့် ဝါရှင်တန်ဒီစီ၌ နှင်းထုမှာ ၁၅ လက်မအထိ မြင့်တက်ခဲ့ပြီး နယူးယောက်၌ ရှစ်လက်မရှိသည်ဟု ဆိုသည်။

အဆိုပါ နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် အရှေ့ပိုင်းကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ကျောင်းအများအပြားလည်း ပိတ်ခဲ့ရသည်။ သောကြာနေ့နံနက်ပိုင်းအထိ လမ်းများပေါ်တွင် ဆီးနှင်းထုအလွန်မြင့်မားနေဆဲဖြစ်သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဥပဒေကြမ်းကော်မတီအစည်းအဝေးသို့တက်ရောက်မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ညှိနှိုင်း အစည်းအဝေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ဥပဒေကြမ်းကော်မတီရုံး အိုင်ဆောင်အမှတ်-၂ အပေါ်ထပ်၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ဆောင်ရွက်ဆဲ ဥပဒေကြမ်းအပေါ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်စေရေး၊ မူလမဲစာရင်းမှာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၏ ပြုစုတင်ပြချက်အရ အတည်ပြုဆောင်ရွက်ရကြောင်း၊ အခြေခံဥပဒေပုဒ်မ ၃၉၆ အရ တိုင်တန်းလာပါက စစ်ဆေးရကြောင်း၊ ယခု ပုဒ်မ ၃၉၇ အရ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန် ဥပဒေကြမ်းကို တင်သွင်းရကြောင်း၊ ပြည်သူတို့၏ အခွင့်အရေးဖြစ်သော လွှတ်တော်ကိုယ်စားလှယ်များ တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်ရန် သဘာဝကျဖို့လိုကြောင်း၊ မဲလာပေးသူ၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ဆုံးဖြတ်ခြင်းမျိုးဖြစ်သင့်ကြောင်း ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ကော်မတီဝင်များ၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ရေးကော်မတီ အတွင်းရေးမှူး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ပြင်ဆင်ချက်အဆို တင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် တက်ရောက်လာသူများက အပြန်အလှန်ညှိနှိုင်းကြရာ ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက ပြင်ဆင်ချက်အဆို တင်သွင်းရခြင်း အကြောင်းကို ပြန်လည်ရှင်းလင်းတင်ပြပြီး ညှိနှိုင်းဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထ ငါးနှစ်စီမံကိန်း မြို့နယ် ၅၁ မြို့နယ်တွင် စတင်ဆောင်ရွက်မည် နိုင်ငံတကာနှင့်သက်ဆိုင်သည့်အတွက် စဉ်ဆက်မပြတ်ဘက်စုံထောင့်စုံပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းအား ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှ စတင်ခဲ့ရာ ၂၀၁၄ခုနှစ် မတ် ၃၁ ရက်တွင် ကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် ၂၀၁၄-၂၀၁၅မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ (၅)နှစ်သက်တမ်းတိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးပပျောက်ရေးတွင် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထုနှင့် အခြားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများတွင် ဟန်ချက်ညီညီ ဆောင်ရွက်မှသာ လျော့နည်းပပျောက်မည်ဖြစ်ကြောင်း၊ တားဆီးနှိမ်နင်းရေးတိုးမြှင့်ဆောင်ရွက်နိုင်ရန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသနှင့်ကိုက်ညီလိုက်လျောညီထွေရှိသည့် ဝင်ငွေရလုပ်ငန်းများအား ဖန်တီးပေးရန်လိုအပ်မည်ဖြစ်သည့်အတွက် ရေရှည်တည်တံ့ရေးဟူသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဖြစ်ကြောင်း၊ ဘိန်းစိုက်ပျိုးမှု၏ ၉၀ ရာခိုင်နှုန်းသည် ရှမ်းပြည်နယ်၌ တည်ရှိပြီး စိုက်ပျိုးသူအများစုသည် လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်း၊ စိုက်ပျိုးမြေအသုံးချနိုင်မှု အခွင့်အလမ်းနည်းပါးခြင်း၊ စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း၊ ဈေးကွက်မရှိခြင်း၊ အခြားဝင်ငွေရလုပ်ငန်းများ မရှိခြင်းနှင့်ကျန်းမာရေး၊ ပညာရေး အစရှိသည့် အခြေခံလိုအပ်ချက်များ နိမ့်ကျသည့် ဒေသများဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေး အပါအဝင် အခြားသောဝင်ငွေရလုပ်ငန်းများကို ဖန်တီးပေးနိုင်မည့် ကျယ်ပြန့်သည့် မဟာဗျူဟာတစ်ရပ်ချမှတ်နိုင်ရေးနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု အပိုင်းများကိုလည်း ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့(၁/၂၀၁၄) အစည်းအဝေးတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်

တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပြောကြားသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဗဟိုအဖွဲ့ဥက္ကဋ္ဌက ၂၀၁၃ ခုနှစ်အတွင်း တရားဝင်တင်သွင်းသည့် ထိန်းချုပ်ဓာတုပစ္စည်းတန်ချိန်ပေါင်း ၆၉၀၀ ကျော် တင်သွင်းခြင်း၊ သယ်ဆောင်ခြင်းတို့အား စောင့်ကြည့်နိုင်ခဲ့ခြင်းနှင့် နောက်ဆုံးထုတ်ကုန်အဆင့်ထိ သုံးစွဲခြင်းရှိမရှိကို ဆက်လက်စောင့်ကြည့်သွားရန် လိုအပ်ကြောင်း၊ နယ်စပ်ဒေသများမှ ထိန်းချုပ်ဓာတုပစ္စည်းများ တရားမဝင်ဝင်ရောက်မှု မရှိစေရေးအတွက် တားဆီးနှိမ်နင်းရေးတိုးမြှင့်ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း၊ သုံးစွဲမှုလျှော့ချရေးနှင့် ပတ်သက်၍ စိတ်ကြွရူးသွပ်ဆေးပြား အပါအဝင် မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါး အလွဲသုံးမှုများသည် လူငယ်ထုအတွင်း လျင်မြန်စွာပျံ့နှံ့နေသည့်အတွက် ပြန်လည်ထူထောင်ရေးအဖွဲ့၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့၊ ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့တို့အနေဖြင့် ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးအပိုင်းတွင် ပြောင်းလဲလာသည့် မူးယစ်ဆေးစွဲမှုကုသရေး နည်းဗျူဟာများအရ ယခင်က ဆေးရုံ၊ ဆေးခန်း၊ ပြန်လည်ထူထောင်ရေးစခန်း အခြေပြုဆေးကုသရေးလုပ်ငန်းစနစ်မှ ပြည်သူလူထုအခြေပြု မူးယစ်ဆေးစွဲကုသရေး လုပ်ငန်းစနစ် ပြောင်းလဲကျင့်သုံးလာသည်ကို တွေ့ရှိရပါကြောင်း၊ ပြောင်းလဲလာသည့် ပုံစံများနှင့်အညီ ရှေ့ပြေးစီမံကိန်းများအား ဆောင်ရွက်နိုင်ရေး၊ ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် စတင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

ဖျက်ဆီးနိုင်ခဲ့

တားဆီးနှိမ်နင်းရေး လုပ်ငန်းအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အထူးစစ်ဆင်ရေးနှစ်ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ၌ ဆောင်ရွက်ခဲ့သည့် သီတာစစ်ဆင်ရေးတွင် အိန္ဒိယနိုင်ငံအတွင်းမှ တရားမဝင် ဝင်ရောက်လာသည့် ပရီကာဆာများကို စိတ်ကြွဆေးပြား ထုတ်လုပ်ရာနေရာများသို့ မရောက်ရှိနိုင်ရန် တားဆီးနိုင်ခဲ့ပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) ရွှေလီစစ်ဆင်ရေးတွင် မူးယစ်ဆေးဝါးအမြောက်အမြားနှင့် ဘိန်းချက်စခန်းများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ အလားတူ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဘိန်းခင်းဟက်တာပေါင်း ၁၂၇၀၀ ကျော် ဖျက်ဆီးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းအနေဖြင့် ၂၀၁၃ ခုနှစ်အတွင်းတွင် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်မှုဆိုင်ရာ ခြောက်နိုင်ငံနားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတို့ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ဒေသတွင်းမူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်မှုဆိုင်ရာ နေပြည်တော်ကြေညာစာတမ်းကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ ဒါ့အပြင် (၃၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် အိန္ဒိယနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့နှင့်လည်း မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်မှုဆိုင်ရာ နှစ်နိုင်ငံအစည်းအဝေးများကိုလည်း အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ပါကြောင်း။

မူးယစ်ဆေးဝါး ပြဿနာသည် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်လျက်ရှိရာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်း တိုက်ဖျက်သွားကြရန်မှာကြားသည်။

ထို့နောက် မူးယစ်ဗဟိုအဖွဲ့အောက်ရှိ အဖွဲ့ ၁၀ ဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအပေါ် ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက သုံးသပ်ရှင်းလင်းတင်ပြသည်။

မူးယစ်ဗဟို တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးမြင့်သိန်းက မူးယစ်ဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၁၃) ၏ ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့မှ နိုင်ငံတကာဆက်ဆံရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်ကလည်းကောင်း၊ ပြည်သူများပညာပေးလှုံ့ဆော်ရေး အဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က လည်းကောင်း၊ ကျန်လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြပြီး UNODC၊ ONCB၊ DEA တို့နှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါးပပျောက်ရေးကဏ္ဍတွင် ထောက်ပံ့ကူညီပေးရေးဆိုင်ရာကိစ္စရပ်များအား အစည်းအဝေးတက်ရောက်လာကြသူများက မိမိတို့ သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးဆွေးနွေးတင်ပြကြသည်။

ပြောကြား

ယင်းနောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထ ငါးနှစ်စီမံကိန်းအား နိုင်ငံအတွင်းရှိ မြို့နယ် ၅၁ မြို့နယ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ရာ တက်ရောက်လာကြသည့် အဖွဲ့အစည်းများအနေဖြင့် သေသေချာချာလေ့လာပြီး ဆက်လက်လုပ်ကိုင်ရမည့် ကိစ္စရပ်များအား လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များအား တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအဆင့်ထိ အဆင့်ဆင့်ဖွဲ့စည်းထားပြီးဖြစ်ရာ ပြည်တွင်း/ ပြည်ပ NGO ၊ INGO အဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ဆောင်ရွက်ကြစေလိုကြောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေးသည် နိုင်ငံတကာနှင့်သက်ဆိုင်သည့်အတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာပေးရေးလုပ်ငန်းများတွင် ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ဘက်စုံထောင့်စုံပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၏ စောင့်ရှောက်ရေးကဏ္ဍများအား ဝိုင်းဝန်းစောင့်ရှောက်မြှင့်တင်ရန်လိုအပ်ပြီး မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပြစ်ဒဏ်များချမှတ်ပြီးနောက်ပိုင်းတွင်လည်း ရပ်တန့်မသွားဘဲ တရားမဝင်ငွေကြေးနှင့် ပစ္စည်းထိန်းချုပ်ရေးဆိုင်ရာဥပဒေဖြင့် ရေဆုံးမြေဆုံး ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(သတင်းစဉ်)

အလှူငွေပေးအပ်ပွဲနှင့် အုတ်မြစ်စီမင်္ဂလာ ဖိတ်ကြားလွှာ

အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာမဟာအောင်မြေကျောင်း၊ စင်ကာပူနိုင်ငံ Mahamuni Buddhist Society ဗုဒ္ဓဂယာ သုခါရာမကျောင်းဆရာတော် ဒေါက်တာဦးသုပီယ (သာသနဓဇ ဓမ္မစရိယ M.A(India), Ph.D (India) ဦးဆောင်၍ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ မင်္ဂလာဗေယျုံကျောင်းတိုက်အတွင်းစာချ၊ စာသင်သံဃာတော်များ၊ ယောဂီသူတော်စင်များ ချမ်းသာစွာ သီတင်းသုံးနိုင်ရန်အတွက် **ဓမ္မပါလ ကျောင်းဆောင်သစ်**ဆောက်လုပ်ရန် အလှူတော်ငွေပေးအပ်ပွဲနှင့်အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို (၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်) ၁၈-၂-၂၀၁၄ ရက် (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညို ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။)

ပဓာနနာယကကျောင်းထိုင်ဆရာတော် ဦးသုဝဏ္ဏ
တာဝန်ခံဆရာတော် ဒေါက်တာဦးသုပီယနှင့်
တပည့် ဒါယကာ၊ ဒါယိကာမများ
မင်္ဂလာဗေယျုံကျောင်း၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၅၅၀၃၈၉၊ ၀၉-၅၄၀၂၀၂၃

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈-ဒီ)ရပ်ကွက် မြေကွက်အမှတ် ၁၁၇၄၊ (၂၂ ပေ× ပေ ၆၀)ခေါင်းရင်းမြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူရန် စရန်ငွေအချို့ပေးပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးသိန်းဇော်
အမှတ် ၁၈၄/၁၈၅၊ ကနောင်မင်းသားကြီးလမ်း၊ (၁၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၄၈၀၃၉၅၀၅

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဘင်းမ်စတက်နှင့်မြန်မာ

ကိုဇံ

၂၀၁၄ ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် အင်မတန်မှ ထူးခြားလေးနက်တဲ့နှစ်လို့ဆိုရမှာဖြစ်ပါတယ်။ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူပြီး အာဆီယံထိပ်သီးအစည်းအဝေးများနဲ့ ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအနေနဲ့ ဂုဏ်ယူဝင့်ကြွားစွာကျင်းပပြုလုပ်သွားနိုင်ရန် ပြင်ဆင်လျက်ရှိသလို နှစ်ပေါင်း ၃၀ ကျော်ကြာ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိတဲ့ လူဦးရေနဲ့ အိမ်အကြောင်းအရာ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကောက်ယူဖို့ တာစူနေချိန်လည်းဖြစ်ပါတယ်။ ဒီလိုအနေအထားမျိုးမှာ ဘင်းမ်စတက်အဖွဲ့ကြီးရဲ့ အလှည့်ကျဥက္ကဋ္ဌအဖြစ်နဲ့ တာဝန်ယူနေရတဲ့ မြန်မာနိုင်ငံအတွက် အခြေအနေအချိန်အခါပေးလာတာနဲ့အညီ အဖွဲ့ဝင်နိုင်ငံများရဲ့ ညှိနှိုင်းသဘောတူညီချက်အရ တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးများကို များမကြာမီ လက်ခံကျင်းပခွင့်ရတော့မှာဖြစ်တဲ့အတွက် မင်္ဂလာပေါ်မင်္ဂလာဆင့်ဆိုသလို မြန်မာနိုင်ငံသားများ ဂုဏ်ယူဝမ်းမြောက်ဖို့ဖြစ်လာပါတော့မယ်။

အာဆီယံအကြောင်းသိကောင်းစရာနဲ့ အာဆီယံထိပ်သီးအစည်းအဝေးများနဲ့ ပတ်သက်လို့ မြန်မာပြည်သူများအကြား မစိမ်းကြပေမယ့် ဘင်းမ်စတက်အဖွဲ့အစည်းနဲ့ ပတ်သက်လို့တော့ သိရှိသူနည်းပါးကြမယ်ထင်ပါတယ်။ ဒါကြောင့် စာဖတ်ပရိသတ်များအကြား ဘင်းမ်စတက်အဖွဲ့ ဘယ်လိုဖြစ်တည်လာတယ်၊ ဘယ်နိုင်ငံတွေက ကမကထလုပ်ပြီး ဒီအဖွဲ့ကြီးပေါ်ပေါက်လာဖို့ တွန်းအားပေးကြတယ်၊ ဘင်းမ်စတက်ဆိုတာ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတယ်၊ ဘယ်လိုလုပ်ငန်းဆောင်ရွက်တယ်၊ မြန်မာနိုင်ငံရဲ့အခန်းကဏ္ဍဘယ်လိုရှိတယ်။ ရှေ့အလားအလာ ဘယ်လိုရှိတယ်၊ ဒီထိပ်သီးအစည်းအဝေးမှာ ဘာတွေအောင်မြင်မှုရမယ် စသဖြင့် မိတ်ဆက်ပေးချင်လို့ ဒီဆောင်းပါးကို ရေးသားလိုက်ရခြင်း ဖြစ်ပါတယ်။

ဘင်းမ်စတက်အဖွဲ့ဖြစ်တည်လာပုံနဲ့ မြန်မာနိုင်ငံဘစ္စတက်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပုံ

စစ်အေးကာလအပြီး ကမ္ဘာ့ပြောင်းလဲမှု ပုံသဏ္ဍာန်မှာ ကမ္ဘာလုံးဆိုင်ရာ တစ်သားတည်းဖြစ်စဉ်နှင့်ဒေသဆိုင်ရာ ဖြစ်စဉ်တို့ဟာ အတူတကွဖြစ်ပေါ်လာတဲ့ ဖြစ်စဉ်တွေပါပဲ။ ကမ္ဘာလုံးဆိုင်ရာ တစ်သားတည်းဖြစ်စဉ်ကြောင့် ကောင်းကျိုး၊ ဆိုးကျိုးများ ပေါ်ပေါက်လာတဲ့အခါ ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ ကမ္ဘာလုံးဆိုင်ရာ တစ်သားတည်းဖြစ်စဉ်ရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နိုင်ဖို့ ပူးပေါင်းဆောင်ရွက်မှုတွေကို အသွင်အမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ ဆောင်ရွက်ခဲ့ကြပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်း အနေနဲ့ဆိုရင် လှုပ်ရှားဆောင်ရွက်ရတဲ့ နယ်ပယ်နဲ့လုပ်ငန်းခွင်ဟာ ကျယ်ပြန့်လွန်းတဲ့အတွက် လိုအပ်ချက်နဲ့အညီ ပိုမိုကျစ်လျစ်သိပ်သည်းတဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ ပေါ်ပေါက်လာခဲ့တာပဲဖြစ်ပါတယ်။ ပထဝီအနေအထားအရ တစ်ဆက်တည်းတည်ရှိမှုဟာ ဒေသဆိုင်ရာအဖွဲ့အစည်းများပေါ်ပေါက်လာခြင်းအတွက် အခြေခံအကျဆုံး အချက်ဖြစ်တယ်ဆိုတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။

ဒ့ါအပြင် ကမ္ဘာ့ဒေသများမှာရှိတဲ့ နိုင်ငံအသီးသီးဟာ နယ်ပယ်မျိုးစုံမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့ အချင်းချင်းပံ့ပိုးကူညီနိုင်ဖို့၊ မိမိသမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုထုံးတမ်းဓလေ့အစဉ်အလာများ၊ လူမှုရေးဘဝများနဲ့ မကိုက်ညီတဲ့အတွေးအခေါ်နဲ့ လုပ်နည်းကိုင်နည်းများ၊ မိမိတို့ဒေသတွင်းကို ရောက်မလာဖို့ တားဆီးကာကွယ်ရန်၊ ဒေသအချင်းချင်းအဖွဲ့အစည်းမှုဘောင်၊ ပုံသဏ္ဍာန်အားဖြင့်ဆက်သွယ်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်တွေနဲ့ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်နိုင်မယ့်အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းလာကြခြင်းပဲဖြစ်ပါတယ်။ ကမ္ဘာ့ဒေသများအလိုက် ပထဝီအနေအထားအရ တည်ရှိနေမှုပေါ်မူတည်ပြီး ဒေသအဖွဲ့အစည်းတွေအဖြစ်ဖွဲ့စည်းကာ မိမိတို့ဒေသနှင့်ပြည်သူများ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်ကြခြင်းပဲဖြစ်ပါတယ်။ ဥပမာအနေနဲ့ အီးယူ (EU)၊ အေပက်(APEC)၊ နေတိုး(NATO)၊ အာဆီယံ (ASEAN)၊ နဲ့ဖ်တာ(NAFTA)၊ ဘရစ်ခ်စ်(BRICS) စတဲ့အဖွဲ့အစည်းတွေကို လွယ်လင့်တကူ မြင်နိုင်ပါတယ်။

အဲဒီ အဖွဲ့အစည်းတွေလိုပဲ ဘင်းမ်စတက်အဖွဲ့ဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဘင်းမ်စတက်အဖွဲ့ ဖွဲ့စည်းပေါ်ပေါက်လာစေဖို့ တွန်းအားပေး ပုံဖော်ခဲ့တဲ့အဓိကနိုင်ငံတွေကတော့ ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ ဖြစ်ပါတယ်။ ဘင်းမ်စတက်အဖွဲ့မှာ အနောက်ဘက်အိမ်နီးချင်းအာရှနိုင်ငံများနဲ့ စီးပွားရေးတိုးချဲ့ဆက်သွယ်ဆောင်ရွက်လိုတဲ့ ထိုင်းနိုင်ငံရဲ့ အနောက်မျှော်မူဝါဒ (Look West Policy)နဲ့အရှေ့တောင်အာရှနိုင်ငံများနဲ့ စီးပွားရေးအရ ပိုမိုနီးကပ်စွာဆက်သွယ်ဆောင်ရွက်လိုကြတဲ့ တောင်အာရှနိုင်ငံများရဲ့ အရှေ့မျှော်မူဝါဒ (Look Eest Policy)တို့ရဲ့ ပေါင်းစပ်မှုရလဒ်တစ်ခုပဲ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံဟာ ဈေးကွက်တိုးချဲ့နိုင်ရေးနဲ့ စီးပွားရေးယှဉ်ပြိုင်နိုင်မှု ပိုမိုတိုးမြှင့်နိုင်ရေးအတွက် အနောက်ဘက်ရှိ အိမ်နီးချင်းအာရှနိုင်ငံများနဲ့ စီးပွားရေးကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့နိုင်ရန်ကြိုးပမ်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဘင်္ဂလားပင်လယ်အော်ကမ်းစပ်တစ်လျှောက်ရှိ အာရှနိုင်ငံများဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနဲ့ထိုင်းနိုင်ငံတို့ပါဝင်တဲ့ ငါးနိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ တစ်ဖွဲ့ကိုစတင်ဖွဲ့စည်းတည်ထောင်ရန် အိန္ဒိယနိုင်ငံနဲ့စတင်ညှိနှိုင်းတိုင်ပင်ခဲ့ပါတယ်။ အဲဒီလိုညှိနှိုင်းချက်နဲ့အညီ အိန္ဒိယနိုင်ငံက ၁၉၉၇ ခုနှစ် မေလမှာ သံတမန်လမ်းကြောင်းမှတစ်ဆင့် ချဉ်းကပ်လာခဲ့ပြီး မြန်မာနိုင်ငံအနေနဲ့ အဆိုပါအဖွဲ့မှာ မူလအဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ဖို့နဲ့ အဖွဲ့ထူထောင်ရေး ကိစ္စရပ်နဲ့ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးမယ့် ပထမဦးဆုံးအကြိမ် ဝန်ကြီးအဆင့်အစည်းအဝေးကို တက်ရောက်ဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါတယ်။ အဲဒီအချိန်မှာ မြန်မာအနေနဲ့ အဖွဲ့တည်ထောင်မှု အခြေအနေကို စောင့်ကြည့်လေ့လာလိုသေးတာကြောင့် အစည်းအဝေးကို လေ့လာသူအဆင့်နဲ့သာ ပါဝင်တက်ရောက်ခဲ့ပါတယ်။

အဲဒီအစည်းအဝေးရဲ့ရလဒ်ဖြစ်တဲ့ ၁၉၉၇ ခုနှစ် ဇွန်လ ၆ ရက်နေ့ ဗန်ကောက်ကြေညာစာတမ်းနဲ့အညီ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ထိုင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Bangladesh-India-Sri Lanka- Thailand Economic Cooperation; BIST-EC)ကို စတင်ဖွဲ့စည်းတည်ဆောက်နိုင်ခဲ့ပါတယ်။ အဲဒီအဖွဲ့ကို ဘင်္ဂလားပင်လယ်အော်ကမ်းခြေတစ်လျှောက်ရှိ နိုင်ငံတွေနဲ့ပါဝင်ဖွဲ့စည်းထားတာဖြစ်လို့ ဘင်္ဂလားပင်လယ်အော်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Bay of Bengal Economic Cooperation Organization ;BBECO) လို့လည်း စာနယ်ဇင်းတွေက အလွတ်သဘော ရည်ညွှန်းဖော်ပြခဲ့ကြပါတယ်။ အဲဒီအဖွဲ့ရဲ့ အဓိကဦးတည်ချက်ကတော့ အရေးကြီးတဲ့ဦးစားပေးစီးပွားရေး ကဏ္ဍကြီး(၈)ရပ်မှာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံများအားလုံးမှာ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးပင်ဖြစ်ပါတယ်။

ပထဝီအနေအထားအရ တစ်ဆက်တည်း တည်ရှိမှုဟာ ဒေသဆိုင်ရာအဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်းအတွက် အခြေခံအကျဆုံး အချက်ဖြစ်တယ်ဆိုတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။

ဘစ္စတက်အဖွဲ့သို့မြန်မာနိုင်ငံက ပါဝင်ခြင်းဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးနဲ့နိုင်ငံတကာရေးရာ ကိစ္စရပ်တွေမှာ အကျိုးရှိစေနိုင်မယ်လို့ ယူဆသုံးသပ်ရတာကြောင့် အစည်းအဝေးအပြီးမှာတင် မြန်မာနိုင်ငံဟာ ဘစ္စတက်အဖွဲ့မှာ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးအတွက် စတင်ဆောင်ရွက်ခဲ့ပါတယ်။ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဘစ္စတက်အဖွဲ့ဝင်အဖြစ်ပါဝင်လိုကြောင်း အဆိုပြုလွှာများပေးပို့တဲ့အခါ ဘစ္စတက်အဖွဲ့မှာ မြန်မာနိုင်ငံ အဖွဲ့ဝင်အဖြစ်ပါဝင်ရေးကိစ္စကို အဲဒီအဖွဲ့ရဲ့ မူလအဖွဲ့ဝင် လေးနိုင်ငံလုံးက မဆိုင်းမတွ တညီတညွတ်တည်း ထောက်ခံမှုတွေပေးခဲ့ကြတာကြောင့် မြန်မာနိုင်ငံအနေနဲ့ ဗန်ကောက်မြို့မှာ ၁၉၉၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှာကျင်းပတဲ့ ဘစ္စတက်လုပ်ငန်းအဖွဲ့ရဲ့ ဒုတိယအကြိမ် အစည်းအဝေးက စတင်ပြီး စတင်ပါဝင်တက်ရောက်ဖို့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက ဖိတ်ကြားခဲ့ပါတယ်။

အဲဒီနောက် ဘစ္စတက်အဖွဲ့ရဲ့ ဝန်ကြီးအဆင့် အထူးအစည်းအဝေးနဲ့ အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိကျင်းပခဲ့တဲ့နေရာမှာ အဲဒီတုန်းက နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်ဆွေ ခေါင်းဆောင်တဲ့မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါတယ်။ အဲဒီလို တက်ရောက်ခြင်းဟာ ဘင်းမ်စတက်အစည်းအဝေးကို မြန်မာနိုင်ငံက ဝန်ကြီးအဆင့် ပထမဆုံးအကြိမ် တက်ရောက်ခြင်းဖြစ်ပါတယ်။ အဲဒီအစည်းအဝေးကာလအတွင်း ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ မြန်မာနိုင်ငံကို တင်းပြည့်အဖွဲ့ဝင်အဖြစ် တရားဝင်လက်ခံကြိုဆိုခဲ့ကြတဲ့အတွက် ဘစ္စတက်အဖွဲ့ရဲ့ အမည်ကိုလည်း ဘင်းမ်စတက် (BIMST-EC)လို့ ပြောင်းလဲလိုက်ပါတယ်ဆိုတဲ့ ကြေညာစာတမ်းကို အဖွဲ့ဝင်ငါးနိုင်ငံရဲ့ နိုင်ငံခြားရေး ဒုတိယဝန်ကြီးတွေက အတည်ပြုလက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြပါတယ်။ အဲဒီကြေညာစာတမ်းနဲ့အညီ နိုင်ငံတကာအသိုက်အဝန်းမှာ ဘင်းမ်စတက် (BIMST-EC)ဆိုတဲ့ အဖွဲ့အစည်းဟာ ပီပီပြင်ပြင်ရုပ်လုံးပေါ်ထွက်လာခြင်းပဲဖြစ်ပါတယ်။

ဒီလိုနဲ့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့ကနေ ၉ ရက်နေ့အထိ ထိုင်းနိုင်ငံ ဖူးခက်မြို့မှာကျင်းပခဲ့တဲ့ ဆဋ္ဌမအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးမှာ ဘူတန်နှင့်နီပေါတို့ အဖွဲ့ဝင်နိုင်ငံသစ်များဖြစ်လာခဲ့ပါတယ်။ ၂၀၀၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာကျင်းပခဲ့တဲ့ ပထမအကြိမ် ထိပ်သီးအစည်းအဝေးမှာ အဖွဲ့ရဲ့အမည်ကို ဘင်းမ်စတက်-ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍစုံ နည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperative) လို့ ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။

လက်ရှိလုပ်ငန်းဆောင်ရွက်နေပုံ

အဖွဲ့ရဲ့ သက်တမ်း ၁၆ နှစ်နီးပါးရှိတဲ့အထိ ဘင်းမ်စတက်အဖွဲ့မှာ အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရခြင်း မရှိသေးတာကြောင့် အဖွဲ့ရဲ့ အတွင်းရေးမှူးချုပ်ရုံး တာဝန်တွေကို ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးဦးစီးဌာနက တာဝန်ယူညှိနှိုင်းပေးပါတယ်။ အတွင်းရေးမှူးချုပ်ရုံးရဲ့ ရုံးလုပ်ငန်းတာဝန်တွေကို ဥက္ကဋ္ဌ တာဝန်ကျတဲ့နိုင်ငံက ပူးတွဲတာဝန်ယူရပါတယ်။ ဝန်ကြီးအဆင့် အစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးတွေ ရပ်နားထားတဲ့ ကြားကာလတွေမှာ လုပ်ငန်းကိစ္စတွေ ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ အမြဲတမ်းယန္တရားတစ်ရပ်အနေနဲ့ ဘင်းမ်စတက်လုပ်ငန်းအဖွဲ့ (BIMSTEC Working Group)ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာ ဖွဲ့စည်းတည်ထောင်ထားပါတယ်။ လုပ်ငန်းအဖွဲ့ရဲ့ အစည်းအဝေးတွေကို လစဉ်ကျင်းပပါတယ်။ အဲဒီအစည်းအဝေးတွေကို အဖွဲ့ဝင်နိုင်ငံတွေက သံအမတ်ကြီးတွေ တက်ရောက်ကြပြီး အဖွဲ့ရဲ့ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူတဲ့ နိုင်ငံက သံအမတ်ကြီးတွေက သဘာပတိအဖြစ် ဆောင်ရွက်ပါတယ်။ လက်ရှိမှာတော့ မြန်မာနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူထားတော့ ဗန်ကောက်မြို့ မြန်မာသံရုံးမှ သံအမတ်ကြီးက သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်နေပါတယ်။

ဘင်းမ်စတက်အဖွဲ့ရဲ့ ရည်မှန်းချက်များ

ဘင်းမ်စတက်အဖွဲ့ရဲ့ မျှော်မှန်းချက်တွေ၊ ရည်ရွယ်ချက်တွေကို အဲဒီအဖွဲ့ တည်ထောင်တဲ့ ဗန်ကောက်ကြေညာစာတမ်းမှာ အခုလို အတိအလင်းဖော်ညွှန်းထားပါတယ်-

(က) ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှု၊ နည်းပညာ၊ လူ့စွမ်းရည်ဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ အခြေခံအဆောက်အအုံနှင့် ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး စီမံချက်များ အကောင်အထည်ဖော်ခြင်းဖြင့် စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးမှုရရှိရေးအတွက် ပတ်ဝန်းကျင်ကောင်း ဖန်တီးပေးရန်၊

(ခ) တန်းတူရည်တူ စိတ်ဓာတ်ဖြင့် ဒေသတွင်းစီးပွားရေး၊ တိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊

(ဂ) အဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် အကျိုးရှိမည့် စီးပွားရေး၊ လူမှုရေး၊ သိပ္ပံနှင့်နည်းပညာ ကဏ္ဍများ၌ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ရန်နှင့် အပြန်အလှန်အကူအညီပေးရန်၊

(ဃ) ပညာရေးနှင့်နည်းပညာကဏ္ဍများ၌ သင်တန်းနှင့်သုတေသန အကူအညီများပေးခြင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူညီပံ့ပိုးပေးကြရန်၊

(င) ပြည်သူတို့၏ လူနေမှုအဆင့်မြင့်တင်ရေးကို လက်တွေ့အကျိုးပြုစေမည့် အမျိုးသားစီမံကိန်းကို အထောက်အကူပြုစေနိုင်သော ကြိုးပမ်းမှုတွင် အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန်၊

(စ) ရည်ရွယ်ချက်၊ မျှော်မှန်းချက်ချင်း တူညီသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများတွင် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ရန်၊

(ဆ) ဒေသခွဲအဆင့်တွင် လက်တွေ့အကျိုးရလဒ် ဖြစ်ထွန်းစေနိုင်ပြီး အုပ်စုတွင်း ရနိုင်သော စုပေါင်းအားကို အသုံးချနိုင်မည့် စီမံချက်များကို ပူးပေါင်းဆောင်ရွက်ရန်၊

(ဆက်လက်ဖော်ပြပါမည်)

စာမေး/စာပြန်ပွဲနှင့် ရိုးရာရှားမီးပူဇော်ပွဲကျင်းပ

ဟိုမိန်း ဖေဖော်ဝါရီ ၁၄

လင်းခေးခရိုင် ဟိုမိန်းမြို့နယ်ခွဲ ဝိသုဒ္ဓိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော (၁၉)ကြိမ်မြောက် ပရိယတ္တိသဒ္ဓမ္မပါလ စာမေး/စာပြန်ပွဲ အခမ်းအနားကို တပို့တွဲလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ ကျင်းပကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ စာမေး/စာပြန်ပွဲကို မြို့နယ်သံဃနာယက ဆရာတော် ဘဒ္ဒန္တပုညဝံသ ဦးစီးကျင်းပခြင်းဖြစ်ပြီး လပြည့်နေ့တွင် ရိုးရာယာဂုထမနဲထိုးပွဲနှင့် ရှားမီးပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။

မြို့နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသားများက ရိုးရာအက၊ အတီးများဖြင့် ပါဝင်ဆင်နွှဲကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြောင်း သိရသည်။

ရဲနောင်(iprd)

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၆) တွင် ဖော်ပြပါရှိသော "မြက်သောက်ကျေးရွာတွင် စာပေဟောပြော" သတင်းတွင် စာရေးဆရာမ ပုညခင် (ရခိုင်ပြည်)အစား စာရေးဆရာမ ပံသုခင်(ရခိုင်ပြည်)က ရာဇဝင်ထဲကရခိုင်အမျိုးသမီးစာဆိုများ ခေါင်းစဉ်ဖြင့်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(စာတည်း)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ပြည်ပသို့သစ်အလုံးလိုက် တင်ပို့ခြင်းကို ရပ်ဆိုင်းမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **ထိုင်းနိုင်ငံတွင် အကျဉ်းကျခံနေရသူ မြန်မာနိုင်ငံ အကျဉ်းသားများနှင့် မြန်မာနိုင်ငံ အကျဉ်းထောင်များတွင် အကျဉ်းကျနေသည့် ထိုင်းနိုင်ငံ အကျဉ်းသားများ** နှင့်စပ်လျဉ်းသည့် မေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ထိုင်းနိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော မြန်မာနိုင်ငံသားအကျဉ်းသားများမှာ စုစုပေါင်းဦးရေ ၃၉၀၀ ကျော်ရှိရာ အများဆုံးမှာ မူးယစ်ဆေးဝါးပြစ်မှုများဖြစ်ကြောင်း သိရှိရပါကြောင်း။

ယင်းအနက် မြန်မာနိုင်ငံသား အကျဉ်းသားဦးရေ ၆၆၀ ကျော် အတွက် လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေး

ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြေကြားစဉ်။ (သတင်းစဉ်)

အကြိမ်ကြိမ် မေတ္တာရပ်ခံခဲ့သော်လည်း အကြောင်းပြန်ကြားချက် တစ်စုံတစ်ရာ မရရှိခဲ့ကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးရာတွင် မြန်မာနိုင်ငံသားများ ပါဝင်မှုသာ ထိုင်းနိုင်ငံ၊ အကျဉ်းဦးစီးဌာနမှ သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ အကြောင်းပြန်ကြားပေးမည်ဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ အနေဖြင့်လည်း ထိုင်းနိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော မြန်မာနိုင်ငံသား အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေး၊ လွတ်မြောက်ရေးနှင့် ပြစ်ဒဏ်လျှော့ပေါ့ခွင့်ရရှိရေးတို့အတွက် ထိုင်းနိုင်ငံ၏ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် သံတမန်နည်းလမ်းများအရပါ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် ထိုင်းနိုင်ငံ၌ လူသတ်မှု၊ မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုများနှင့် အဂတိလိုက်စားမှုတို့ဖြင့် ပြစ်ဒဏ်ကျ အကျဉ်းသားများနှင့် စပ်လျဉ်း၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးလေ့မရှိကြောင်း၊ အကျဉ်းသားများ လဲလှယ်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင် အကျဉ်းသားလဲလှယ်/လွှဲပြောင်းခြင်းဆိုင်ရာဥပဒေ (Transfer of Sentenced Persons Law) အား ရေးဆွဲပြဋ္ဌာန်းထားခြင်းများ မရှိသေးသဖြင့် ထိုင်းနိုင်ငံနှင့် နားလည်မှုစာချွန်လွှာရေးထိုးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး မေးမြန်းစဉ်။ (သတင်းစဉ်)

ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး၏ **ဟုမ္မလင်းမြို့နယ်မှ ထုတ်လုပ်ခဲ့သော သစ်လုံးတန်ရေ မည်မျှရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သစ်တောသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့တိုးပွားစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့ကို အထောက်အကူဖြစ်စေရန်အတွက် သစ်ထုတ်လုပ်မှုပမာဏကို နှစ်စဉ်လျှော့ချထုတ်လုပ်ရန် ရည်မှန်းချက်များချမှတ်ပြီး၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ လျှော့ချထုတ်လုပ်လျက်ရှိပါကြောင်း။

ပြည်တွင်း သစ်ထုတ်လုပ်မှုကို သိသိသာသာ လျှော့ချသည့်အပြင် ၂၀၁၄ ခုနှစ် ဧပြီ လ ၁ ရက် နေ့မှစ၍ ပြည်ပသို့သစ်အလုံးလိုက် တင်ပို့ခြင်းကိုရပ်ဆိုင်းမည်ဖြစ်ပြီး သစ်အခြေခံအချောထည်ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်တင်ပို့သွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျွန်းသစ်ထုတ်လုပ်မှုကို သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း လျာထားချက်ပါ နှစ်စဉ်ထုတ်လုပ်ရမည့်ပမာဏကို အခြေခံ၍လည်းကောင်း၊ သစ်မာထုတ်လုပ်မှုကိုနှစ်စဉ်ထုတ်လုပ်ရမည့် ပမာဏထက်လျှော့နည်း၍ လည်းကောင်း ထုတ်လုပ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ သစ်တောသယံဇာတအပေါ် မှီခိုမှုနှင့် လိုအပ်မှုများလျော့နည်းလာသည်နှင့်အမျှ ထုတ်လုပ်သည့် ကဏ္ဍသည်လည်း တဖြည်းဖြည်းလျော့နည်း ရပ်ဆိုင်းလာမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီက တင်သွင်းသည့်အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း အသိပေးတင်ပြသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုဆုံးဖြတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးကျော်ကျော်၏ **"ရခိုင် ရေထွက်သယံဇာတတစ်ခုဖြစ်သည့် သဘာဝကျောက်ပုစွန်များ ရှားပါးလာမှုကြောင့် ကျောက်ပုစွန် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ပြည်ထောင်စုအစိုးရမှ နည်းပညာနှင့် အရင်းအနှီး စိုက်ထုတ်ပေး၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးက ကျောက်ပုစွန်များသည် ပင်လယ်ပြင် ဒီရေအကျဆုံးနေရာတွင် မီတာ ၅၀ အနက် သန္တာကျောက်တန်း၊ သန္တာကျောက်ဆောင်များအကြား အပူချိန် ၁၈ ဒီဂရီစင်တီဂရိတ်မှ ၂၂ ဒီဂရီစင်တီဂရိတ်၊ အငန်နှုန်း ၂၈ ပီပီတီမှ ၃၄ ပီပီတီနှင့် ချဉ်ဖန်နှုန်း ၇ ဒသမ ၈ မှ ၈ ဒသမ ၂ အတွင်းရှိသည့် နေရာများတွင် နေထိုင်ကျက်စား ပေါက်ပွားကြီးပြင်းလေ့ရှိပါကြောင်း။

ကျောက်ပုစွန်များအား သားဖောက်ရန်နှင့် ၎င်းတို့၏နေထိုင်မှုအရ မွေးမြူရန် အခက်အခဲရှိသဖြင့် သားဖောက်ရန် သားလောင်းဖွံ့ဖြိုးမှု အချိန်အလွန်ကြာမြင့်ပြီး သားလောင်းအရွယ်တွင် စားနိုင်မည့်အစာ အမျိုးအစား၊ သားလောင်းအရွယ်၏ အစာတွင် အာဟာရဓာတ်ပါဝင်မှုနှင့် ပမာဏကို သုတေသနပြုလုပ်ဆဲ အဆင့်တွင်ရှိပါကြောင်း၊ ကျောက်ပုစွန်များ၏ သဘာဝနေထိုင်မှုအခြေအနေနှင့်ကိုက်ညီစွာ စီးပွားဖြစ် မွေးမြူရေးဖန်တီးဆောင်ရွက်ရန် နည်းပညာလိုအပ်သည့်အတွက် မျိုးထိန်းသိမ်းခြင်းလုပ်ငန်းကိုသာ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

သဘာဝ ကျောက်ပုစွန်များ မျိုးပြုန်းတီးမှုမရှိစေရန်နှင့် စဉ်ဆက်မပြတ် ထုတ်ယူစားသုံးနိုင်ရန်အတွက် ကျောက်ပုစွန်များ ပေါက်ပွားကြီးရာနေရာဖြစ်သည့် ဒီရေအကျဆုံးနေရာမှ မီတာ ၅၀ ရေအနက်အကြား သန္တာကျောက်တန်း၊ ကျောက်ဆောင်များကြား နေရာများအား ငါးလုပ်ငန်းဦးစီးဌာနနှင့် လုပ်ငန်းရှင်များ၊ ရေလုပ်သားများ ပူးပေါင်းကာကွယ်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ အရွယ်သေးငယ်သော ၁၅၀ ဂရမ်အောက် ကျောက်ပုစွန်များအား ဖမ်းဆီးခြင်းမပြုရန်နှင့် သယ်ယူတင်ပို့ခြင်းမပြုလုပ်ရန် တားမြစ်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အချို့သော ရေလုပ်သားများနှင့် ရေလုပ်ငန်းရှင်များမှာ ဖမ်းဆီး

ဒုတိယဝန်ကြီး ဒေါက်တာ အောင်မြတ်ဦး ဖြေကြားစဉ်။ (သတင်းစဉ်)

သယ်ယူတင်ပို့မှုရှိသဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ သတိပေးခြင်းနှင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း၊ အရွယ်သေးငယ်သော ၁၅၀ ဂရမ်အောက် ကျောက်ပုစွန်များကို ဖမ်းဆီးခြင်း၊ သယ်ယူတင်ပို့ခြင်းမပြုရန် ရေလုပ်သားများနှင့် လုပ်ငန်းရှင်များအား စည်းရုံးဆောင်ရွက်ခြင်း၊ ကျောက်ပုစွန်များ၏ မိတ်လိုက်ပေါက်ပွားသည့်ရာသီဖြစ်သည့် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ၃ လတာကာလအား မဖမ်းဆီးရ ရာသီတားမြစ်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရေလုပ်သားများ၊ လုပ်ငန်းရှင်များ ပူးပေါင်းပြီး အဆိပ်ချ၊ မိုင်းခွဲငါးဖမ်းသူများအား စိစစ်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကျောက်ပုစွန် မွေးမြူရေးလုပ်ငန်းကို ၎င်းတို့၏သဘာဝနေထိုင်မှု အခြေအနေနှင့် ကိုက်ညီအောင်ဆောင်ရွက်နိုင်သည့် နည်းပညာအခက်အခဲကြောင့် မွေးမြူနိုင်မှု မရှိသေးပါကြောင်း၊ လက်ရှိအနေဖြင့် FAO စာတမ်းများအရ ဗီယက်နမ်နိုင်ငံတွင် ကျောက်ပုစွန် သားပေါက်များအား သဘာဝမှ ဖမ်းယူပြီး အဆင့်မြင့်နည်းပညာများနှင့် စတီးလှောင်အိမ်များ ပြုလုပ်ကာ မွေးမြူလျက်ရှိပါကြောင်း။

ထို့ကြောင့် ဦးစီးဌာနအနေဖြင့် ကျောက်ပုစွန်များအား တားမြစ်ကာလ၊ တားမြစ်အရွယ်အစား၊ သတ်မှတ်ကန့်သတ်ချက်ဖြင့် မျိုးထိန်းသိမ်းဆောင်ရွက်ခြင်း၊ ကျောက်ပုစွန်ရှာဖွေဖမ်းဆီးသူများနှင့် အဝယ်ဒိုင်လုပ်ငန်းရှင်များအား မျိုးထိန်းသိမ်းရေးအတွက် ကန့်သတ် တားမြစ်ချက်များအား လိုက်နာဆောင်ရွက်စေရေး ပညာပေးစည်းရုံးခြင်း၊ ငွေကြေးလိုအပ်ချက်များအား အစုအဖွဲ့အလိုက် ထုတ်ချေးပေးခြင်းများအား လက်ရှိဆောင်ရွက်

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကျော်ကျော် မေးမြန်းစဉ်။ (သတင်းစဉ်)

လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ကော်မတီဝင် ဦးကျော်ကျော်က ဖတ်ကြားတင်သွင်းသည်။

အဆိုပါဥပဒေကြမ်းနှင့်ပတ်သက်၍ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏အဆုံးအဖြတ်ကိုရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က လက်ရှိဥပဒေသည် ၁၉၉၂ ခုနှစ်က ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ခေတ်ကာလအခြေအနေနှင့် မကိုက်ညီတော့ပါသဖြင့် **အမျိုးသား ဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**အား အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းရာ လွှတ်တော်က ယင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အစီရင်ခံစာအပေါ် ထောက်ခံဆွေးနွေးခဲ့ကြရာ ယင်းအစီရင်ခံစာကို လွှတ်တော်က အတည်ပြုခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းနှင့်အဖွဲ့အား ညွှဲအဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းနှင့်အဖွဲ့အား CITI (Corporate and Investment Banking) အဖွဲ့သည် ယမန်နေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ကော်မတီအဆောင် (I-1)၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဘဏ်နှင့်ငွေကြေးဆိုင်ရာကိစ္စရပ်များ၊ ချေးငွေဆိုင်ရာကိစ္စရပ်များ၊ အာဆီယံနိုင်ငံများနှင့် အခြားဖွံ့ဖြိုးဆဲနိုင်ငံများဆိုင်ရာ အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်စန်းလှိုင်၊ ဦးဘထီး၊ ဦးအေး၊ ဦးဘငွေးနှင့် ဦးထွန်းအောင်ခိုင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် (၁၈၁) တွင် ပါတီရုံးချုပ်တည်ရှိသော မွန်ဒီမိုကရေစီပါတီ (Mon Democratic Party) သည် ၎င်းတို့၏ ပါတီအမည်အား မွန်အမျိုးသားပါတီ (Mon National Party) ဟု အမည်ပြောင်းလဲခွင့်ပြုပါရန် ၁၀-၂-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် မွန်အမျိုးသားပါတီ (Mon National Party) ဟူသည့် အမည်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ၇ ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်တွင်းသတင်း

မြန်မာ-လာအို နှစ်နိုင်ငံတပ်မတော်များအကြား ချစ်ခင်ရင်းနှီးမှု ပိုမိုတည်ဆောက်လို

နေပြည်တော် ဖေဖော်ဝါရီ ၁၄

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant General Douangchay PHICHITH က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဗီယင်ကျန်းမြို့ရှိ ကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး Lieutenant General Douangchay PHICHITH တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (မြဝတီ)

အလေးပြုခြင်းခံယူ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးတို့သည် လာအိုပြည်သူ့တပ်မတော် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေး ဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးက ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန အခန်းအမှတ် ၂၂၂ တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့အား တွေ့ဆုံနှုတ်ဆက်၍ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လာအို-မြန်မာနှစ်နိုင်ငံသည် သမိုင်းအစဉ်အလာအရ နိုင်ငံတော်အစိုးရချင်း ချစ်ကြည်ရင်းနှီးသည့်အပြင် တပ်မတော်အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးမှု အပြည့်အဝရှိပြီး သံတမန်ဆက်ဆံရေး၊ အိမ်နီးချင်းဆက်ဆံရေးတို့နှင့် ပြည့်စုံပါကြောင်း၊ မိမိယခုချစ်ကြည်ရေးခရီး လာရောက်ခြင်းသည်လည်း နှစ်နိုင်ငံတပ်မတော်များအကြား ချစ်ခင်ရင်းနှီးမှု ပိုမိုတည်ဆောက်လို၍ လာရောက်ခြင်းဖြစ်ပါကြောင်း။

ဆက်လက်ပြီး မြန်မာ-လာအိုချစ်ကြည်ရေး တံတားသည်လည်း ၅၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး ၂၀၁၅ ခုနှစ် မတ်လတွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ပါကြောင်း၊ တံတားပြီးစီးသွားပါက နှစ်နိုင်ငံကုန်သွယ်မှုနှင့် သွားလာမှုများ ယခုထက်ပိုမိုကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ သို့သော် ထိုကုန်သွယ်မှုကို အနှောင့်အယှက်ဖြစ်စေမည့် နှစ်နိုင်ငံနယ်စပ်ဒေသရှိ တရားမဝင်လက်နက်ကိုင်အဖွဲ့အစည်းများကို မိမိတို့နှစ်နိုင်ငံ၏ အကျိုးစီးပွားကိုရှေးရှုပြီး ပူးပေါင်းနှိမ်နင်းသွားရမှာဖြစ်ကြောင်း၊ နှစ်နိုင်ငံ တပ်မတော်ခေါင်းဆောင်များ အဆင့်လိုက် အပြန်အလှန်လည်ပတ်ခြင်းအားဖြင့် ယခုထက်ပိုမိုသော ချစ်ခင်ရင်းနှီးမှုကို တည်ဆောက်လိုပါကြောင်း၊ နှစ်နိုင်ငံတပ်မတော်များအကြား ဘာသာစကားသင်တန်းများ တက်ရောက်နိုင်ရေး သင်တန်းသားများ အပြန်အလှန် စေလွှတ်သင်ကြားစေလိုပါကြောင်း၊ မဲခေါင်မြစ်ပေါ်ရှိ တရားမဝင်ဆိပ်ကမ်းတွင် တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းများနှင့် လူမှောင်ခိုကူးခြင်းများ လုပ်ဆောင်နေသောကြောင့် ရေရှည်တွင် နှစ်နိုင်ငံလုံခြုံရေးကို ထိခိုက်လာနိုင်သဖြင့် ထိန်းသိမ်းပေးစေလိုပါကြောင်း၊ မူးယစ်ဆေးဝါးအဓိကရောင်းဝယ်သူ တရားခံနော်ခမ်းအား ဖမ်းဆီးနိုင်ခဲ့ပြီးဖြစ်၍ ယခုအခါ မဲခေါင် မြစ်ကြောင်းသည်လည်း အတိုင်းအတာတစ်ခုအထိ လုံခြုံသွားပြီဖြစ်ပါကြောင်း၊ လုံခြုံရေးအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သဘောတူထားခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးရုံးများ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လိုပါကြောင်း။

ဆွေးနွေးပြောကြား

မိမိတို့နှစ်နိုင်ငံ၏ နယ်စပ်ဒေသများတွင် ဘိန်းစိုက်ပျိုးမှု တိုးတက်လာနေကြောင်း၊ UNODC ၏ စွပ်စွဲပြောဆိုမှုများအား နှစ်နိုင်ငံပူးပေါင်း၍ နည်းလမ်းမျိုးစုံဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်မှုများ ပြုလုပ်ကာ သက်သေပြ ကာကွယ်ပြောဆိုသွားရမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုနည်းသော နိုင်ငံများတွင် ပါဝင်နေသောကြောင့် ၄င်းကိုနှစ်နိုင်ငံစီးပွားရေးအရှိန်ပိုမိုမြှင့်တင်လုပ်ဆောင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် သဘာဝသစ်တောများပိုင်ဆိုင်ထားသော နိုင်ငံများဖြစ်သည်နှင့်အညီ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုမရှိအောင် ကာကွယ်စောင့်ရှောက်ရမည့်အပြင် မရွှေ့ပြောင်းနိုင်သော ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးစနစ်ကို အကောင်အထည်ဖော်သင့်ပါကြောင်း၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များတွင်လည်း နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားရာတွင် နယ်စပ်ဒေသ ပြဿနာရပ်များကိုလည်း မိမိတို့လာအိုတပ်မတော်အနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအပြန်အလှန်သင်တန်းများ စေလွှတ်နိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် နှစ်နိုင်ငံတပ်မတော်များအကြား ယခုထက်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ့တပ်မတော်မှ လှူဒါန်းသည့် ဆေးဝါးများနှင့်လက်ဆောင်များကို ပေးအပ်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေး ဝန်ကြီးက လက်ခံသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် အညတရ စစ်သည်ဗိမာန်သို့သွားရောက်ပြီး ပန်းခွေချအလေးပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့်ဆုပေးပွဲကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တတိယအကြိမ်မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် ညနေပိုင်းတွင် ရွှေကြာပင်ရပ်ကွက် အောင်ရတနာ ကျောင်းတိုက်အနီး မိုးကောင်းဘုရားဥပစာရှိ မြေကွက်လပ်၌ ကျင်းပရာ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့မှ ပြိုင်ပွဲဝင်အသင်းစုစုပေါင်း ၁၉ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သော ထမနဲထိုးပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့်တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးလိုသည့် ဧည့်ပရိသတ်များ၊ ပြိုင်ပွဲအကဲဖြတ်အဖွဲ့ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသည့် စင်္ကာပူနိုင်ငံမှ အထူးကုဆရာဝန်အဖွဲ့နှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ထမနဲထိုးပြိုင်ပွဲအခမ်းအနားကို စတင်ဖွင့်လှစ်ရာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြိုင်ပွဲဝင်အသင်းများ၏ အားကြိုးမာန်တက် အပြိုင်ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးပြီး **(ယာပုံ)**ဧည့်ပရိသတ်များကလည်း ရှမ်းအိုးစည်၊ အိုးစည်၊ ဒိုးပတ်၊ ကျွဲအကနှင့် ရိုးရာအကများဖြင့် တပျော်တပါး တီးမှုတ်သီဆို ကခုန်အားပေးကြသည်။

ယင်းနောက် ပြိုင်ပွဲကို အစီအစဉ်အလိုက် ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများက ရေကုန်ရေခန်း အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲများကို အသီးသီး စမ်းသပ်စစ်ဆေးသုံးဆောင်ကြကာ အကဲဖြတ် အမှတ်ပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ဆင်နွှဲခဲ့ကြသည့် ထမနဲများကို ပြိုင်ပွဲသို့လာရောက်အားပေးကြသည့် ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးရာ လူကြီး၊ ကလေး ဧည့်ပရိသတ်များက လက်ရည်တစ်ပြင်တည်း စုစည်းဝိုင်းဖွဲ့မြိန်ရှက်စွာ အားပေးသုံးဆောင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသည့် အသင်းအမှတ် (၁၈) ပြည်ခိုင်ဖြိုးပါတီအသင်း၊ ဒုတိယဆုရရှိသည့် အသင်း အမှတ်(၃) ရွှေကြာပင်(က) အသင်းနှင့် တတိယဆုရရှိသည့် အသင်းအမှတ် (၈)၊ အောင်ဇမ္ဗူပြန်ကပြေး(ခ) အသင်းတို့အား ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဆုများချီးမြှင့်ပေးအပ်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် နှစ်သိမ့်ဆုများနှင့် အထူးဆုများကို ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် နေပြည်တော်ကောင်စီဝင်များက အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဇမ္ဗူသီရိမြို့နယ် တတိယအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ကြသည့် ရပ်မိ၊ ရပ်ဖများနှင့် ဒေသခံပြည်သူများအား ထမနဲများဖြင့် ဧည့်ခံကျွေးမွေးပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အငြိမ့်၊ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

● ကျောဖုံးမှ

ယင်း မီးလောင်ဆုံးရှုံးမှုအပေါ် ဈေးဆိုင်ခန်းရှင်များ မူလအတိုင်း ပြန်လည်ရောင်းချနိုင်ရေးအတွက် တောင်ငူမြို့ မြို့မဈေးကြီး ပြန်လည်ထူထောင်ရေးအဖွဲ့ ဖွဲ့စည်းပြီး မီးလောင်ပြင် ရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ရန်ရှိသည်။

ဈေးဆိုင်ခန်းရှင်များ ယာယီဈေးပြန်လည်ရောင်းချနိုင်ရန် ယာယီဆိုင်ခန်းများ ဆောက်လုပ်ခြင်းကို တောင်ငူမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဘောလုံးကွင်းကို ယာယီသတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ မီးဘေးလုံ့ဆော်ရေးလုပ်ငန်းများကိုလည်း ရပ်ကွက်အသီးသီးတွင် နှိုးဆော်လျက်ရှိကြောင်း သိရသည်။

တောင်ငူမြို့မ ဈေးကြီးသည် ၁၉၂၁ ခုနှစ်မှစတင်တည်ဆောက်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် တစ်ကြိမ် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ဖူးသည်။ ယင်းမီးလောင်ကျွမ်းမှုကြောင့် ဈေးရုံ ၂၀ ဆုံးရှုံးခဲ့ပြီး အသစ်ပြန်လည်တည်ဆောက်ခဲ့ရသည်။

ထို့နောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၄ရက်က တောင်ငူမြို့ ကုန်သည်ကြီးလမ်းရှိ ဆိုင်ခန်းနှင့်တွဲလျက် လူနေအိမ်လေးလုံး မီးလောင်ခဲ့ရာ သိန်းပေါင်းများစွာ ဆုံးရှုံးခဲ့သည်။

သတင်းဆောင်းပါး

တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေး

အောင်ကျော်ညို
(ဆင်ချဆိပ်)

မိမိတို့နိုင်ငံသည် နိုင်ငံရေး၊ လူမှုစီးပွားရေး၊ အုပ်ချုပ်ရေးနှင့်ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ပြောင်းလဲမှုလုပ်ငန်းစဉ်ကြီး (၄) ရပ်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း အရှိန်အဟုန်မြှင့်တင် ဟန်ချက်ညီညီဆောင်ရွက်လျက်ရှိနေသည်။ တောင်ပေါ်မြေပြန့်မခွဲခြား အားလုံးတစ်ပြေးညီစေရေး အားကြိုးမာန်တက်ရှိနေချိန် တချို့သောဒေသများတွင် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှု အားနည်းနှောင့်နှေးကြန့်ကြာရှိနေရဆဲဖြစ်ပါသည်။ တစ်နေရာနှင့်တစ်နေရာ ဖြစ်စဉ်ဖြစ်ရပ်ပုံစံချင်းမတူကွဲပြားငြားလည်း တူညီသည့်အဓိကအချက်မှာ တရားဥပဒေစိုးမိုးရေးပင်ဖြစ်ပါသည်။

ထိုထိုသော ဒေသတချို့တွင် တစ်ခုအပါအဝင်ဖြစ်သည့် ရခိုင်ပြည်နယ်ဆိုပါလျှင် မြေသယံဇာတ၊ ရေသယံဇာတများ ပြည့်စုံကြွယ်ဝနေသည့်အပြင် စီးပွားရေးမဟာဗျူဟာကျသည့် တန်ဖိုးမဖြတ်နိုင်သော ပထဝီအနေအထားကို ပိုင်ဆိုင်ထားသည်ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတက ပကတိအခြေအနေကို ထောက်ပြခဲ့သလို တစ်ဖက်တွင်လည်း ယခုကဲ့သို့ တရားဥပဒေစိုးမိုးမှုအားနည်းနေပါက ထိုထိုသော ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများသည်လည်း နှောင့်နှေးကြန့်ကြာ ဆုတ်ယုတ်ပျက်ပြယ်အချည်းအနှီးဖြစ်သွားနိုင်ပါကြောင်း သတိပေးစကားပြောကြားခဲ့သည်ကို အမှတ်ရနေမိပါသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏အနောက်ဘက်တံခါးဝမှာ တည်ရှိနေပြီး အနောက်နိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသများနှင့် အာဆီယံနိုင်ငံများ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၏ ကူးသန်းရောင်းဝယ်ရေး ဗဟိုချက်နေရာ၊ တစ်နည်းအားဖြင့် အရှေ့အနောက် ကမ္ဘာ့နိုင်ငံကြီးများ၏ စကြံ၊ ကူးသန်းရောင်းဝယ်ရေးဗဟိုချက်ဖြစ်လာသည့်အတွက် တရုတ်၊ အိန္ဒိယနိုင်ငံကြီးများ အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ စီးဆင်းလာပြီး ဒေသစီးပွားရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်လာမည့်အခြေအနေကောင်းများကို ပိုင်ဆိုင်လျက်ရှိနေပြီ။ လက်ရှိတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း စစ်တွေလွှင့်ပြင်ဖွံ့ဖြိုးရေးကို ကုလားတန်မြစ်ဝှမ်းစီမံကိန်းဖြင့် အိန္ဒိယနိုင်ငံက ပံ့ပိုးပေးလျက်ရှိနေသလို ပြည်နယ်တောင်ပိုင်း ကျောက်ဖြူဇုန်နယ်မြေ ဖွံ့ဖြိုးရေးကိုလည်း တရုတ်နိုင်ငံက တစ်နည်းတစ်ဖုံ စီမံဆောင်ရွက်ပေးနေပါသည်။

နှစ်ဦးနှစ်ဖက် အကျိုးများအောင် အကျိုးတူပူးပေါင်းဆောင်ရွက်ကြရာတွင် ပြည်သူလူထု၏ သဘောထားကို အခြေခံသည့်နည်းလမ်း၊ သက်ဆိုင်သည့် မိတ်ဖက်အဖွဲ့ပေါင်းစုံနှင့်ဆွေးနွေးတိုင်ပင်သည့်နည်းလမ်း၊ ပွင့်လင်းမြင်သာသည့်နည်းလမ်း၊ တာဝန်ခံနိုင်သည့်နည်းလမ်းများကိုသုံးကာ ၂၀၁၄ ခုနှစ် မြန်မာ့အထူးစီးပွားရေးဇုန်ဥပဒေနှင့်အညီ စီမံဆောင်ရွက်ပေးလျက်ရှိနေရာ မကြာမီမှာ စစ်တွေဆိပ်ကမ်းနှင့်ကျောက်ဖြူဆိပ်ကမ်းတို့သည် နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းကြီးများအဖြစ် ပေါ်ထွန်းလာပါတော့မည်။ ရခိုင်ပြည်နယ် လျှပ်စစ်မီး လုံလုံလောက်လောက်ရရှိစေနိုင်ရေးကိုလည်း China Three Gorges Corporation က လေအားလျှပ်စစ်ထုတ်ယူနိုင်သော စီမံကိန်းနေရာ ၁၀ ခုကို တိုင်းတာလေ့လာမှုများ ပြုလုပ်လျက်ရှိနေပြီဖြစ်ပါသည်။

တစ်ချိန်က ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုသည် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခု၏ အဆင့် ၁၃ နေရာတွင် ရောက်နေခဲ့သည်။ ပြည်မနှင့်ဆက်သွယ်သွားလာရေးတွင်လည်း စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ရန်ကုန်လေယာဉ် ခရီးစဉ်နှင့်စစ်တွေ၊ ပေါက်တော၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ တောင်ကုတ် ရေလမ်းခရီး၊ ထိုမှတစ်ဆင့် ရန်ကုန်သို့ရိုးမကိုဖြတ်သန်းကာ ကားလမ်းခရီး ဆက်ကြရသည်။ အန္တရာယ်ကြားမှာ ခရီးရှည်ကြာ အချိန်ကုန်လူပန်းဖြစ်ခဲ့ကြရပါသည်။

မြစ်ချောင်းအင်းအိုင်ပေါများသည့် ရခိုင်ဒေသတွင် စစ်တွေ-ရန်ကုန်ကားလမ်း၊ ရထားလမ်းများဟူသည် အိပ်မက်တောင် မမက်ရဲသော အခြေအနေမှာရှိနေခဲ့သည်။ ယခု မယုံနိုင်စရာ အိပ်မက်လမ်း၊ အိပ်မက်တံတား (ဂစ္ဆပနဒီတံတား၊ ရာမောင်တံတား)များသည် လက်တွေ့မှာအကောင်အထည်ပေါ် မျက်ဝါးထင်ထင်မြင်တွေ့လာနေရပါပြီ။ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံနှင့်အမ်းမြို့ကိုဖြတ်ကာ မကွေးတိုင်းဒေသကြီး မင်းဘူးမှတစ်ဆင့် ရန်ကုန်အထိခရီးရှည်ကို တစ်ညအိပ်နှင့် သက်သောင့်သက်သာသွားလာနိုင်ကြပါပြီ။ မီးရထားဆိုသည် ရုပ်ရှင်မှာသာ

ဒုတိယသမ္မတ ဦးညဏ်ထွန်း ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိစဉ် ဌာနဆိုင်ရာများက တင်ပြစဉ်။

မြင်ဖူးခဲ့ကြသည်။ ယခု စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ယိုးတရုပ် ကျောက်တော်ခရီး ရထားစီးလျက် သွားလာမပျက်ရှိနေကြပြီ။ ယိုးတရုပ်ရွာသည် တစ်ချိန်က အနက်ရောင်နယ်မြေ၊ ဘဲငါးရောင်တောင်ခြေမှာ ဇနပုဒ်အရပ်။ ယခုပွင့်လင်းလူ့အဖွဲ့အစည်းနှင့်အတူ တောကြိုတောင်ကြားမကျန် ပွင့်လင်းမြင်သာ ဖွံ့ဖြိုးမှုရှိလာနေပြီ။ ဒေသဖွံ့ဖြိုးမှုကို ပြည်သူတစ်ရပ်လုံး အကျိုးခံစားလာနေရခြင်း၊ ရခိုင်ပြည်နယ်သည် နေ့ချင်းညချင်း ဖွံ့ဖြိုးတိုးတက်အရှိန်အဟုန်ဖြင့် မရပ်မနားရှိလာနေပါပြီ။

သို့သော် အရာရာသည် ခြောက်ပြစ်ကင်းသဲလဲစင် စင်းလုံးချော ဖြောင့်ဖြူးသာယာသည်ဟူ၍မရှိ၊ "အကောင်းစံဖို့ အဆိုးရှေ့ကခံ" ဆိုသလို လက်တွေ့မှာ အဟန့်အတားများနှင့်ကြုံတွေ့နေရသည်။ ဖြစ်ရပ်တိုင်းမှာ လျှို့ဝှက်ဖုံးကွယ်မရနိုင်သည့် အမှန်တရားဟူသည်ရှိစမြဲ၊ ရှာဖွေလေတွေ့ရှိလေ တစ်နေ့တွေ့လာမည် အမှန်ပင်ဖြစ်ပါသည်။ လောလောဆယ် ကိုယ့်ရပ်ကိုယ့်မြေမှာ စိတ်ရှည်ရှည် စေတနာမှန်နှင့် မှန်မှန်ကန်ကန်ရပ်တည်၊ မတ်နေနိုင်ဖို့သာ အထူးအရေးကြီးပါသည်။ စေတနာမှန်လျှင် ကံကောင်းစမြဲဖြစ်ပါသည်။ "ဖားလားငါးလား" အမှားအမှန်ကို အချိန်ကအဆုံးအဖြတ်ပြု ရှင်းလင်းပေးသွားပါလိမ့်မည်။ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးရေးနှင့် တသီးတခြားခွဲထား၍ မရစကောင်းပါ။ ဒေသ၏ တရားဥပဒေစိုးမိုးရေးနှင့်ဖွံ့ဖြိုးရေးသည် ဒင်္ဂါးတစ်ပြား၏ ခေါင်းနှင့်ပန်းပမာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အမှီသဟဲပြုဘက်၊ အကျိုးပြုဘက်လည်းဖြစ်ပါသည်။ ရေရှည်တွင် နိုင်ငံတော်နှင့်ဒေသဖွံ့ဖြိုးမှုကို တရားဥပဒေစိုးမိုးရေး ခေါင်းစဉ်အောက်မှာ အားလုံးလက်တွဲညီညာ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြရမည်သာ။ ဤသည်မှာ ရှောင်လွှဲမရသည့် အမျိုးသားရေး တာဝန်တစ်ရပ်ပင် ဖြစ်ပါကြောင်း။ ။

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုချီးရားတန်းကျေးရွာ အဖြစ်အပျက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်(၂/၂၀၁၄)

၁။ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဒုချီးရားတန်းကျေးရွာ အဖြစ်အပျက်နှင့် ပတ်သက်၍ ဖြစ်ပေါ်ခဲ့သည့် သတင်းများကို စုံစမ်းရန်အလို့ငှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်သုံးဦးပါကော်မရှင်အဖွဲ့သည် ၃၀-၁-၂၀၁၄ ရက်နေ့မှ ၃-၂-၂၀၁၄ ရက်နေ့အထိ စစ်တွေ၊ မောင်တောမြို့နယ်များသို့ သွားရောက်ခဲ့ပြီး ဒုချီးရားတန်းကျေးရွာအုပ်စုသို့လည်း သွားရောက်ကာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခဲ့ပါသည်။

၂။ အဆိုပါခရီးစဉ်အတွင်း ကော်မရှင်အဖွဲ့သည်-

(က) ဇန်နဝါရီလ ၉ ရက်နေ့တွင် ဘင်္ဂါလီရှစ်ဦးအား ရခိုင်တိုင်းရင်းသားများက သတ်ဖြတ်ခဲ့သည်ဆိုသောသတင်း

(ခ) ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ရဲတပ်ဖွဲ့လှည့်ကင်းအား ဒုချီးရားတန်း အလယ်ရွာမှ ဘင်္ဂါလီများက အကြမ်းဖက်တိုက်ခိုက်မှုနှင့်ဆက်စပ်၍ ရဲတပ်ဖွဲ့မှ ပစ်ခတ်သတ်ဖြတ်သဖြင့် ဘင်္ဂါလီ ၄၀ ဦးသေဆုံးသည်ဆိုသောသတင်းနှင့်

(ဂ) အထက်ပါပစ်ခတ်မှုများကြောင့် ဒဏ်ရာရလူနာ ၂၂ ဦးအား MSF (Medicines Sans Frontiers) အဖွဲ့မှ ဆေးကုသပေးခဲ့ရသည်ဆိုသော အင်တာနက်သတင်းတို့နှင့်ပတ်သက်၍ အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်-

- ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးအချို့နှင့် ၃၀-၁-၂၀၁၄ ရက်နေ့နှင့် ၃-၂-၂၀၁၄ ရက်နေ့များတွင်တွေ့ဆုံဆွေးနွေးခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများထံမှ ထွက်ဆိုချက်များရယူခြင်း၊
- ရဲအရာရှိကြီးသုံးဦးနှင့် ခရိုင်အုပ်ချုပ်ရေးမှူး အပါအဝင် တာဝန်ရှိသူများ၊ ကင်းချောင်းအုပ်ချုပ်ရေးမှူးနှင့်ရွာသားအချို့၊ မောင်တောရဲစခန်းတွင် စစ်ဆေးလျက်ရှိသော အချုပ်သားလေးဦးအား စစ်ဆေးမေးမြန်း၍ ထွက်ဆိုချက်များ ရယူခြင်း၊
- ဒုချီးရားတန်းကျေးရွာနှင့်အနီးတစ်ဝိုက်ရှိ ဘင်္ဂါလီရွာများမှ အမျိုးသား၊ အမျိုးသမီးများအား မေးမြန်းခြင်း၊ စစ်ဆေး၍ ထွက်ဆိုချက်များရယူခြင်း၊
- ဒုချီးရားတန်းအလယ်ရွာ မူလတန်းကျောင်းတွင် ဒုချီးရားတန်းကျေးရွာမှ ကျေးရွာလူကြီးများနှင့် ဘာသာရေးခေါင်းဆောင် ၂၀ ခန့်နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဘင်္ဂါလီရှစ်ဦးနှင့် ၄၀ ခန့်အား သတ်ဖြတ်ခဲ့သည်ဆိုသော သတင်းကို စိစစ်ခြင်း၊
- ဒုချီးရားတန်းကျေးရွာမှ အမျိုးသမီး ၂၀၀ ကျော်အား တွေ့ဆုံကာ ဒုချီးရားတန်းဖြစ်စဉ်နှင့်ပတ်သက်၍ ၄င်းတို့ တိုင်ကြားချက်များကို လက်ခံရယူခြင်း၊ အချို့ထံမှထွက်ချက်များရယူခြင်း၊
- UNHCR, UNOCHA နှင့် MSF အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သတင်းများစိစစ်ခြင်း၊
- မောင်တောမြို့နယ်ရှိ ရခိုင်တိုင်းရင်းသား ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊
- မောင်တောမြို့နယ်ရှိ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊
- အကြမ်းဖက်မှုဖြစ်ပွားခဲ့သော ၂၈-၁-၂၀၁၄ ရက်နေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့သည့် ဒုချီးရားတန်းအနောက်ရွာ အပါအဝင် ဒုချီးရားတန်း ကျေးရွာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊
- ခရေမြိုင်ကျေးရွာသင်္ချိုင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း၊

၃။ အထက်ဖော်ပြပါဆောင်ရွက်ချက်များမှ ကော်မရှင်အဖွဲ့၏တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဇန်နဝါရီလ ၉ ရက်နေ့တွင် ဘင်္ဂါလီရှစ်ဦး အသတ်ခံရသည့် သတင်းမှာ ရခိုင်တိုင်းရင်းသားများ နေထိုင်သည့် ခရေမြိုင်ရွာနှင့် ကင်းချောင်းရွာတို့တွင် မြေပြင်သတင်းများမဖြစ်ပေါ်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သို့ရာတွင် ကောလာဟလအဖြစ် အရပ်သတင်းဖြစ်နေသည်ကို တွေ့ရပါသည်။

(ခ) ဘင်္ဂါလီရှစ်ဦးအား ခရေမြိုင်သင်္ချိုင်းတွင် မြှုပ်ထားသည်ကို ထင်းခုတ်သမားတစ်ဦးက တွေ့မြင်ခဲ့သည်ဟူသောသတင်းသည် ဒုချီးရားတန်းဘင်္ဂါလီရွာများတွင် ဖြစ်ပေါ်ခဲ့သော်လည်း ဤသတင်းကို အတည်ပြုနိုင်သော အထောက်အထားများ မတွေ့ရှိရပါ။

(ဂ) ရခိုင်တိုင်းရင်းသားများအနေဖြင့်မူ ဤသတင်းအား အင်တာနက်သတင်းအဖြစ်သာ သိရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

(ဃ) ဤသတင်းများကို ဒုချီးရားတန်းရွာမှ ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံရာတွင်လည်းကောင်း၊ ဒုချီးရားတန်းရွာမှ အမျိုးသမီး ၂၀၀ ကျော်နှင့်တွေ့ဆုံရာတွင်လည်းကောင်း မည်သူကမျှတင်ပြခြင်း၊ ထွက်ဆိုခြင်းများ မရှိကြောင်း တွေ့ရှိရပါသည်။

(င) ဘင်္ဂါလီရှစ်ဦးအား သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲထားသည့် သတင်းအမျိုးမျိုးသည် အတည်ပြု၍ မရသည်ကိုတွေ့ရပါသည်။

(စ) ဇန်နဝါရီလ ၁၃ ရက်နေ့ ဒုချီးရားတန်း(အလယ်ရွာ)ဖြစ်စဉ်ဖြစ်ပွားပြီး ယင်းညတွင် တပ်နှင့်ရဲတပ်ဖွဲ့တို့မှဒုချီးရားတန်းရွာတွင်းသို့ ဝင်ရောက်၍ ရဲတပ်ကြပ်ကြီးအောင်ကျော်သိန်းအား ရှာဖွေခဲ့ကြောင်း သိရပါသည်။

(ဆ) ဒုချီးရားတန်းဘင်္ဂါလီရွာများမှ ဘင်္ဂါလီ ၄၀ အသတ်ခံရသည်ဟူသော သတင်းနှင့် ပတ်သက်၍ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရဲအရာရှိကြီးများ၊ ရဲတပ်သားများ၊ သက်ဆိုင်ရာကျေးရွာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒုချီးရားတန်းရွာမှဘင်္ဂါလီရပ်မိရပ်ဖများနှင့်အမျိုးသမီးများထံမှကော်မရှင်အဖွဲ့က ထွက်ဆိုချက်များရယူခဲ့ရာတွင် အဆိုပါသတင်းများ မှန်ကန်ကြောင်း အတည်ပြုချက် မရရှိခဲ့ပါ။

(ဇ) ဘင်္ဂါလီဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့်အမျိုးသမီးများအား ၄င်းတို့၏အမြင်များကို ပွင့်လင်းစွာတင်ပြရန် မိမိတို့ကော်မရှင်က တိုက်တွန်းခဲ့သော်လည်း ထွက်ဆိုချက်များသည် အတည်ပြုနိုင်သော သတင်းအချက်အလက်တစ်စုံတစ်ရာမပါရှိကြောင်း တွေ့ရပါသည်။

(ဈ) ဘင်္ဂါလီရွာသားများ၏ ထွက်ဆိုချက်များတွင်လည်း ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း ဦးဆောင်သည့် ကင်းလှည့်အဖွဲ့အား ရွာသားများက အကြမ်းဖက်သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာမျှ ထွက်ဆိုခြင်းမရှိခဲ့သည်ကိုလည်း သတိပြုမိခဲ့ပါသည်။

(ည) ဘင်္ဂါလီများ သတ်ဖြတ်ခံရသည့်သတင်းကို ဖော်ပြရာတွင်လည်း ကွဲလွဲနေသည်ကို တွေ့ရပါသည်။ ဥပမာ-ဇန်နဝါရီလ ၁၃ ရက်နေ့ညတွင် ရဲများ ပစ်ခတ်မှုကြောင့် လူပေါင်း ၁၀၀ ကျော်သေဆုံးခဲ့သည်ဟူသော သတင်းများ ရှိခဲ့သကဲ့သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့လည်း အသတ်ခံရသူ ၅၂ ဦးစာရင်းပေးခဲ့သည်ဟူသော သတင်းမှားများ ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။ သို့သော် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ အသတ်ခံရသူ ၅၂ ဦးစာရင်းကို အမှန်တကယ်ပေးခဲ့ခြင်းမရှိပါ။

၄။ ကော်မရှင်အဖွဲ့သည် MSF အဖွဲ့ကို တွေ့ဆုံဆွေးနွေးရာတွင် MSF အဖွဲ့က သေနတ်ဒဏ်ရာရရှိသူ တစ်ဦး၊ ညှိမည်းဒဏ်ရာရရှိသူ လေးဦး၊ ပြတ်ရှဒဏ်ရာရရှိသူ ၁၀ ဦးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူ ခုနစ်ဦး စုစုပေါင်း ၂၂ ဦးအား ကုသပေးခဲ့သည်ဟု ဖြေကြားပါသည်။ သို့ရာတွင် ၄င်းအဖွဲ့အစည်းက လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းသဘာဝကြောင့် လူနာအမည်စာရင်းသည် အတွင်းရေးကိစ္စဖြစ်သဖြင့် လူနာအမည်စာရင်းပေးအပ်နိုင်ခြင်းမရှိကြောင်း ဖြေကြားပါသည်။ မေးမြန်းရာတွင် သေနတ်ဒဏ်ရာလူနာကိစ္စကိုမူ ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဦးစီးဌာနသို့ အသိပေးခဲ့ခြင်းမရှိကြောင်း၊ ယင်းလူနာအားဆေးရုံသို့ သွားရောက်ရန်သာ တိုက်တွန်းခဲ့ကြောင်းပြောကြားပါသည်။ သို့သော် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး၏စစ်ဆေးဖော်ထုတ်ချက်အရ MSF ဆေးခန်းတွင် ယင်းကဲ့သို့သော ဒဏ်ရာရရှိသူများအား ကုသပေးရခြင်းမရှိကြောင်း အဆိုပါဆေးခန်းမှ ဆရာဝန်နှစ်ဦးက ထွက်ဆိုခဲ့သည်ကိုလည်း သိရှိရပါသည်။

၅။ ကော်ရှင်အဖွဲ့၏ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက်များကို ၅-၂-၂၀၁၄ ရက်နေ့တွင် ကျန်ကော်မရှင်အဖွဲ့ဝင်များနှင့်ဆွေးနွေးပြီး အောက်ပါ သုံးသပ်ချက်နှင့် အကြံပြုချက်များ ရရှိခဲ့ကြပါသည်-

- ဘင်္ဂါလီရှစ်ဦးနှင့် ၄၀ ဦး အသတ်ခံရသည်ဟု စွပ်စွဲသည့် သတင်းကို ခိုင်မာသော မြေပြင်သတင်းမရှိသဖြင့် အတည်ပြု၍မရသော သတင်းများဟု သုံးသပ်ပါသည်။
- ဒုချီးရားတန်းဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူ အစိုးရဌာနအဖွဲ့အစည်းများအနေဖြင့် အခြေအနေမှန်ကို သတင်းထုတ်ပြန်ရန် နောက်ကျကြောင်း၊ ယင်းနောက်ကျမှုသည် ကောလာဟလနှင့် အခြေအမြစ်မရှိသည့် သတင်းများကို ဖြစ်စေခဲ့သည်ဟု သုံးသပ်ပါသည်။
- ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်းဦးစီးသည့် ရဲတပ်သားသုံးဦးသည် ဘင်္ဂါလီအုပ်စုက ဝိုင်း၍တိုက်ခိုက်ရန်လာသည့်အခါ အမိန့်အတိုင်း ခြောက်လှန့်ပစ်ခတ်ရန် ကြိုးပမ်းခဲ့သော်လည်း ကျည်မထွက်သဖြင့် အကြမ်းဖက်အုပ်စုအား တားဆီးနိုင်ခြင်းမရှိဘဲ အခြေအနေရှုပ်ထွေးသွားပြီး ရဲတပ်ကြပ်ကြီး ပျောက်ဆုံးသည်အထိ ဖြစ်သွားသည်ဟု သုံးသပ်ရပါသည်။ အလားတူအဖြစ်အပျက်များ နောင်မဖြစ်စေရေးအတွက် လိုအပ်သည့်အရေးယူဆောင်ရွက်မှုပြုရန် အကြံပြုအပ်ပါသည်။
- ၁၃-၁-၂၀၁၄ ရက်နေ့ညတွင် ဒုချီးရားတန်းအရှေ့နှင့်အလယ်ရွာများမှ ရွာသားများသည် ထွက်ပြေးတိမ်းရှောင်သွားမှုကြောင့် ရှုပ်ထွေးမှုဖြစ်ပွားလာချိန်တွင် ၄င်းတို့၏ပိုင်ဆိုင်မှုများ၊ ဆန်စပါးနှင့်ကျွဲ၊ နွားများလုယက်ခြင်းခံခဲ့ရသည်ဟု ယူဆရပါသည်။ အဆိုပါကျေးရွာနှစ်ရွာတွင် စားနပ်ရိက္ခာနှင့် အခြားအခြေခံလိုအပ်ချက်များရှိနေပါသဖြင့် ထောက်ပံ့ရေးကို လိုအပ်သကဲ့သို့ ဆောင်ရွက်သင့်ပါသည်။
- ဒုချီးရားတန်းဖြစ်စဉ်တွင် ပါဝင်ပတ်သက်သည့် ကျေးရွာများအကြား တင်းမာမှုများနှင့် စိုးရိမ်မှုများဆက်လက်ရှိနေသည်ကို ထောက်ရှုလျက် အဆိုပါဒေသများတွင် ပြဿနာများ ထပ်မံမပေါ်ပေါက်စေရန်အထူး လုံခြုံရေးအစီအမံများကို ဦးစားပေးကိစ္စအဖြစ် ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

ပြည်တွင်းသတင်း

ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒေလီထိပ်သီးဆွေးနွေးပွဲ နယူးဒေလီမြို့၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပသည့် (၁၄)ကြိမ်မြောက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒေလီထိပ်သီးဆွေးနွေးပွဲသို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်နှင့်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင် တက်ရောက်ဆွေးနွေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ ထိပ်သီးဆွေးနွေးပွဲသို့ Seychelles နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Danny Faure၊ ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူးနှင့် ကုလသမဂ္ဂလက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် Mr.Achim Steiner၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးဟောင်းနှင့် Kofi Ann Foundation ဥက္ကဋ္ဌ Mr.Kofi Annan၊ နိုင်ငံအသီးသီးမှ သမ္မတဟောင်းများ၊ အကြီးအကဲများ၊ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေအစီအစဉ်၊ ကမ္ဘာ့အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းတို့မှ ကျွမ်းကျင် ပညာရှင်များ၊ စီးပွားရေး ပညာရှင်များနှင့် အခြားဖိတ်ကြားထားသည့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပသည့် ရာသီဥတုပြောင်းလဲထိခိုက်မှုနှင့် စပ်လျဉ်းသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ၌ အမှာစကားပြောကြားရာတွင် ကမ္ဘာ့ပတ်ဝန်းကျင် ဘေးအန္တရာယ် သုတေသနပြုဗဟိုအဖွဲ့၏ လေ့လာချက်အရ တောင်အာရှနှင့် အာရှနှင့် ပစိဖိတ် ဒေသများသည် အခြားဒေသများထက် ပတ်ဝန်းကျင်ထိခိုက်မှု ဘေးအန္တရာယ်ကို ပိုမိုရင်ဆိုင် ကြုံတွေ့နေရကြောင်း၊ ထို့အတူ ၂၀၀၉ ခုနှစ်က ထုတ်ပြန်ခဲ့သည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာအရ တောင်အာရှနိုင်ငံများသည် ရာသီဥတု ပြောင်းလဲမှုနှင့်အတူ ကမ္ဘာ့ပတ်ဝန်းကျင်ထိခိုက်မှုဒဏ်ကို အဆိုးရွားဆုံး ခံစားရလျက်ရှိကြောင်း၊ အစိုးရ အချင်းချင်းဖွဲ့စည်းထားသော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကော်မတီ၏ ပဉ္စမအကြိမ် ဆန်းစစ်ချက်အစီရင်ခံစာတွင် မူဝါဒချမှတ်သူများက "၁၈၅၀ ပြည့်နှစ်က ကောက်ယူရရှိထားသည့် မှတ်တမ်းများအရ ဆယ်စုနှစ်သုံးခုအတွင်း ကမ္ဘာ့မြေမျက်နှာပြင် ပူနွေးမှုမှာ ပိုမိုမြင့်တက်လာသည်" ဟု ဖော်ပြထားကြောင်း၊ ဥပမာအားဖြင့် မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သည့် ၅၅ နှစ်အတွင်း မိုးရွာသွန်းမှုမှာ တစ်နှစ်လျှင် ၁၄၅ ရက်ရှိရာမှ ရက် ၁၀၀ အထိကျဆင်းသွားကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်ဒေသများတွင် မြေအောက်ရေပြင်အရည်အသွေးမှာလည်း ကျဆင်းသွားကြောင်း၊ ရေကြောင်းဖြစ်ပေါ်လာရသည့် ပြဿနာများမှာလည်း ယခင်ကထက်ပိုမိုများပြားလာကြောင်း၊ ရေချိုအရင်းအမြစ်ရရှိနိုင်မှုမှာ ယနေ့ရာသီဥတုပြောင်းလဲမှု၏ အဓိကပြဿနာတစ်ရပ်ဖြစ်လာပါကြောင်း၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ရာသီဥတုပြောင်းလဲမှုသည် အဓိကအကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ကမ္ဘာ့မြေမျက်နှာပြင် ပိုမိုပူနွေးလာခြင်းမှာ လူသားတို့၏ ဆောင်ရွက်ချက်များကြောင့် ဖြစ်ကြောင်း၊ ရာသီဥတု ပြောင်းလဲမှုကို လျှော့ချရန်၊ ရာသီဥတုပြောင်းလဲမှုနှင့်အတူ လိုက်လျောညီထွေမှုရှိစေရန် ကိစ္စရပ်များကို တစ်နိုင်ငံတည်း၊ အဖွဲ့အစည်းတစ်ခုတည်းမှ ဆောင်ရွက်၍မရဘဲ ကမ္ဘာ့နိုင်ငံများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာသည့် နိုင်ငံများမှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကျွမ်းကျင် ပညာရှင်များအား ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရန်အတွက် ဥပဒေပြုရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို သီးသန့်ဖိတ်ကြား ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်လည်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

ထိပ်သီးဆွေးနွေးပွဲ ဦးဆောင်ကျင်းပသည့် အိန္ဒိယနိုင်ငံအခြေစိုက် စွမ်းအင်နှင့်သယံဇာတ အရင်းအမြစ်ဌာန ညွှန်ကြားရေးမှူးချုပ် Dr.RK Pachau နှင့် ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်တို့သည် စွမ်းအင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံမှ သင်တန်းသားများအတွက် စွမ်းဆောင်ရည်မြှင့်မားရေးဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရေးကိစ္စတို့ကို သီးခြားဆွေးနွေးခဲ့ပြီး စွမ်းအင်သယံဇာတ အရင်းအမြစ်ဌာနသို့ သွားရောက်လေ့လာသည်။

ဒေလီထိပ်သီး ဆွေးနွေးပွဲကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ခေါင်းစဉ်အမျိုးမျိုးဖြင့် ၂၀၀၁ ခုနှစ်မှစတင်၍ ကျင်းပခဲ့ပြီး ယခုနှစ်ခေါင်းစဉ်မှာ "Attaining Energy, Water and Food Security for All" ဖြစ်ပါသည်။

ယခုနှစ် ဆွေးနွေးပွဲခေါင်းစဉ်ဖြစ်သည့် ရေ၊ အစားအသောက်နှင့် စွမ်းအင်တို့မှာ သဘောသဘာဝအားဖြင့်မတူညီသဖြင့် ကွဲပြားခြားနားမှုရှိသော်လည်း မူဝါဒချမှတ်ရာတွင် ရေ၊ အစားအစာနှင့် စွမ်းအင်တို့ကို ပူးပေါင်းဆောင်ရွက် ချမှတ်ရန်လိုအပ်ကြောင်းကို ခေါင်းစဉ်အသီးသီးဖြင့် တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ယခုဆွေးနွေးပွဲတွင် ပတ်ဝန်းကျင်ဆိုင်ရာအရေးပါသည့် ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်ဖူလုံမှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးတို့အတွက် နိုင်ငံတကာမှဆောင်ရွက်နေသည့် အစီအမံများကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ယင်းအစီအမံများအရ မြန်မာနိုင်ငံကလည်း အချိန်နှင့်တစ်ပြေးညီ ကမ္ဘာ့နိုင်ငံများနည်းတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို စဉ်းစားဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

လယ်ဝေးမြို့ လောကချမ်းသာဘုရား ဆဋ္ဌမအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကျင်းပ

လယ်ဝေး ဖေဖော်ဝါရီ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ထိန်အင်းရွာအနီးရှိ လောကချမ်းသာဘုရားတွင် ဆဋ္ဌမအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ယမန်နေ့ ညနေ ၄ နာရီက ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အကဲဖြတ်ဒိုင်ဥက္ကဋ္ဌက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြီး ထမနဲထိုးပြိုင်ပွဲကို စတင်ကျင်းပသည်။

ဆက်လက်၍ ပထမ၊ ဒုတိယဆုရရှိသည့် အသင်းနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်းခြောက်သင်းတို့အား နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် ပျံချီကျေးရွာ နေပြည်တော်အထကခွဲ (၂)သို့ သွားရောက်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အောင်ချက်မြင့်မားရေး လမ်းညွှန်မှာကြားခဲ့သည်။ နေပြည်တော်ကောင်စီသည် ဖေဖော်ဝါရီ ၁၂ ရက်တွင်လည်း ညောင်ပင်သာကျေးရွာဆည်ပေါင်လမ်းကို ကျေးရွာမှ စက်ယန္တရားဖြင့် မြေဖို့ပြုပြင်နေမှုနှင့် ကျောက်အိုးရွာ မူလတန်းလွန်ကျောင်းတွင် မြန်မာ့ဩဘာမှ ပေ (၁၂၀×၃၀) တစ်ထပ်စာသင်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

◆ ***ရှေ့ဖုံးမှ***

၁၆၇၄ ကုဗပေ/စက္ကန့်၊ ရေအားအမြင့် ၃၂၈ ပေ (100m)၊ ရေထိန်းတမံ ကွန်ကရစ်တမံ (Overflow Type)၊ အလျားပေ ၄၄၃ × အမြင့် ၁၆၇ ပေ (135m×51m)၊ ရေပိုလွှဲအမျိုးအစား ရေတံခါးမပါရေပိုလွှဲ (Overflow Type)၊ ရေပိုလွှဲအကျယ် ၃၄၉ ပေ၊ ရေယူ အဆောက်အအုံရေတံခါးတပ် သံကူကွန်ကရစ်အမျိုးအစား၊ အကျယ် ပေ ၄၉× အမြင့် ၇၃ ပေ၊ ရေသွယ်ဥမင်လိုဏ်အချင်း ၁၅ ပေ ၆ လက်မ× အလျားပေ ၇၃၃၀၊ ရေတံလျှောက် သံမဏိပိုက်၊အချင်း ၁၅ ပေ ၆ လက်မ × အလျား ၃၈၄ ပေ၊ ရေထိန်းကန်သံကူကွန်ကရစ်၊ အလျား ၂၆၉ ပေ×အနံ ၇၉ ပေ၊ ဖိအားမြင့်သံမဏိပိုက်လိုင်း အချင်း ပေ ၁၃×အလျား ၈၇၆ပေ၊ ဓာတ်အားပေးစက်ရုံ အလျားပေ ၁၄၀× အနံ၈၉ ပေ×အမြင့် ၉၈ ပေ၊ ဆွစ်ယာဒ် အလျားပေ ၂၆၉× အနံ ၂၀၅ ပေ၊ တာဘိုင်အမျိုးအစား ဒေါင်လိုက်ဖရန်စစ်တာဘိုင်၊ တပ်ဆင်စက်အင်အား ၄၀ မဂ္ဂါဝပ် (၂×၂၀ မဂ္ဂါဝပ်)၊ နှစ်စဉ် ပျမ်းမျှထုတ်လုပ်မှု ဓာတ်အားကီလိုဝပ်နာရီ ၁၅၂ သန်း၊ စီမံကိန်းကာလမှာ ၂၀၀၆ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း

နန်ချိုရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်ဦးစီးဌာနသည် ၂၀၀၂ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်းက ဂျပန်နိုင်ငံ The KANSAI Electric Power Co., Inc; မှ အင်ဂျင်နီယာများ၊ ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering Co.,Ltd. မှ ပညာရှင်များနှင့်အတူ စီမံကိန်းဒေသသို့ သွားရောက်လျက်ကွင်းဆင်းလေ့လာခဲ့ပြီး အကြိုဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို ပြုစုခဲ့ကြပြီး စီမံကိန်းချဉ်းကပ်လမ်း ဖောက်လုပ်ခြင်းကို ၂၀၀၅ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ပွင့်လင်းရာသီတွင် ဆောင်ရွက်ပြီးစီးခဲ့သည်ဟု သိရသည်။

နန်ချိုစီမံကိန်း လုပ်ငန်းခွင်တွင် Differential Global Positioning System (DGPS) နည်းဖြင့် မြေနိမ့်မြင့်တိုင်းတာခြင်း၊ အင်ဂျင်နီယာ ဘူမိဗေဒဆိုင်ရာ စိန်လွန်တွင်းများတူးဖော်ခြင်း၊ ဘူမိရူပဗေဒ (Seismic Refraction) နည်းဖြင့် အောက်ခံကျောက်သားများ စူးစမ်းလေ့လာခြင်း၊ ကျောက်မိုင်းနေရာရှာဖွေခြင်း၊ တမံဧရိယာအား ၁ ဒသမ ၁၀၀၀ စကေးကွန်တိုအနိမ့်အမြင့် ၅ မီတာဖြင့် မြေပုံထုတ်လုပ်ခြင်း၊ ရေထိန်းတမံနှင့် ဆက်နွယ် ရေအားအဆောက်အအုံများ၏ Detial Design Report & Drawings များ ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်း Detail Design ကို အခြေခံ၍ ရေလွှဲရေထုတ်ပြွန်ကွန်ကရစ်လုပ်ငန်း၊ ချောင်းရေလွှဲခြင်းလုပ်ငန်းများကို ၃-၁-၂၀၀၉ ရက်နေ့တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ရေထိန်းတမံလုပ်ငန်းအဆင့်ကို ဆောင်ရွက်ခဲ့ပြီး ရေလွှဲရေထုတ်ပြွန်ကို ၃-၆-၂၀၁၃ ရက်တွင် ပိတ်၍ ရေများစတင်သိုလှောင်ခဲ့သည်။ ထို့နောက် ရေသွယ်ဥမင်လိုဏ်အမှတ်(၁)ဖောက်လုပ်ခြင်း၊ ရေသွယ်ဥမင်လိုဏ်အမှတ် (၂) တို့ကို ဖောက်လုပ်ခြင်းနှင့်ဘိလပ်မြေဖိသွင်းခြင်း (Backfill Grouting) လုပ်ငန်း ရေတံလျှောက်ကွန်ကရစ် လုပ်ငန်း၊ တံတားနှင့်ပိုက်ဆက်လုပ်ငန်း၊ ရေထိန်းကန်တွင် ပင်မကန်ဂိတ်များ၏ ကွန်ကရစ်လုပ်ငန်း၊ ရေတံခါးများ၊ ဒိုက်စစ်ဆန်ခါများကို တပ်ကာ ဓာတ်အားပေးစက်ရုံ အဆောက်အအုံ စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ပေါင်းလောင်းစက်ရုံနှင့် ၆-၁၀-၂၀၁၃ ရက်နေ့တွင် ဓာတ်အားချိတ်ဆက်၍ ယခုအခါမဟာဓာတ်အားလိုင်းပေါ်သို့ ပို့လွှတ်ပေးလျက်ရှိသည်။

ကျွန်တော်တို့သတင်းအဖွဲ့သည် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေး၏ စီစဉ်ပေးမှုဖြင့် နန်ချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ရှိရာသို့ သွားရောက်လေ့လာခဲ့စဉ် လိုက်လံရှင်းလင်းတင်ပြခဲ့သော ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်အား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးမင်းအောင်က နန်ချိုရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှစတင်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် ရည်ရွယ်စဉ်းစားခဲ့ပြီး Run-off River Type စနစ်ဖြင့် ဓာတ်အားထုတ်လုပ်ရန် တွက်ချက်စိစစ်၍ တည်ဆောက်ခဲ့ပါကြောင်း၊ ထို့အပြင် ဘူမိဗေဒအခြေအနေ၊ မြေမျက်နှာပြင်အနေအထားနှင့် တည်ဆောက်ရေးပစ္စည်းရရှိနိုင်မှု အခြေအနေတို့ကို ထည့်သွင်းစဉ်းစားပြီး တည်ဆောက်ရေးကာလတိုတောင်းခြင်း စသည့်အချက်များအရ အမြင့် ၁၆၇ ပေရှိသော Conventional Vibrating Concrete (CVC) တမံအမျိုးအစားကို ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ရေယူအဆောက်အအုံ၊ ရေသွယ်ဥမင်လိုဏ်၊ ရေတံလျှောက်၊ ရေထိန်းကန်၊ ဖိအားမြင့်ပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် ဆွစ်ယာဒ် စသည့်ရေအားအဆောက်အအုံများ ပါဝင်သော စီမံကိန်းတစ်ခုလုံးကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

နန်ချို ရေအားလျှပ်စစ်စီမံကိန်းတမံရဲ့ ထူးခြားချက်ကတော့ မိုးရာသီ၌ ရေစီးဝင်မှုများပြားချိန်တွင် ရေလွှဲနိုင်ရန် ရည်ရွယ်ပြီး တမံအတွင်းမှာပင် တမံအလျားတစ်ခုလုံးကို လှေကားအဆင့်များ ပါဝင်သော ရေပိုလွှဲ Step- (Spillway) အဖြစ် တည်ဆောက်ခဲ့ပြီး ၂၀၁၃ခုနှစ် ဇွန်လ ၃ ရက်နေ့မှာ ရေလွှဲရေထုတ်ပြွန်ကိုပိတ်၍ ရေစတင်သိုလှောင်နိုင်ခဲ့ပါကြောင်း၊ ပင်မရေတံခါးဟာ တမံအတွင်း ရေအမြင့် EL-300 m ထိတွင် အပြည့်ဖွင့်ခြင်း၊ ရေအမြင့် EL-300 မှ EL-303m ထိတွင် လိုအပ်သော ရေပမာဏကို အလိုအလျောက် ထိန်းညှိဖွင့်/ပိတ်ပေးခြင်း၊ ရေအမြင့် EL-303 m ကျော်ခဲ့ပါက အန္တရာယ်မှ ကာကွယ်နိုင်ရန် အလိုအလျောက် ချက်ချင်းပိတ်နိုင်မည့် ထိန်းချုပ်စနစ်များ တပ်ဆင်ထားကြောင်း။

ရေယူအဆောက်အအုံများ တည်ဆောက်ရာ၌လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုနည်းပါးစေရန်အတွက် တိုတောင်းပြီး ရေအားအမြင့်ကိုပါပိုမိုရရှိစေသည့်ဥမင်ဖြင့် ရေသွယ်ယူခြင်းစနစ်အသုံးပြုရန် ထည့်သွင်းတွက်ချက်ခဲ့သည့်အတွက် အချင်း ၁၅ ဒသမ ၅ ပေရှိပြီး စုစုပေါင်း အလျားပေ ၇၃၃၀ ရှိသော ရေသွယ်ဥမင်လိုဏ်ကိုတည်ဆောက်ခဲ့ပါကြောင်း၊ အလျားပေ ၂၃၃၀ နှင့် အလျားပေ ၅၀၀၀ ရှိသော ဥမင်လိုဏ်အပိုင်း နှစ်ပိုင်းပါဝင်ခဲ့ကြောင်း၊ အပိုင်း (၁)ကို ၂၀၀၈ ခုနှစ် မေလ ၅ ရက်နေ့တွင်လည်းကောင်း၊ အပိုင်း(၂)ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် လည်းကောင်း အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့ကြောင်း။

ဓာတ်အားပေး စက်ရုံအတွက် လိုအပ်တဲ့ရေကို ထိန်းသိမ်းပေးထားမည့်အလျား ၂၆၉ ပေ၊ အနံ ၇၉ ပေရှိသည့် ရေထိန်းကန်ကိုလည်း သံကူကွန်ကရစ်နဲ့ တည်ဆောက်ခဲ့ကြောင်း၊ မြေပြင်အနေအထား မတ်စောက်တဲ့နေရာမှာ တည်ဆောက်ရတဲ့အတွက် လိုအပ်တဲ့ အကျယ်အဝန်းရရှိစေဖို့ မြေကြီးကျောက်သား ကျင်းပေါင်း ၁၆၅၆၁၀ တူးဖော်ဖယ်ရှားခဲ့ရပြီး ကွန်ကရစ် ၅၅၈၄ ကျင်းဖြင့် တည်ဆောက်ခဲ့ရကြောင်း၊ ဓာတ်အားပေးစက်ရုံ ရုတ်တရက် ရပ်တန့်မှုကြောင့်ဖြစ်စေ၊ ရေထိန်းတမံတွင် ချောင်းရေမြင့်တက်ပြီး ဝင်ရောက်စီးဆင်းရေများပြားမှုကြောင့်ဖြစ်စေ ရေများလျှံတက်၍ အောက်ဘက်ရှိ ရေအားအဆောက်အအုံများအား ထိခိုက်ပျက်စီးမှုမရှိစေရန် ရေပိုလွှဲပါတွဲလျက် တည်ဆောက်ထားပါကြောင်း။

တာဘိုင်နှင့် ဂျင်နရေတာ နှစ်လုံးဖြင့် စုစုပေါင်း ၄၀ မဂ္ဂါဝပ်တပ်ဆင်ထားရှိပြီး အောက်တိုဘာလ ၁၃ ရက်နေ့တွင် ရာနှုန်းပြည့်ပြီးစီးခဲ့၍ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှစ၍ ဓာတ်အားများ ထုတ်လုပ်ပေးကာ နိုင်ငံတော်ဓာတ်အားစနစ်သို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပို့လွှတ်လျက်ရှိနေပြီ ဖြစ်ကြောင်းတို့ကို ပြောကြားခဲ့သည်။

(မြန်မာ့အလင်း)

မြန်မာ့သိုင်းဗန်တိုပြိုင်ပွဲ အသက်ပြည့်မီသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာ့ရိုးရာ ဗန်တို ပြိုင်ပွဲသို့ အသက် ၁၇ နှစ်မှ ၃၅ နှစ်အတွင်း သိုင်းပညာရှင်မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

မြန်မာ့ရိုးရာသိုင်းပညာရပ်ဖြစ်သည့် ဗန်တို၊ ဗန်ရှည်သိုင်းပြိုင်ပွဲကို မတ် ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ့ရိုးရာ သိုင်းပညာရပ် မတိမ်ကောစေရေး၊ မျိုးဆက်သစ် သိုင်းပညာရှင်များ ပေါ်ထွက်လာရေးနှင့် နိုင်ငံတကာအဆင့်မီ နည်းစနစ် ကောင်းမွန်သည့် ရိုးရာသိုင်းပညာရပ် စံနှုန်းတစ်ခုပေါ်ထွက်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောကြားသည်။

ယခုကျင်းပမည့် ဗန်တိုသိုင်းပြိုင်ပွဲမှာ ဒုတိယအကြိမ်မြောက် သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲဖြစ်ပြီး ပထမအကြိမ်ကို ၂၀၁၂ နှစ်ဆန်းပိုင်းက ကျင်းပခဲ့သည်။

"ပထမအကြိမ်တုန်းက ပြိုင်ပွဲဝင်ကစားသမား တစ်ရာကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အသင်းအနေနဲ့ ရှစ်သင်းဖြစ်ပါတယ်။ ဒုတိယအကြိမ်မှာတော့ ရွက်ပုန်းသီးကစားသမားတွေကိုလည်း ထွက်ပေါ်လာစေချင်တဲ့အတွက် ကစားသမားတွေကို မည်သူမဆို စာရင်းပေးသွင်းယှဉ်ပြိုင်နိုင်ဖို့ စီစဉ်ထားပါတယ်။ ပြိုင်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ယှဉ်ပြိုင်မယ့်စနစ်တွေကိုလည်း ကျွန်တော်တို့ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှာ လေ့လာနိုင်တဲ့အပြင် ပြင်ပသိုင်းအဖွဲ့တွေကိုလည်း ကြိုတင်ပေးပို့ထားပါတယ်။ အဓိကကတော့ မြန်မာ့ရိုးရာ ဗန်တို၊ ဗန်ရှည် သိုင်းပညာရပ်ကို ပိုမိုပြီး လူစိတ်ဝင်စားလာစေဖို့နဲ့ နိုင်ငံခြားက ထိုးဖောက်လာခဲ့တဲ့ ပန်ကြပ်ဆီလတ်ကစားနည်းကဲ့သို့ နိုင်ငံတကာပြိုင်ပွဲတွေမှာပါ သိရှိယှဉ်ပြိုင်လာစေလိုတာပါ"ဟု ဦးအောင်နိုင်ဦးက ပြောကြားသည်။

ဒုတိယအကြိမ်မြောက် သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဗန်တိုတံခွန်စိုက်ပြိုင်ပွဲအတွင်း ပြိုင်ပွဲဝင်ပေါင်း ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ထားပြီး အနယ်နယ်အရပ်ရပ်မှ မြန်မာ့သိုင်းပညာတတ်ကျွမ်းသူများ လာရောက်ပါဝင် ယှဉ်ပြိုင်နိုင်စေရေးအတွက် ဖိတ်ခေါ်ထားကြောင်း သိရသည်။ ကျန်ရှိနေသေးသည့် ရွက်ပုန်းသီး မြန်မာ့သိုင်းပညာရှင်များအနေဖြင့်လည်း မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ဦးအောင်နိုင်ဦးက ပြောကြားသည်။

ခင်ရတနာ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဗိုလ်ချုပ်မွေးနေ့အခမ်းအနားကျင်းပ

တာချီလိတ် ဖေဖော်ဝါရီ ၁၄

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ (၉၉)နှစ်ပြည့် မွေးနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က တာချီလိတ်မြို့၌ ဗိုလ်ချုပ်ကို ချစ်မြတ်နိုးသူများက စုပေါင်းဆင်ယင်ကျင်းပရာ ရှေးဦးစွာ နံနက် ၆ နာရီတွင် ဝမ်ကောင်းရပ်ကွက် ဓမ္မာရုံ၌ သံဃာတော်ငါးပါးအား အရုဏ်ဆွမ်း၊ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တော်များ ရွတ်ပွားချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မူလွန်(ပုန်းထွန်)၊ မူလွန်(တာလေ့)၊ မူလွန်(ရန်အောင်မြေ)၊ အမက(ဝမ်မိုင်)၊ မူလွန် (ကချင်ရွာ) ကျောင်းများသို့ သွားရောက်ကာ ကျောင်းသားကျောင်းသူ ၃၅၄၆ ဦးအား ဗိုလ်ချုပ်ကြိုက်နှစ်သက်သည့် ပဲပြုတ်နှင့် နံပြားကျွေးမွေးခြင်း၊ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသားကျောင်းသူများအား နွားနို့တိုက်ကျွေးခြင်းများကို ဒါနပြုဆောင်ရွက်ကြသည်။

မောင်ယဉ်ကျေး

တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC) ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်၌ကျင်းပမည်၊ သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်ရေး အသိပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

တတိယအကြိမ် ဘင်းမ်စတက် (BIMSTEC) ထိပ်သီးအစည်းအဝေး မတိုင်မီ အကြိုညှိနှိုင်းအစည်းအဝေးနှင့် (၁၆)ကြိမ်မြောက် ဘင်းမ်စတက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၁ ရက်မှ ၂ ရက်အထိ နေပြည်တော်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ်၌လည်းကောင်း၊ (၁၄) ကြိမ်မြောက် ဘင်းမ်စတက်ဝန်ကြီးအဆင့်အစည်းအဝေးနှင့် တတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို မတ် ၃ ရက်မှ ၄ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပ သတင်းထောက်များအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ဝက်ဘ်ဆိုက်ဖြစ်သော www.thirdbimstecsummit.gov.mm ၌ HOME Page ရှိ MEDIA REGISTRATION ကိုနှိပ်၍ MEDIA REGISTRATION FORM တွင်ဖြည့်စွက်ကာ SUBMIT ပြုလုပ်ရန်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက် နောက်ဆုံးထားပေးပို့ရန်နှင့် ဝင်ထွက်ခွင့်ကတ်များထုတ်ပေးခြင်းကို မတ် ၁၊ ၂ ရက်အစည်းအဝေးမှစ၍ သတင်းရယူလိုသူများအတွက် ရွှင်ရယ်ကုမုဒြာဟိုတယ်တွင်လည်းကောင်း၊ မတ် ၃၊ ၄ ရက် အစည်းအဝေးသတင်းရယူလိုသူများအတွက် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင်လည်းကောင်း နေရာအလိုက် အစည်းအဝေးစတင်သည့်ရက် နံနက်ပိုင်းတွင် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာသတင်းထောက်များအတွက် ဝင်ထွက်ခွင့် ကတ်/ဗီဇာကိစ္စတို့နှင့် ပတ်သက်၍ သိရှိလိုပါက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဖုန်း-၀၆၇-၄၁၂၅၀၉ သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၆ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကွန်ကရစ်တံတားဖွင့်

မကွေး ဖေဖော်ဝါရီ ၁၄

စလင်းမြို့နယ် ရှမ်းစု-ဝက်သိုက် ကျေးလက်ကွန်ကရစ်တံတားသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။ အဆိုပါကွန်ကရစ်တံတားသစ်မှာ အလျား ၁၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၈ ပေရှိပြီး မကွေးတိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေမှ ငွေကျပ် ၈၅ သိန်း အကုန်အကျခံကာ ဝက်သိုက်-တဲကုန်း-ရုံးပင်ကန်နှင့် နယ်မြေခံတပ်ရင်းသုံးရင်းနှင့် မင်းတန်ရွာအတွက် သွားလာရေးလွယ်ကူ၍ ဒေသဖွံ့ဖြိုးရေးအတွက် များစွာအကျိုးပြုကြောင်း သိရသည်။

စစ်ကြည်(စလင်း)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ပြည့်ဖြိုးမောင်၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၈၈၃၇၆

လူပျောက်ကြော်ငြာ

သမီးစိုးမြတ်သင်း အိမ်အမြန်ပြန်လာပါ။ မိဘများစိတ်ပူနေပါသည်။ ဖြစ်သမျှ ကိစ္စအားလုံးခွင့်လွှတ်ပါသည်။ (လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်။)

ဖုန်း-၀၉-၄၂၅၃၂၆၀၀၆

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဦးမောင်ကို၏ သမီး မမိုးမိုးသူ အသက်(၃၂)နှစ် အရပ် ၅ ပေ ၃ လက်မသည် ၁၂-၂-၂၀၁၄ ရက်တွင် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်၊ မိသားစုများ အလွန်စိတ်ပူနေကြသည်။

ဖုန်း-၀၉-၅၁၇၁၂၅၃၊ ၀၁-၂၉၃၇၇၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၅၆ ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၂၃၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအားလုံးကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူကာ လက်ရှိပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာဌေး ၉/ကဆန(နိုင်)၀၅၆၁၆၆ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်ကစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေအဆောက်အအုံနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ငြိမ်းငြိမ်းနိုင် ၁၄/ပသရ(နိုင်)၀၀၀၃၀၂

အမှတ် ၁၂၇၆၊ မင်္ဂလာသုခလမ်း၊ ၄၆ ရပ်ကွက်၊ မြောက်ဒဂုံ

ဖုန်း-၀၉-၅၁၉၉၁၀၈

အခန်းအမှတ် A၊ တိုက်အမှတ် ၅၁၊ စတုတ္ထထပ်၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ (အလျား ပေ၂၀×အနံပေ၆၀)အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဦးထွန်းထွန်းစိုးနှင့် ဒေါ်သဇင်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂

အမှတ်၅၆၁၊MAC Tower၊ အခန်း၃၀၂၊ ကုန်သည်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့



ကန့်ကွက်နိုင်ပါသည်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးမြို့မရဲစခန်းနေ ဒုရဲအုပ်စိန်မင်း ၅/ကဘလ(နိုင်)၀၆၈၅၄၉-ဒေါ်စန်းစန်းကြည် ၅/ကဘလ(နိုင်)၀၆၈၅၀၄တို့၏သား မောင်ငြိမ်းချမ်းအောင် ၉/လဝန(နိုင်)၁၆၉၄၀၂သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စကို ပြုမူသွားပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

မိဘများ-ဦးစိန်မင်း- ဒေါ်စန်းစန်းကြည်

ရွှေရတု မွေးနေ့မင်္ဂလာဆုတောင်း

၁၅-၂-၂၀၁၄ရက်တွင် ကျရောက်သော ချစ်ဇနီးမြတ်လေး၏ ရွှေရတု မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် လိုအင်ဆန္ဒများပြည့်ဝပြီး ချစ်သော မြတ်ချို မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ခင်ပွန်းကြီးဆယ်ပါးတို့၏ ကျေးဇူးတရားကို ဆပ်ခွင့်ရသူ၊ ဆပ်နိုင်သူ၊ မိသားစု အကျိုး၊ အများအကျိုး၊ ဘာသာသာသနာအကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်သူဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဖေကြီးနှင့် ဆု၊ နှင်း၊ သဲ၊ ပြည့်

မြတ်ချိုမိသားစု

၁-၂-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာ၌ ဖော်ပြပါရှိသည့် ဒေါ်ယုယုစောနှင့် ဒေါ်နီလာစောတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်စန်းသီတာစိုးနှင့် အထက်တန်းရှေ့နေ ဒေါ်ငြိမ်းဇူလိုင်မြင့်တို့၏ အသိပေးကြေညာချက်အား ဒေါ်ယုယုစော၊ ဒေါ်နီလာစောနှင့်

အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အောက်ကျင်းရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၄၀၆)ဟုခေါ်တွင်သော ဒေါ်မြမြသန်း အမည်ပေါက် အိမ်နှင့်မြေသည် ဒေါ်မြမြသန်း၏မိခင် ဒေါ်ကျင်မေထံမှ အမွေဆက်ခံပြီး ဖခင်အရင်းဦးစောလွင်နှင့် မိခင်အရင်း ဒေါ်မြမြသန်းတို့ လက်ရှိနေထိုင်လျက်ရှိပါသည်။

ဒေါ်နီလာစောတို့ ဇနီးမောင်နှံက ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံမဟုတ်ပါ။ ၁၃-၁၂-၂၀၁၃ရက်တွင် ယုယုစောသည် မိဘအိမ်သို့ ရောက်သောအချိန်၌ မိဘများမှာ အလုပ်ကိစ္စနှင့် အိမ်အပြင်သို့ ထွက်နေသောအချိန်ဖြစ်နေ၍ နေအိမ်တံခါးပိတ်ထားခြင်းနှင့် ကြုံကြိုက်ခဲ့ခြင်းဖြစ်ပါသည်။ အောင်နိုင်စောနှင့်မဥမ္မာသွင်တို့သည် မိဘများနေအိမ်တွင် နေထိုင်သူများမဟုတ်ဘဲ သီးခြားအိမ်ထောင်ခွဲနေသူ များဖြစ်ပါသည်။ အောင်နိုင်စောနှင့် မဥမ္မာသွင်တို့က ရိုင်းရိုင်းစိုင်းစိုင်း ညစ်ညမ်းစွာဆဲဆိုပြောဆိုခြင်းနှင့် အိမ်တံခါးသော့ပိတ်၍ အစ်မဖြစ်သူ ယုယုစောအား မောင်းထုတ်ခြင်းဆိုသည့် ဖြစ်စဉ်များလည်း ပေါ်ပေါက်ခဲ့ခြင်းမရှိပါ။ ၎င်းပြင် ယုယုစောအနေဖြင့် မိဘထံရောက်ခဲ့စဉ်ကလည်း အိမ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဆွေးနွေးပြောဆိုခဲ့ခြင်းလည်းမရှိခဲ့ပါ။

သို့ဖြစ်ပါ၍ မိဘပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကို မိဘနှစ်ဦးစလုံး သက်ရှိထင်ရှားရှိချိန်တွင် မိဘများ၏လိုအပ်သလိုစီမံခန့်ခွဲလုပ်ပိုင်ခွင့်ကို မည်သည့်သားသမီးတစ်ဦးတစ်ယောက်ကမျှ ကန့်ကွက်ရန်အကြောင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးစောလွင် ၁၀/သထန(နိုင်)၀၈၈၅၈၅

မိခင် ဒေါ်မြမြသန်း ၁၀/သထန(နိုင်)၀၁၃၄၀၆

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကုလားပဲစိုက်ပျိုးခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်း

သာစည် ဖေဖော်ဝါရီ ၁၄

သာစည်မြို့နယ်အတွင်းရှိ တောင်သူများမှာ ကုလားပဲစိုက်ပျိုးခြင်းဖြင့် များစွာ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သာစည်မြို့နယ်အတွင်းရှိ တောင်သူများသည် မိုးအကုန်ဆောင်းအကူး ကာလရောက်သည့်အခါ ဆောင်းသီးနှံများဖြစ်သော ကုလားပဲ၊ မြေပဲနှင့် နေကြာများကို စိုက်ပျိုးကြပြီး အဓိကအားဖြင့် ကုလားပဲကို အားထားစိုက်ပျိုးကြသည်။ ကုလားပဲကို အဓိကထားစိုက်ပျိုးရခြင်းမှာ စိုက်ပျိုးစရိတ်သက်သာခြင်း၊ စိုက်ပျိုးရလွယ်ကူပြီး အကျိုးအမြတ် များစွာဖြစ်ထွန်းခြင်းတို့ကြောင့် ဖြစ်သည်။ စိုက်ပျိုးရာတွင် ထယ်ထိုး၍ ထယ်ကြောင်းအတိုင်း နောက်မှလိုက်၍ အစေ့ချစိုက်ပျိုးကြပြီး တချို့ကလည်း စပါးမရိတ်သိမ်းမီ စပါးခင်းများကြား ကြဲပက်ထားရုံဖြင့် အောင်မြင် ဖြစ်ထွန်းသည့်အတွက် ဖြစ်သည်။ ထို့အပြင် ကုလားပဲခင်းများကြားတွင် နေကြာကို သီးညှပ်အဖြစ် စိုက်ပျိုးခြင်းဖြင့် မိသားစုဝမ်းစာဆီကိုလည်း ရရှိနိုင်သည်။

"ကုလားပဲစိုက်ချိန်က မျိုးစေ့တစ်တင်းကို ငွေကျပ် ၁၈၀၀၀ နဲ့ ဝယ်ရပြီး တစ်ကေလျှင်တစ်တင်းကျော် စိုက်ရုံဖြင့် ၁၅ တင်းမှ တင်း ၂၀ အထိ ထွက်ရှိနိုင်ပါတယ်။ ခုတစ်တင်းကို ငွေကျပ် ၁၅၀၀၀နဲ့ ရောင်းရတော့ စိုက်ကေများရင်များသလို ဝင်ငွေကောင်းပါတယ်။ ဒီနှစ်မှာ ရာသီဥတုကလည်းကောင်းတော့ စပါးနဲ့ကုလားပဲအထွက်ကောင်းပါတယ်။ နောက်ပြီး သီးနှံဈေးကလည်း ကောင်းတော့ တောင်သူတွေအဆင်ပြေပြီး ရွာထဲမှာလည်း အလှူအတန်းတွေပေါ်များလာတယ်"ဟု မရွှေးကျေးရွာတောင်သူမှ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ကုလားပဲစိုက်ခင်းများသည် ထယ်ရေးအခံရှိပြီးဖြစ်သည့်အတွက် မိုးဦးကျရောက်ပါက အနည်းငယ်ထွန်ယက်ရုံဖြင့် နှမ်းကို အလွယ်တကူ ကြဲနိုင်သောကြောင့် ကုလားပဲစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးသည့်အပြင် နောင်စိုက်မည့်သီးနှံအတွက်လည်း အကျိုးပြုကြောင်း သိရသည်။ **(အောက်ပုံ)**

ထွန်းထွန်း(သာစည်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၄-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၈၆၀၀၀
ရန်ကုန်ရွှေဈေး	၁၅ ပဲရည်	တစ်ကျပ်သား	၆၄၅၆၀၀
မန္တလေးရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၈၅၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၇-၃၀. ၉၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၈-၁၆. ၁	ကျပ်
တရုတ်	တစ်ယွမ်	၁၅၄-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၇-၃၂၀	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ခ်ာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၁၅၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၇၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၅၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၇၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၀၀
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၀၀-၅၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၃၅၀-၂၂၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၂၀-၇၅၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၆၀၀-၄၈၀၀
၁၂။ သကြား	တစ်ပိဿာ	၈၅၀-၉၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်သူကိုဗဟိုပြုသည့် လုပ်ငန်းဖြစ်သည့်အတွက် ပြည်သူကိုအကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် ကြိုးစားကြစေလို

ရန်ကုန်   ဖေဖော်ဝါရီ   ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် (၃၇)လမ်းထောင့်ရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် ပညာဘဏ်စာကြည့်တိုက်သို့ရောက်ရှိပြီး စာအုပ်စာစောင်များထားရှိမှု၊ စာငှားကောင်တာတွင် ကွန်ပျူတာဖြင့် စာအုပ်ရှာဖွေစနစ် e-Catalogue များထားရှိမှုအခြေအနေများနှင့် e-Library အတွင်း e-Book များပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် စာကြည့်တိုက်အတွင်း စာဖတ်နေသူများနှင့်ရင်းရင်းနှီးနှီး တွေ့ဆုံကာ စာဖတ်သူဦးရေ ယခုထက် တိုးပွားစေရန် ဆောင်ရွက်သင့်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ရည်ညွှန်းစာပေဌာနစိတ်၏ စာဖတ်ခန်းအတွင်းရှိ စာအုပ်များကို Electronic Library တွင် e-Books များဆောင်ရွက်နေမှု၊ Web Portal လွှင့်တင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စာပေဗိမာန်စာအုပ်ဆိုင်အတွင်း ရောင်းချနေသည့် စာအုပ်စာတမ်းများရောင်းချရမှုအခြေအနေများကို လေ့လာကြည့်ရှုကာ **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားသည်။

ပြည်တွင်းသတင်း

ယင်းနောက် စာပေဗိမာန် ကလေးစာကြည့်တိုက်အတွင်း ထားရှိသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာဖတ်သူကလေးအရေအတွက်တိုးတက်ရေး၊ ကျောင်းနေအရွယ်ကလေးများသာမက ပြည်သူအားလုံးစာပေဖတ်မှတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ဆောင်ရွက်သင့်သည်များကို မှာကြားသည်။

ထို့နောက် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် ပညာရှင်များသာ နေရာရကြမည်ဖြစ်ကြောင်း၊ ပညာပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် နိုင်ငံတော်ပိုင်းက ပျိုးထောင်ပေးနေသလို ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ကျေပွန်ခြင်းဖြင့် ဂုဏ်ယူတတ်စေရေးအတွက် မိမိအလုပ်ကိုပိုမိုကျွမ်းကျင်အောင် ကြိုးစား၍ စေတနာထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူကိုဗဟိုပြုသည့် လုပ်ငန်းဖြစ်သည့်အတွက် ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် အမြဲကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း ဝန်ထမ်းများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်တမ်းများပုံနှိပ်ဌာနသို့ ရောက်ရှိကာ လုပ်ငန်းများဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညနေ ၄ နာရီတွင် အမှတ်(၂၂၈)သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ရုံးချုပ်)၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လေးခရိုင်နှင့် မြို့နယ်ခွဲရုံးများမှ ဦးစီးမှူးများအား တွေ့ဆုံ၍ စာပေရေချမ်းစင် စာကြည့်တိုက်လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ပျံ့ကျဈေးကြောင့် အခွန်ဆောင်ဈေးသည်များနစ်နာ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၉)ရပ်ကွက် မန္တလေးလမ်းပေါ်မှ ပျံ့ကျဈေးနှင့် အမှတ်(၃၂)ရပ်ကွက် ဦးကြင်ဥလမ်းပေါ်မှ ပျံ့ကျဈေးများကြောင့် ၄င်းနှင့်ကပ်လျက် အမှတ်(၃၀)ရပ်ကွက်အတွင်း၌တည်ရှိသော ဒဂုံရွှေပြည်ဈေးမှ အခွန်ထမ်းဈေးသူ ဈေးသားများမှာ များစွာနစ်နာလျက်ရှိပါသည်။

သို့ပါ၍ လမ်းပေါ်မှ ပျံ့ကျဈေးများကို နီးစပ်ရာစည်ပင်သာယာဈေးအတွင်းသို့ ပြောင်းရွှေ့နေရာပေးနိုင်ပါရန် သက်ဆိုင်ရာသို့ အသိပေးတင်ပြအပ်ပါသည်။ **ဒဂုံရွှေပြည် ဈေးသူဈေးသားများ**

ကာရာအိုကေဆိုင်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရ

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းတောင်ဘက် ၅၅ လမ်းနှင့် ၆၆ လမ်းကြား ကြားလမ်း အောင်ပင်လယ် ကက-၅ ရပ်ကွက်ရှိ အိမ်တစ်အိမ်တွင် ကာရာအိုကေဆိုင်ဖွင့်လှစ်ထားခြင်း၊ ညဉ့်နက်ချိန်တွင် မကြာခဏခိုက်ရန်ဖြစ်ပွားခြင်း၊ မီးပျက်လျှင် မီးစက်နှိုးသံဆူညံခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသည်။ ယခုအခါ တက္ကသိုလ်ဝင်စာမေးပွဲများလည်း နီးကပ်လာပြီဖြစ်ပါ၍ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူတစ်ဦး

ရေခဲစက်ဆူညံသံ တားဆီးပေးပါ

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (၁၆/၄) ရပ်ကွက် ပြည်သာယာလမ်းမပေါ်ရှိ ရေခဲစက်သည် ညအချိန်မတော် လည်ပတ်နေပါသဖြင့် စက်၏ဆူညံသံ၊ ရေခဲပုံးထုရိုက်သံများကြောင့် ပတ်ဝန်းကျင်နေအိမ်များရှိ အသက်ကြီးသူများနှင့် ကျန်းမာရေးချို့တဲ့သူများအတွက် ကျန်းမာရေးထိခိုက်စေသောကြောင့် သက်ဆိုင်ရာမှ စိစစ်ပေးပါရန် တင်ပြအပ်ပါသည်။ **ပြည်သာယာသူ**

သံပန်းနှင့်သွပ်ပြားလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်

သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ(၁)လမ်းအတွင်းရှိ နေအိမ်တစ်အိမ်သည် သံပန်း၊ သံတံခါးနှင့် သွပ်ပြားလုပ်ငန်းလုပ်ကိုင်နေရာ နေ့စဉ်နှင့်အမျှ မိုးလင်းမိုးချုပ် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများမှာ တူရိုက်သံများ၊ စက်ဖြင့်သံချောင်းများကို တိုက်ဖြတ်သံများကို သည်းမခံနိုင်အောင်ကြားနေရသည်။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကျောင်းသားကျောင်းသူများမှာ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်း မစားရ၊ စာကောင်းကောင်း မကျက်ရသောကြောင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **နားမခံသာသူ**

ပျံ့ကျဈေးသည်များ လမ်းပိတ်ဆို့

ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၄၊ ၆) ရပ်ကွက် ခဲလယ်လမ်းဈေးကြီးအနီးရှိ ကျူးကျော်ပျံ့ကျဈေးသည်များသည် အိမ်ရှေ့ဥပစာကို ပိတ်၍ဖွင့်လှစ်သည့်အပြင် အိမ်ရှေ့နှင့်အိမ်ဘေးပတ်ဝန်းကျင်တွင် အမှိုက်များစွန့်ပစ်ခြင်း၊ မစင်စွန့်ခြင်းများပါပြုလုပ်လျက်ရှိရာ ပတ်ဝန်းကျင် ညစ်ညမ်းသည့်အပြင် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသားတစ်ဦး**

စကိတ်ကွင်းမှ ဆူညံသံများတားပေးပါ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံနယ်မြေ(၁) ဘုရင့်နောင်လမ်းပေါ်ရှိ အိမ်ဝိုင်းအတွင်း ဆောက်လုပ်ထားသော စကိတ်ကစားကွင်းတွင် ဆောင်းဘောက်များဖြင့်သီချင်းများကို နေ့စဉ် ကျယ်လောင်စွာဖွင့်နေပါသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူ သက်ကြီးရွယ်အိုများ၊ ကျောင်းသား ကျောင်းသူများ အနှောင့်အယှက်ဖြစ်၍ သက်ဆိုင်ရာမှ တားဆီးပေးပါရန်တင်ပြအပ်ပါသည်။

ပြည်သူတစ်ဦး

မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ
ကြီးမှူးကျင်းပသည့် ပထမဆုံးအကြိမ်
ပြည်တွင်းပြည်ပအလုပ်အကိုင်ပြပွဲကြီး (၂၀၁၄)
အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
ရက်စွဲ။ ။ (၁-၃-၂၀၁၄) နှင့် (၂-၃-၂၀၁၄)ရက်နေ့အထိ
အချိန်။ ။ နံနက် (၉း၀၀)နာရီမှ ညနေ (၁၆း၀၀)နာရီ
နေရာ။ ။ MICT အဆောက်အအုံ ၊ လှိုင်တက္ကသိုလ်ဝင်းအတွင်း၊လှိုင်မြို့နယ်။
(၁-၃-၂၀၁၄)နေ့တွင်အလုပ်အကိုင်လျှောက်ထားလိုသော အလုပ်သမားများအားအလုပ်အကိုင်အေဂျင်စီများမှ လက်ခံဆွေးနွေးအကြံပြုခြင်း၊ မှတ်ပုံတင်စာရင်းပြုစုခြင်း ။
(၂-၃-၂၀၁၄)နေ့တွင်အလုပ်အကိုင်အေဂျင်စီများနှင့် နိုင်ငံအသီးသီးမှတက်ရောက်လာသော အေဂျင်စီ၊ အလုပ်ရှင်နှင့်ဆွေးနွေးခြင်း၊ရွေးချယ်ခန့်ထားခြင်းစသည့် အလုံးအစီအစဉ်တစ်ခုကိုထည့်သွင်းထားပါသည်။
ဆက်သွယ်ရန်ဖုန်းနံပါတ်များ
ဦးမင်းလှိုင် -ဥက္ကဋ္ဌ ဖုန်း-၀၉၅၁၇၀၆၉၆
ဦးအောင်နိုင် -ဒုဥက္ကဋ္ဌ (၂) ဖုန်း- ၀၉၅၁၁၄၇၇၇
ဦးကျော်ထင်ကျော်- အတွင်းရေးမှူး ဖုန်း-၀၉၅၁၀၇၃၃၂
ဦးကျော်ဝင်း -ဘဏ္ဍာရေးမှူး ဖုန်း-၀၉၇၃၁၄၄၄၇
ဦးသိန်းဇော် -အလုပ်အမှုဆောင် ဖုန်း-၀၉၈၅၁၀၄၇၆
သင့်ဘဝအခွင့်အရေးအတွက် အမြန်ဆုံးဆက်သွယ် စာရင်းသွင်းပါ

ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက(၃)၊ တတိယတန်း(A)မှ မောင်မင်းသုတ၏ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဦး ဖြစ်ပါကြောင်း။

ဦးသန့်ဇင်ဦး ၁၂/မဖန(နိုင်)၀၇၄၂၉၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)မှ တာဝန်ယူကြီးကြပ်လျက်ရှိသော(၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်မည့် မော်လမြိုင်၊ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ် သည့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	အမျိုးအမည်	အရေအတွက်
၁။	Colour Glass Gray(5mm)	၆၀၀၀ စ/ပေ
၂။	2' x2' Posilin Tile (Floor Tile)	၄၀၀၀ ချပ်

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများအား ၁၄-၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** -၂၅-၂-၂၀၁၄ရက် နံနက် ၁၀နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** -၂၅-၂-၂၀၁၄ရက် မွန်းလွဲ ၁နာရီ
အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မွန်ပြည်နယ်၊ မော်လမြိုင်မြို့

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။ ဖုန်း-၀၅၇-၂၄၉၁၈

အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)

ဖုန်း-၀၁-၅၇၇၁၀၃၊ ၀၁-၅၆၂၁၉၇

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

ကျူပီအာနဲ့ ဘန်လေတို့အခြေအနေကောင်းနိုင်တဲ့ လိဂ်ချန်ပီယံရှစ်

အင်္ဂလန်လိဂ် ချန်ပီယံရှစ် ပွဲစဉ် (၂၇) လက်ကျန်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၅ ရက် ညပိုင်းမှာ ဆက်လက် ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲစဉ်တွေရှိနေလို့ လိဂ်ချန်ပီယံရှစ် ပွဲစဉ်အချို့ကို ရွှေ့ဆိုင်းခဲ့ရတာဖြစ်ပြီး အခုပွဲစဉ်တွေကစားတဲ့အခါ တန်းစီဇယား ဒုတိယနေရာက ဘန်လေ၊ တတိယနေရာက ကျူပီအာတို့ရဲ့ အားထုတ်မှုတွေက စိတ်ဝင်စားစရာကောင်းမှာ ဖြစ်ပါတယ်။

ဘုန်းမောက်နှင့် ဘန်လေ

ဘန်လေတို့ကတော့ တန်းစီဇယား ထိပ်ဆုံးက လက်စတာကို ဖိအားပေးနိုင်ဖို့အတွက် ဒီပွဲကို အနိုင်ရဖို့ ကြိုးစားမှာ သေချာပါတယ်။ ဘုန်းမောက်ရဲ့ အိမ်ကွင်းခြေစွမ်းက အားရစရာမရှိပေမယ့် ဘန်လေကို သေသေချာချာ ပြင်ဆင်ကစားမှာမို့ ဘန်လေတို့ အခက်တွေ့စေမှာ ဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်ရော၊ ခံစစ်မှာပါ အကောင်းဆုံး အနေအထားရှိနေတဲ့ ဘန်လေတို့ပဲ အောင်ပွဲခံဖို့များပါတယ်။

ကျူပီအာနှင့် ရက်ဒင်း

ကျူပီအာတို့အိမ်ကွင်းဆိုပေမယ့် ရက်ဒင်းကို ခြေကုန်ထုတ်ရမယ့်အနေအထားပါပဲ။ ရက်ဒင်းရဲ့အားနည်းချက်က ခံစစ်ကြောင်းဖြစ်ပြီး ပြိုင်ဘက်တိုက်စစ်မှူးတွေကို ထိန်းချုပ်ရာမှာ အမှားအယွင်းတွေ ရှိနေတတ်ပါတယ်။ ဒါပေမယ့် ကျူပီအာတို့ကလည်း လာမယ့်နှစ်မှာ ပရီမီယာလိဂ်ကို တန်းပြန်တက်ဖို့ ကြိုးစားမှာမို့ ဒီပွဲကို အနိုင်ရအောင် လုစုံထုတ်ပါလိမ့်မယ်။

ဝက်ဖို့ဒ်နှင့် မစ်ဒယ်ဘရော့

သရေပွဲတွေများနေတဲ့ မစ်ဒယ်ဘရော့တို့အတွက် ဝက်ဖို့ဒ်ကွင်းမှာ အကြိတ်အနယ်ကစားရမှာ ဖြစ်ပါတယ်။ မစ်ဒယ်ဘရော့တို့က တိုက်စစ်အားသန်ပြီး ဂိုးသွင်းစွမ်းရည်လည်း မြင့်မားကြပါတယ်။ ဒါပေမယ့် ခံစစ်စည်းရိုးပြိုပျက်နေတဲ့ မစ်ဒယ်ဘရော့ဟာ ဝက်ဖို့ဒ်တိုက်စစ်မှူးတွေအတွက် အကြိုက်တွေ့စေမှာ ဖြစ်ပါတယ်။ နိုင်ပွဲပြန်ရနေတဲ့ အိမ်ရှင်တို့ရဲ့ စွမ်းရည်ကို အသိအမှတ်ပြုရမှာပါ။

ဘာမင်ဂမ်နှင့် ဟတ်ဒါဖီးလ်

ဘာမင်ဂမ်တို့အတွက် နိုင်ပွဲလိုအပ်နေတာမို့ ဒီပွဲမှာ အိမ်ရှင်ပရိသတ် တွေလည်း သုံးမှတ်အပြည့်ကို မျှော်လင့်နေပြီ ဖြစ်ပါတယ်။ ဟတ်ဒါဖီးလ်တို့ကတော့ ဘာမင်ဂမ်ကိုပင်ပင်ပန်းပန်းနဲ့ ရင်ဆိုင်ရဖို့ ရှိနေပါတယ်။ ရလဒ်တွေဆိုးရွားနေတဲ့ ဟတ်ဒါဖီးလ်ကို ဘာမင်ဂမ်တို့ အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချပြီး နိုင်ပွဲရအောင် ကစားပါလိမ့်မယ်။

မိုးမြင့်လင်းလက်

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

အင်္ဂလန်အက်ဖ်အေဖလား			**ဖေဖော်ဝါရီ ၁၅**
ဆန်းဒါးလန်း	-	ဆောက်သမ်တန်	ည ၇း၁၅
ကာဒစ်ဖ်	-	ဝီဂန်	ည ၉း၃၀
ရှက်ဖီးဝမ်းနက်စ်ဒေး	-	ချာလ်တန်	ည ၉း၃၀
မန်စီးတီး	-	ချယ်လ်ဆီး	ည ၁၁း၄၅
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၂၁			**ဖေဖော်ဝါရီ ၁၅**
ဒေါ့မွန်	-	ဖရန့်ဖတ်	ည ၉း၀၀
ဘိုင်ယန်မြူးနစ်	-	ဖရိုင်းဘတ်	ည ၉း၀၀
ဝါဒါဘရီမင်	-	ဂလက်ဘတ်	ည ၉း၀၀
ဟော်ဖန်ဟိမ်း	-	စတုဂတ်	ည ၉း၀၀
ဘရန်းရှ်ဗစ်	-	ဟမ်းဘတ်	ည ၉း၀၀
လေဗာကူဆင်	-	ရှော်လ်ကေး	ည ၁၂း၀၀
အီတလီစီးရီးအေ ပွဲစဉ်-၂၄			**ဖေဖော်ဝါရီ ၁၆**
ဖီအိုရင်တီးနား	-	အင်တာ	နံနက် ၂း၁၅
စပိန်လာလီဂါ ပွဲစဉ်-၂၄			**ဖေဖော်ဝါရီ ၁၅/၁၆**
အက်သလက်တီကို	-	ဗယ်လာဒိုလစ်	ည ၉း၃၀
လီဗန်တေး	-	အယ်လ်မာရီးယား	ည ၁၁း၃၀
ဘာစီလိုနာ	-	ဗယ်လက်ကာနို	နံနက် ၁း၃၀
ဗီလာရီးရဲလ်	-	ဆယ်လ်တာဗီဂို	နံနက် ၃း၃၀
ပြင်သစ်လီဂူး ပွဲစဉ်-၂၅			**ဖေဖော်ဝါရီ ၁၅/၁၆**
ဘတ်စ်တီယာ	-	မိုနာကို	ည ၁၀း၃၀
ဆိုးချော့စ်	-	ဂူအင်ဂမ့်	နံနက် ၁း၃၀
ရန်းနက်စ်	-	မောင့်ပယ်လီယာ	နံနက် ၁း၃၀
ရိမ်းစ်	-	ဘော်ဒိုး	နံနက် ၁း၃၀
နိုက်စ်	-	နန့်တက်စ်	နံနက် ၁း၃၀
လော်ရီယန့်	-	တူးလော့စ်	နံနက် ၁း၃၀

တရုတ်စကိတ်မယ် ပထမဆုံးရွှေတံဆိပ်ဆွတ်ခူး

တရုတ်စကိတ်အားကစားမယ် ကျန်ဟောင်သည် ရုရှားနိုင်ငံ ဆိုချီမြို့၌ ကျင်းပလျက်ရှိသော ဆိုချီအိုလံပစ်ပြိုင်ပွဲတွင် အမျိုးသမီး မီတာ ၁၀၀၀ အမြန် စကိတ်စီးပြိုင်ပွဲတွင် ပထမဆုံးရွှေတံဆိပ်ဆွတ်ခူးသွားခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ဒတ်ချ်စကိတ်မယ်များဖြစ်ကြသည့် အာရင်းဝတ်နှင့် မာဂေါ်ဘိုယာတို့သည် ငွေတံဆိပ်နှင့်ကြေးတံဆိပ်များ ဆွတ်ခူးသွားသည်။

အသက် ၂၅ နှစ်ရှိ တရုတ်စကိတ်မယ် ကျန်သည် အဆိုပါပြိုင်ပွဲတွင် ၁ မိနစ် ၁၄ ဒသမ ၂ စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲခဲ့သည်။ ဒတ်ချ်စကိတ်မယ် ဝတ်သည် ဆောင်းရာသီအိုလံပစ်၌ ပဉ္စမမြောက်ဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ဆိုချီပြိုင်ပွဲတွင် ဒုတိယမြောက်ဆု ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

စူပါနှစ်ဦး စိတ်မကျေပွဲထိုးမည်

ဗြိတိသျှ စူပါမစ်ဒယ်ဝိတ်တန်း လက်ဝှေ့ပြိုင်ဘက်နှစ်ဦးဖြစ်သည့် ကားလ်ဖရော့နှင့်ဂျော့ဂရိုဗက်စ်တို့သည် မေ ၃၁ ရက် (စနေနေ့)တွင် စိတ်မကျေပွဲအဖြစ် ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ရန်သဘောတူလိုက်သည်။ အသက် ၃၆ နှစ်ရှိ နော့တင်ဟမ်မြို့သား ဖရော့သည် လွန်ခဲ့သည့်နိုဝင်ဘာလက ဂရိုဗက်စ်ကို ကိုးချီဖြင့်အလဲထိုးပြီး WBA နှင့် WBF ချန်ပီယံခါးပတ်များကိုရယူခဲ့သည်။ သို့သော်လည်း အသက် ၂၅ နှစ်ရှိ လန်ဒန်မြို့သား ဂရိုဗက်စ်က ပြန်လည်ထိုးသတ်ရန်စိန်ခေါ်လိုက်သည်။ ယင်းတို့နှစ်ဦး၏ လက်ဝှေ့ပွဲကို မန်ယူကွင်း အိုးထရက်ဖို့ဒ် သို့မဟုတ် အာဆင်နယ်ကွင်း အမ်းမရိတ်၌ ထိုးသတ်ကြမည်ဖြစ်သည်။

အက်ရှ်လေကိုးလ်

ကမ္ဘာ့ဖလားနှင့်လွဲနိုင်

ချယ်လ်ဆီး နောက်တန်းကစားသမား အက်ရှ်လေကိုးလ်သည် လာမည့် နွေရာသီကမ္ဘာ့ဖလားပွဲ ပါဝင်ကစားရန် မသေချာတော့ကြောင်း နည်းပြ ရွိုင်းဟော့ဆင်က ပြောသည်။ အသက် ၃၃ နှစ်ရှိ အက်ရှ်လေကိုးလ်သည် ယခုနှစ်ရာသီတွင် ချယ်လ်ဆီးအသင်း၌ ပုံမှန်ပွဲထွက်ကစားခွင့်မရသည့်အတွက် ခြေစွမ်းကျလာသည်ဟု ဆိုသည်။

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေမော်ဓော (နေ့စဉ်)
ရွှေဆောင် (သောကြာ)
Ph:209200,430480,544383

စာအုပ်စာပေ လူ့မိတ်ဆွေ

မင်္ဂလာဆုတောင်း

သားလေး ဒေါက်တာမင်းအောင်မြတ်နှင့် သမီးလေး နန်းအိမ့်သူဇာထွေးတို့၏ ၁၅-၂-၂၀၁၄ရက်တွင် ကျရောက်သော တစ်နှစ်ပြည့်မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်း (၁၀၀)တိုင် တစ်ဦးကိုတစ်ဦး တန်ဖိုးထားချစ်မြတ်နိုးစွာဖြင့် ခိုင်မြဲသော သစ္စာတရားများနှင့်အတူ တစ်သက်မခွဲရှေ့လက်တွဲနိုင်ကြပါစေ။

ဖေကြီး -ဦးခင်မောင်ထွေး
မေကြီး -ဒေါ်နန်းမေလှကြည်
မမ -နန်းသိမ့်သူဇာ

မင်္ဂလာမော်ကွန်းတင်အခမ်းအနားနှင့် မင်္ဂလာဦးဆွမ်းကျွေးကျေးဇူးတင်လွှာ

၇-၂-၂၀၁၄ရက်တွင် Park Royal Hotel ၌ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စိုးစိုးအောင်အားလည်းကောင်း၊ မင်္ဂလာစကားချီးမြှင့်ပေးပါသော အကယ်ဒမီကိုရန်အောင်နှင့် အကယ်ဒမီကိုလူမင်းတို့အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော တေးသံရှင် Rဇာနည်နှင့်ဝမ်း၊ အကယ်ဒမီပြေတီဦးနှင့်အကယ်ဒမီ အိန္ဒြာကျော်ဇင်တို့အားလည်းကောင်း၊ မင်္ဂလာအခြံအရံများအဖြစ် လျှောက်လှမ်းပေးပါသော သားလေးကျော်မြင့်လှိုင်(ဂါမဏိ)၊ သမီးလေးဆုမြတ်ရတနာ၊ မင်္ဂလာမော်ကွန်းတင်စာချွန်လွှာလဲလှယ်ပေးပါသော Super Stars Models Agency မှ လင်းအောင်နှင့် ဆောင်းညွှန့်စံ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ခိုင်မြဲသာ၊ ဓာတ်ပုံနှင့် ဗီဒီယိုအေးဇော်မိုး(စက်မှု)နှင့် Forever တို့အားလည်းကောင်း၊ Pre Wedding ဓာတ်ပုံများရိုက်ကူးပေးပါသော ကိုဝဏ္ဏ၊ Forever နိုင်နိုင်ထွန်း၊ ကိုကျော်စွာတို့အားလည်းကောင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာများဆင်မြန်းပေးပါသော Win&San မိတ်ကပ် နန်းနွယ်၊ မင်္ဂလာဝတ်စုံဆင်ယင်ပေးပါသော မျိုးမင်းစိုးနှင့်လင်းလင်း(Make-up Artist)၊ မဝမ်း(Diva)တို့အားလည်းကောင်း၊ မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးပါသော DJ သော်သော်၊ ပန်းအလှပြင်ပေးပါသော သားကြီး၊ ကိုဆွေ၊ အစားအသောက် များတည်ခင်းဧည့်ခံပေးပါသော Park Royal Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၁၀-၂-၂၀၁၄ရက်တွင် တက္ကသိုလ်ရိပ်သာလမ်းကံဖျားကျောင်းတိုက်၌ ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့နှင့် Sky Net ရုပ်သံလိုင်းမှပြသနိုင်ရန် စီစဉ်ပေးပါသော အန်တီမီးမီး(Sky Net)မိသားစု၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ချမ်းချမ်း(စကြာရွှေရည်)၊ မေတ္တာဖြင့် မော်ဒယ်များစီစဉ်ပေးပါသော ဦးချိုကြီး (Royal Stars Event Planner Group)၊ မင်္ဂလာပွဲတစ်ခုလုံးအား အဆင်ပြေချောမွေ့အောင် အစစအရာရာတာဝန်ယူ စီစဉ်ဆောင်ရွက်ပေးပါသော အန်တီမြတ်မြတ်ဦးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဥက္ကာမြင့်ကြူ-ဝိုင်းစုခိုင်သိန်း

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲနှင့် ညစာစားပွဲ ကျေးဇူးတင်လွှာ

American နိုင်ငံ၊ Maryland ပြည်နယ်၊ Frederick မြို့နေ
ဦးမြင့်ကြူ-ဒေါ်မို့မို့အောင်တို့၏သားလတ်

မောင်ဥက္ကာမြင့်ကြူ

President of First Quality Plumbing and Remodeling,LLC(U.S.A)

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သာယာကုန်း၊ ရှမ်းရွာလမ်း၊ ခြံအမှတ်(၅၃)နေ
ဦးသိန်းဌေး-ဒေါ်မေရီအောင်တို့၏တစ်ဦးတည်းသောသမီး

မဝိုင်းစုခိုင်သိန်း B.A(English)

တို့၏ ၁၄-၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့ Sedona Hotel Grand Ballroom တွင် ပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲအခမ်းအနား၌ စုလျားရစ်ပတ်ခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဝဏ္ဏကျော်ထင်စည်သူဦးဇော်ဇော် Chairman of Max Myanmar Group of Companies နှင့် ဇနီးဒေါ်ဌေးဌေးခိုင်အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ဇနီးဒေါ်ခင်မျိုးဌေး၊ မင်္ဂလာဘိသိက်သွန်းလောင်းပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီကျူးပေးပါသော အကယ်ဒမီဦးရန်အောင်၊ ဘိသိက်တေးသီဆိုပေးပါသော အန်တီဒေါ်ရီရီသန့်၊ မေတ္တာဖြင့် တီးခတ်ပေးပါသော Lazy Club၊ စက်ပစ္စည်းများပံ့ပိုးကူညီပေးပါသော ကိုစိုးနိုင်ထွန်း၊ မင်္ဂလာစုံတွဲတေးများအား မေတ္တာဖြင့် သီဆိုပေးကြပါသော နိုင်ငံကျော်တေးသံရှင်များ၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် လျှောက်လှမ်းပေးပါသော လွှမ်းပိုင်နှင့် ထက်ထက် (Bobby Soxer)၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော ဝတ်မှုံရွှေရည်၊ စန္ဒီမြင့်လွင်၊ မင်္ဂလာရွှေမိုး၊ ငွေမိုးကြဲဖြန့်ပေးပါသော ကြည်နူးနိုင်၊ အိမ့်ချစ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော နန်းသူဇာနှင့်နန်း မြတ်ဖြိုးသင်း၊ သတို့သားအရံများဖြစ်ကြသော ကောင်းပြည့်နှင့် ဇေယျ၊ သတို့သမီးအရံများဖြစ်ကြသော မိစန္ဒီနှင့် မြနှင်းရည်လွင်၊ လင်းလင်း(Make-up Artist)၊ ယဉ်သူထိုက် (မန္တလေးပိုးထည်တိုက်)နှင့် မန္တလေးရွှေနဂါးဖိနပ်၊ မင်္ဂလာဝတ်စုံများအား စိတ်ရှည်လက်ရှည်ဖန်တီးပေးပါသော ဒီဇိုင်နာမပုံ့(My Favourite)၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဒေါက်တာအောင်ကျော်ဝင်း၊ ဒေါက်တာသက်သက်ခိုင် (Forever Gems)၊ ဓာတ်ပုံနှင့်မှတ်တမ်း၊ ဗီဒီယိုများရိုက်ကူးပေးပါသော ဝဏ္ဏခွာနီး၊ ပန်းအလှပြင်ဆင်ပေးပါသော မာမီကျော် (မလေးရှား)နှင့်အဖွဲ့၊ အန်တီနီလာ (Eternal Flowers)၊ Sedona Hotel မှ မလီလီနှင့်ဝန်ထမ်းများ၊ ၁၄-၂-၂၀၁၄ရက်တွင် Kandawgyi Palace Hotel တွင်ကျင်းပသော မင်္ဂလာညစာစားပွဲအခမ်းအနားတွင် အခမ်းအနားမှူးနှင့် ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ပေးပါသော ကိုမောင်မောင်အေးနှင့် ကိုဆန်းထွဋ် (Dream Boat)၊ ဝတ်စုံချုပ်လုပ်ပေးပါသော မိုးကုတ်ပေါက်ပေါက်၊ လင်းလင်း (Make-up Artist)၊ The Trees Band၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော Forever Gems၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Forever၊ Jade Dragon အဖွဲ့သားများ၊ Dj-သော်သော်နှင့် Kandawgyi Palace Hotel မှ မစူးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ Sky Net ရုပ်သံလိုင်းမှ ပြသနိုင်ရန်စီစဉ်ပေးပါသော အန်တီမီးမီး (Sky Net) မိသားစု၊ မော်ဒယ်များအားမေတ္တာဖြင့် ကူညီပေးပါသော ဦးချိုကြီး (Royal Stars Event Planner Group)၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် လိုလေသေးမရှိ တာဝန်ယူစီစဉ်ဆောင်ရွက်ပေးပါသော အန်တီမြတ်မြတ်ဦးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ရပ်ရှင်ဂီတရပ်ဝန်းမှ လုပ်ဖော်ကိုင်ဖက် မိတ်သင်္ဂဟများအားလည်းကောင်း၊ နေရာထိုင်ခင်း အခက်အခဲများကြောင့် ဧည့်ဝတ်မကျေမှုများရှိခဲ့ပါက နှစ်ဖက်သောမိဘများနှင့် သတို့သား၊ သတို့သမီးတို့အား ခွင့်လွှတ်နားလည်ပေးပါရန်နှင့် လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပေးပို့ကြသော လူကြီးမင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဥက္ကာမြင့်ကြူ-ဝိုင်းစုခိုင်သိန်း

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ **ရန်ကုန်မြစ်အတွင်း Jetty တိုးချဲ့တည်ဆောက်လာမှုကြောင့် ကမ်းစပ်တစ်လျှောက်နုန်းများ ပိုမိုပို့ချလာပြီး မြစ်ကြောင်းပြောင်းလဲမှုများဖြစ်ပေါ်လျက်ရှိပါသည်။ နုန်းများပို့ချထားသော မြစ်ကမ်းနေရာများကို သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော်လည်း ထိရောက်မှုနည်းပါးကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ Jetty တိုးချဲ့တည်ဆောက်ရာတွင် မြစ်အတွင်းအလျားအနံအတိုင်း အတာသတ်မှတ်ပေးထားခြင်းရှိ/မရှိ လက်ရှိအခြေအနေတွင် တိုးချဲ့တည်ဆောက်ရာမှ ကမ်းစပ်တစ်လျှောက်တွင် နုန်းမြေပို့ချခြင်း၊ မြစ်ကြောင်း ပြောင်းလဲခြင်းများ ရေရှည် မည်ကဲ့သို့ ထိန်းသိမ်းဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း၊ MIP ဆိပ်ကမ်းတည်ဆောက်ရာတွင် ရွာသစ်ချောင်းဝကိုပိတ်၍ ပိုင်ရိုက်ထားသဖြင့် ချောင်းဝတွင် သဲနုန်းများ ကျလာပြီး ရေမထွက်နိုင်သဖြင့် မိုးတွင်းရေကြီး ရေလျှံမှုများ ဖြစ်ပေါ်နေပါကြောင်း၊ မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်း၊ သောင်တူးခြင်းလုပ်ငန်းများကို မည်သည့်အချိန်တွင် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကုန်စည်ပို့ဆောင်မှုနှင့် ကုန်စည်ကိုင်တွယ်ရမှုများတစ်စတစ်စ များပြားလာသော နိုင်ငံအဝန်းကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စွာနှင့်လျင်မြန်စွာ ပို့ဆောင်ကိုင်တွယ်နိုင်ရန်အတွက် ရန်ကုန်မြစ်အတွင်း ပုဂ္ဂလိကဆိပ်ခံတံတားများကို BOT စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကာ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့ပါသည်။ ထိုကဲ့သို့ ဆိပ်ခံတံတားများအကောင်အထည်ဖော်တည်ဆောက်ခွင့်ပြုခြင်းဖြင့် နိုင်ငံတော်အနေဖြင့် ဆိပ်ကမ်းအခွန်အခများ ပိုမိုရရှိစေနိုင်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖန်တီးပေးနိုင်လျက်ရှိပါသည်။ ရန်ကုန်မြစ်အတွင်း ကမ်းနားတစ်လျှောက်နုန်းများ ပိုမိုပို့ချလာပြီး မြစ်ကြောင်းပြောင်းလဲမှုများဖြစ်ပေါ်နေရခြင်းမှာ မြစ်အတွင်း ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်ခြင်းကြောင့် မဟုတ်ဘဲ မြစ်ညာဘက်ဒေသများတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများကြောင့် နုန်းပို့ချမှုများလာခြင်းနှင့် မြစ်ကြောင်းပြောင်းလဲမှုများ ဖြစ်ပေါ်ခြင်းများကြောင့် ဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ အဆိုပါ ဆိပ်ခံတံတားများ တိုးချဲ့တည်ဆောက်ခြင်းကြောင့် နုန်းသောင်ပို့ချမှုနည်းပါးစေရန်အတွက် ဆိပ်ခံတံတားများအား Opentyped Structure Pile Foundation ဖြင့် တည်ဆောက်စေပါသည်။ ထို့အပြင် ရန်ကုန်မြစ်အတွင်း၌ ဆောက်လုပ်မည့် ဆိပ်ခံတံတားများအတွက် တံတားဦးမျက်နှာစာတိုင်း နေရာသတ်မှတ်ပေးရာတွင် မြစ်၏သဘာဝအကွေ့အကောက်အနေအထားအရ ဆိပ်ခံတံတားမျက်နှာစာလိုင်းများကိုလည်း စနစ်တကျ စိစစ်သတ်မှတ်ပြီး မြစ်အတွင်းသို့ ထိုးထွက်မှုမရှိစေရန်အတွက်လည်းကောင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက်လည်းကောင်း မြစ်ကြောင်းပြောင်းလဲမှု မရှိစေရန်အတွက်လည်းကောင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အထူးကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ နုန်းသောင်ထွန်းမှုလျော့နည်းစေရန်အတွက် ဆိပ်ခံတံတားများရှေ့တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သောင်တူးရေယာဉ်များဖြင့် လိုအပ်သောရေအနက်ရရှိစေရန် သောင်တူးဖော်မှုလုပ်ငန်းများကို လိုအပ်သလို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အတူ ပုဂ္ဂလိကဆိပ်ခံတံတားများရှေ့တွင်လည်း လိုအပ်သောရေအနက်ရရှိစေရန်အတွက် ရင်းနှီးမြှုပ်နှံသူ၏ ကုန်ကျစရိတ်ဖြင့် သောင်တူးဖော်ခြင်းလုပ်ငန်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ စီမံကြပ်မတ်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရွာသစ်ချောင်းဝပိတ်ဆို့၍ ရေမထွက်နိုင်ခြင်းကို ရေထွက်နိုင်ရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ရွာသစ်ချောင်းဝတွင် ပိတ်၍ ပိုင်ရိုက်ထားခြင်းကို စိစစ်ပေးမည်ဖြစ်ပါကြောင်း၊ ရန်ကုန်မြစ်အတွင်း သောင်တူးခြင်းနှင့်ပတ်သက်၍ အဓိကရေလမ်းကြောင်းအတွင်း သောင်တူးဖော်မှုများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရေလမ်းကြောင်းပြင်ပတွင် သောင်တူးရန်အတွက် ကမ်းပါးတည်ငြိမ်မှုကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်ဆိပ်ကမ်းဖွံ့ဖြိုးရေးအတွက် ရေလမ်းကြောင်း ပြုပြင်ထိန်းသိမ်းရေးပင်မစီမံချက်ရေးဆွဲလျက်ရှိပါကြောင်း၊ ပင်မစီမံချက်နှင့်အညီ ရေရှည်တွင် ပြုပြင်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှု အခြေအနေများ

၁။ **မြို့ပတ်ရထားများကို ၁၀မိနစ် တစ်စင်းခန့်ပြေးဆွဲပေးပါရန်နှင့် မြို့သစ်များမှ ခရီးသွားများ မြို့ပတ်ရထားလမ်းပေါ်သို့ ဖြတ်သန်းသွားနိုင်ရေး ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** မြို့ပတ်ရထားလမ်းတွင် ဘူတာပေါင်း ၃၈ ဘူတာရှိပြီး ၂၉ ဒသမ ၅ မိုင် ခန့်ခရီးကို ရထားတစ်ပတ် ခုတ်မောင်းချိန် ၃ နာရီခန့်ကြာသည်။ ရထားလမ်းများအဆင့်မြှင့်ပြုပြင်ပြီး ဖြစ်သော်လည်း လက်ရှိစက်ခေါင်းနှင့်တွဲများ အခြေအနေအရ မိုင်နှုန်းမြှင့်၍ ပြေးဆွဲမရပါ။ ထို့ကြောင့် မြန်နှုန်းမြှင့် ရထားများပြေးဆွဲနိုင်ရန်အတွက် အိန္ဒိယချေးငွေဖြင့် DMU ရထားတွဲဆိုင်းများဝယ်ယူထားရာ နောက်နှစ်နှစ်ခန့်အကြာတွင် ရရှိတော့မည်ဖြစ်ပါသဖြင့် ပြေးဆွဲသည့်အချိန်များ တိုတောင်းလာမည်ဖြစ်ပါသည်။ မြို့သစ်များမှ ပြည်သူများ မြို့ပတ်ရထားကိုချိတ်ဆက်ရန်ကိစ္စနှင့် ပတ်သက်၍ Greater Yangon Plan နှင့်အညီ LR.T များ၊ မင်္ဂလာဒုံ လေယာဉ်ကွင်း၊ ဟံသာဝတီလေယာဉ်ကွင်းတို့ကို ချိတ်ဆက်မည့် ရထားလမ်းစီမံကိန်းများကို နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ၌ လျာထားပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အတွင်းလမ်းများဖြစ်သည့် မင်းရဲကျော်စွာလမ်း၊ ရာဇာဓိရာဇ်လမ်း၊ မဟာဗန္ဓုလလမ်း၊ ဘုရင့်နောင်လမ်း၊ ဗိုလ်မင်းရောင်လမ်း၊ ဦးဝိစာရလမ်း၊ တပင်ရွှေထီးလမ်းများအား ဘတ်စ်ကားများ ပြေးဆွဲပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်အတွင်းရှိ မေးမြန်းချက်တွင်ပါရှိသော လမ်းများ၌ လမ်းတစ်လျှောက်လုံး ပြေးဆွဲမှုမရှိသော်လည်း ၄၉ အဝါယာဉ်လိုင်းသည် ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၃) ရပ်ကွက်ဂိတ်ရင်းမှ ဘုရင့်နောင်လမ်း-မင်းရဲကျော်စွာလမ်း-ဗိုလ်မင်းရောင်လမ်း-ဗိုလ်မှူးဗထူးလမ်းမှမြောက်ဥက္ကလာအဝိုင်းဖြတ်သန်းပြီး သာကေတ နဝရတ်ဂိတ်ရင်းသို့ ဒိုင်နာယာဉ် ၂၉ စီးဖြင့်လည်းကောင်း၊ ၃၇ ဘီအမ်ယာဉ်လိုင်းသည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၉) ရပ်ကွက် ဂိတ်ရင်းမှ ဘုရင့်နောင်လမ်း-ဗိုလ်မှူးဗထူးလမ်း-ဦးဝိစာရလမ်း ဘေလီတံတားအား ဖြတ်သန်း၍ ဆူးလေဂိတ်ဖျားအထိ ဘီအမ်ယာဉ် ၁၆ စီးဖြင့်လည်းကောင်း၊ ၁၀၈ ဒိုင်နာယာဉ်လိုင်းသည် ဒဂုံတက္ကသိုလ်ဂိတ်ရင်းမှ ဗိုလ်မှူးဗထူးလမ်း-ဦးဝိစာရလမ်း- ဘေလီတံတားအား ဖြတ်သန်း၍ တာမွေ အမဲဈေးအထိ ဒိုင်နာယာဉ် ၂၄ စီးဖြင့်လည်းကောင်း၊ ၃၆ ယာဉ်လိုင်းသည် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (၁၃) ရပ်ကွက်ဂိတ်ရင်းမှ ကျန်စစ်သားလမ်း- တပင်ရွှေထီးလမ်း- ပြည်ထောင်စုလမ်း-ပင်လုံလမ်းမှ ဘေလီတံတားဖြတ်၍ ဘတ်စ်ယာဉ်ကြီး ၁၅ စီးဖြင့်လည်းကောင်း ပြေးဆွဲပေးလျက်ရှိသည်။ ဒဂုံတက္ကသိုလ်မှ ရန်ကုန်မြို့တွင်းသို့ မင်းရဲကျော်စွာလမ်း- ပြည်ထောင်စုလမ်းမှ ဖြတ်သန်းသွားလာလျက်ရှိသော ယာဉ်များ၊ ရန်ကုန်မြို့တွင်းမှ ပြည်ထောင်စုလမ်း- ရာဇာဓိရာဇ်လမ်းမှတစ်ဆင့် ဒဂုံတက္ကသိုလ်သို့ပြေးဆွဲယာဉ်များ၊ ယာဉ်လိုင်းပေါင်း ၁၅ လိုင်း၊ City Bus ယာဉ်၊ ဘီအမ်ယာဉ်နှင့် ဒိုင်နာယာဉ် စုစုပေါင်း ၄၂၅ စီးခန့်ရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

မြားပစ်ရုံးခန်း စာကြည့်တိုက်ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၄

Korea International Cooperation Agency (Koica)မှ အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)သို့ မြားပစ်ရုံးခန်း အဆောက်အအုံနှင့် ISPE-KOICA စာကြည့်တိုက် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံ အားကစားကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ရုံးခန်းမ၌ကျင်းပရာ Koicaမှ ဌာနေကိုယ်စားလှယ် Mr.Nan Kwon Hyoung က လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြားပစ်ရုံးခန်း အဆောက်အအုံနှင့် ISPE-KOICA စာကြည့်တိုက် ဆိုင်ရာ စာရွက်စာတမ်းများကို အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မိုင်းယု ၁၀၅ မိုင်၌ အသိပညာပေးဟောပြော

မူဆယ် ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် မူဆယ်မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ဦးစီးကာ ကျန်းမာရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က အခမဲ့ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးအတွက် သိသင့်သိထိုက်သော ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ အခမဲ့ဆေးကုသခြင်းနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲတွင် မူဆယ်ဆေးရုံအုပ်ဒေါက်တာဦးတင်ထွန်းက သွေးတိုး၊ ဆီးချို၊ နှလုံးတို့နှင့်ဆိုင်သော ဆောင်ရန်၊ ရှောင်ရန်ဗဟုသုတများကိုလည်းကောင်း၊မူဆယ်မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဦးစိုင်းစမ်မြတ်က HIV/AIDS၊ တီဘီတို့နှင့်ဆိုင်သော ဆောင်ရန်၊ ရှောင်ရန်အသိပညာပေး ဗဟုသုတများကိုလည်းကောင်း ဟောပြောကြပြီး အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က အိုင်အိုဒင်းဆားများ ဝိုင်းဝန်းဝေငှလှူဒါန်းပေးမှုအား လည်းကောင်း၊ မူဆယ်မြို့နယ်ကျန်းမာရေးမှူးက ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်ရေးအတွက် ဆောင်ရမည့် အမျိုးသမီး၊ အမျိုးသားသုံးပစ္စည်းများကိုလည်းကောင်း တက်ရောက်လာသူများကို ဝေငှပေးခဲ့သည်။

တစ်ဆက်တည်းမှာပင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် သက်ဆိုင်သော ဗဟုသုတများကို သက်ဆိုင်ရာလူကုန်ကူးမှုတားဆီးကာကွယ်တပ်ဖွဲ့က ပညာပေးဟောပြောခဲ့ကြပြီး ပြည်သူများအရေးကြုံတွေ့ပါက မိမိတို့ထံသို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့်မိမိတို့ပြည်သူများ မှောင်ခိုလူကုန်ကူးမှုမခံရလေအောင် ဆက်သွယ် နိုင်ရန် လိပ်စာ၊ ဖုန်းနံပါတ်၊ လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြသည်။

အယ်လ်စိုး(iprd)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာငွေကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
၁။	ခွဲကျောက်ရှယ်စုံ	၁၂၁၂.၃၅ ကျင်း
၂။	သံချောင်းလုံးရှယ်စုံ	၆.၀၃၉ တန်
၃။	ဘီလပ်မြေ	၉၂.၀၅ တန်

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၄-၂-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာရောင်းချမည့်အချိန် - နံနက် ၁၀း၀၀ နာရီ
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၈-၂-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - နံနက် ၁၁း၀၀ နာရီ
တင်ဒါဖွင့်လှစ်မည့်ရက် - ၂၈-၂-၂၀၁၄ ရက်
တင်ဒါဖွင့်လှစ်မည့်အချိန် - ညနေ ၃း၀၀ နာရီ

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပြီး လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ိ/(ကျပ်တစ်သောင်း)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လျှောက်လွှာဝယ်ယူရမည့်နေရာ - အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မြိတ်ခရိုင်၊ မြိတ်မြို့၊
ဖုန်း-၀၅၉-၄၁၀၀၇၊ ၀၅၉-၄၁၁၁၇

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၇၁၉၂၉ ယာဉ်လက်ဝယ်ရှိသူ ဦးရွှမ်ယုံ HPG -၀၇၉၂၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

သုတေသနလက်ထောက်(၂) ရာထူးနေရာအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ ပြင်ဦးလွင်တွင် လစ်လပ်လျက်ရှိသည့် သုတေသနလက်ထောက်(၂)ရာထူး (လစာနှုန်း ၇၉၀၀၀ိ-၁၀၀၀ိ-၈၄၀၀၀ိ (၁၀)နေရာအတွက် အောက်ပါအရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာဘွဲ့ B.Med. Tech (Medical Laboratory Technician)၊ ဇီဝနည်းပညာ မဟာသိပ္ပံဘွဲ့ (M.S Molecular Biology, Biotechnology)၊ အဏုဇီဝဗေဒမဟာသိပ္ပံဘွဲ့ (M.Sc. Microbiology) ရရှိပြီးသူဖြစ်ပြီး ၁၄-၃-၂၀၁၄ ရက်တွင် အသက်(၃၅)နှစ် မကျော်လွန်သူ ဖြစ်ရမည်။ လျှောက်ထားသူသည် ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ မိမိ၏ ဆက်သွယ်ရန်လိပ်စာ၊ ကိုယ်ရေးမှတ်တမ်း၊ (အကျဉ်း)၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်နှင့် အောင်လက်မှတ်မိတ္တူ၊ တက်ရောက်ခဲ့ဖူးသည့် သင်တန်းများအတွက် အထောက်အထားမှတ်တမ်းများ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ကြောင်း ထောက်ခံစာများကို ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာများကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ လိပ်မူ၍ ၁၄-၃-၂၀၁၄ရက် ညနေ ၄း၃၀ နာရီအရောက် ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ချက်များ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။ ရေးဖြေ/နှုတ်ဖြေ ဖြေဆိုရမည့်ရက်များအား ထပ်မံအကြောင်းကြားပါမည်။ စုံစမ်းမေးမြန်းလိုပါက ဖုန်း-၀၈၅-၅၀၄၃၇ နှင့် ၀၈၅-၅၀၂၅၁တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ(G-40) Defomed Bar (Ø25 mm) (3000 Tons) အား ဂိုဒေါင်ရောက်တန်ဖိုး D.D.P(Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)အား ၁၉-၂-၂၀၁၄ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော ကုမ္ပဏီများအား ပြန်လည်အကြောင်းကြားပေးမည်ဖြစ်ပြီး ဈေးနှုန်းအဆိုပြုလွှာ(Price Proposal)အား ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၁ရက် မွန်းတည့် ၁၂း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် ၁၃း၀၀နာရီတွင် အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဂ/၃၉၇၇ Mitsubishi Pajero S/W ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကြည် ၃/ဘအန(နိုင်)၀၁၈၈၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

လူပျောက်

အထက်ပါဓာတ်ပုံရှင် မသန်းမိုးမြင့်(ခ) လုံးကျစ်သည် ၈-၂-၂၀၁၄ရက် ည ၇နာရီခန့်တွင် တာမွေမြို့နယ် ကျူရှင်မှ အိမ်သို့ ပြန်လည်မရောက်လာပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ သွေးဆောင်ဖြားယောင်းထားသူအား ထိရောက်စွာအရေးယူပါမည်။ **ဦးမြင့်ဆွေ**
ဖုန်း-၀၉-၃၁၀၆၂၁၃၁၊ ၅၅၄၀၀၃

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လျှပ်စစ်မီးရရှိရန်ခက်ခဲသော ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးဆိုလာပြားများဖြင့် မီးရောင်ထိန်လင်းလျက်ရှိ

မကွေး ဖေဖော်ဝါရီ ၁၄

မကွေးမြို့နယ်အတွင်းရှိ လျှပ်စစ်မီးရရှိရန်ခက်ခဲသောကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး အော်တိုဆိုလာပြားများဖြင့် ရွာမီးလင်းရေးဆောင်ရွက်မှုများရှိသောကြောင့် မြို့ပေါ်ရှိ အီလက်ထရွန်နစ်ပစ္စည်းအရောင်းဆိုင်များတွင် ဆိုလာပြားများအရောင်းသွက်လျက်ရှိသည်။ လျှပ်စစ်မီးသွယ်တန်းရန်ခက်ခဲသော ကျေးရွာများတွင် ဘက်ထရီဖြင့် မီးထွန်း၊ တီဗွီကြည့်သောစနစ်ကျင့်သုံးလျက်ရှိပြီး ဘက်ထရီအိုးများကို မီးစက်ဖြင့်အားသွင်းခြင်းနှင့် မြို့ပေါ်ဘက်ထရီဆိုင်များသို့ ပို့၍အားသွင်းရသောကြောင့် ကုန်ကျစရိတ်များပြားကာ ကရိကထများခဲ့သည်။ ယခုကဲ့သို့ ဆိုလာပြားများတပ်ဆင်အသုံးပြုခြင်းကြောင့် ဘက်ထရီအားသွင်းရခြင်းကိစ္စ ကုန်ကျမှုမရှိတော့ဘဲ အဆင်ပြေကြောင်း အီလက်ထရွန်နစ်ပစ္စည်းအရောင်းဝန်ထမ်းတစ်ဦးက ပြောသည်။ အိမ်တွင်းမီးထွန်း၊ တီဗွီကြည့်ရန် ဆိုလာပြားများကို ဘက်ထရီအမျိုးအစားအလိုက် ဈေးနှုန်းအမျိုးမျိုးရှိပြီး လမ်းမီးများ ထွန်းရန်အတွက်လည်း အော်တိုဆိုလာပြားများ ဆိုက်မျိုးစုံရောင်းချလျက်ရှိသည်။ မီးတိုင်တစ်တိုင်တွင် ဆိုလာပြားတစ်ပြား၊ ဘက်ထရီ အိုးတစ်လုံး၊ မီးသီးတစ်လုံး၊ အလင်းစု ကိရိယာတစ်ခုနှင့် ဝိုင်ယာကြိုးများ တပ်ဆင်ရပြီး ငွေကျပ် ၈၀၀၀၀ ဝန်းကျင်သာ ကုန်ကျကြောင်း၊ မီးရေးထင်းရေးနှင့် ကျေးရွာလုံခြုံရေးအတွက် အလွန် စိတ်ချရကြောင်း သိရသည်။ မကွေးမြို့နယ်အတွင်း ကျေးလက်ဒေသခံတစ်ဦးက“ ကျွန်တော်တို့ရွာမှာဆိုရင် ကိုယ့်အား ကိုယ်ကိုး မီးလင်းရေးအဖွဲ့ ဖွဲ့ထားတာရှိတယ်။ ဆိုလာပြားနဲ့ မီးသီးတွေအလှူခံပြီး ရွာလမ်းတွေမှာ တပ်ဆင်တယ်။ မီးလင်းရေး ကုသိုလ်ရှင်တွေကလည်း လှူကြပါတယ်။ အခုဆိုရင် မီးစက်၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ မီးကြိုးတွေ မလိုတော့ဘဲ အော်တိုဆိုလာပြားတွေနဲ့ မီးအလင်းရောင်တွေ ရရှိခံစားနေကြရပါပြီ”ဟု ပြောပြသည်။

ဖူးပွင့်နေခြည်(မကွေး)

ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

နတ်မောက် ဖေဖော်ဝါရီ ၁၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပင်းကျောင်းကုန်းကျေးရွာ ဇာတိနွယ်ဖွား ဆရာတော်ကြီးများ ဦးဆောင်၍ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်သော မူလတန်းလွန် ကျောင်း ကျောင်းဆောင်သစ်လွှဲအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပခဲ့သည်။

ဇာတိနွယ်ဖွား ဆရာတော်များ ဦးဆောင်၍ လုပ်ငန်းရှင်များနှင့် ရပ်ရွာလူထု၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့သော အလျား ပေ၁၅၀၊ အနံ ပေ၃၀၊ အမြင့် ၁၂ပေရှိ၍ ကုန်ကျငွေကျပ် သိန်း ၅၀၀ကျော်ဖြစ်ပြီး မြေဧကမှာ ၆ ဒသမ ၈၅ဧက ကျယ်ဝန်းကြောင်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းဖြင့် မိမိတို့ကျေးရွာမှ အခြားကျေးရွာများသို့သွားရောက် ပညာသင်ယူနေသော မူလတန်းလွန် ကျောင်းသားများအတွက် ရည်ရွယ်၍ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်ဟု ကျောင်းဆောင်သစ် ဆောက်လုပ်ရေး တာဝန်ခံက ပြောသည်။

အဆိုပါအခမ်းအနားတွင် မကွေးတိုင်းဒေသကြီးလူမှုရေးဝန်ကြီးဦးအောင်ကျော်မင်း၊ ပညာရေးညွှန်ကြားရေးမှူး ဦးလှသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးနေဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ငြိမ်းယုနှင့် ကျောင်းဆောင်သစ် အလှူရှင် ရွှေပန်းထိမ်ဆရာကြီး ဦးညီလှတို့ကကျောင်းဆောင်သစ်ကို ဖွင့်လှစ်ခဲ့သည်။

လှဝင်း(နတ်မောက်)

သီပေါ၌ မီးပွိုင့်တပ်ဆင်

သီပေါ ဖေဖော်ဝါရီ ၁၄

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကော်မတီ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရန် မီးပွိုင့်တပ်ဆင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက မိုင်းပွန်လမ်းနှင့် လမ်းမတော် လမ်းထောင့်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက မီးပွိုင့်တပ်ဆင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးရဲထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေနှင့် မြို့မိမြို့ဖ ဦးအောင်ခင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးလိုက်သည်။ **(အောက်ပုံ)**

စိုင်း(သီပေါ)

မန္တလေးတွင် ဇန်နဝါရီလအတွင်း ယာဉ်တိုက်မှု ယခင်နှစ်ထက် လျော့နည်း

မန္တလေး ဖေဖော်ဝါရီ ၁၄

မန္တလေးခရိုင်အတွင်း ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ယာဉ်တိုက်မှု ၂၈ မှုဖြစ်ပွားရာ ၁၃ ဦး သေဆုံးပြီး ၄၀ ဒဏ်ရာရရှိခဲ့သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးခရိုင်အတွင်း ယာဉ်တိုက်မှု ၃၂ မှု ဖြစ်ပွားပြီး ၂၁ ဦး သေဆုံးကာ ၂၁ ဦး ဒဏ်ရာရရှိခဲ့သဖြင့် ယခင်နှစ်ထက် ယခုနှစ် ဇန်နဝါရီလသည် ယာဉ်တိုက်မှု လေးမှုနှင့် သေဆုံးသူရှစ်ဦး လျော့နည်းခဲ့သော်လည်း ဒဏ်ရာရသူ ၁၈ ဦး ပိုမိုများပြားခဲ့ကြောင်း၊ ဇန်နဝါရီလတွင် မန္တလေးခရိုင်အတွင်း လိုင်စင်မဲ့ယာဉ်သုံးစီး စစ်ဆေးဖမ်းဆီးခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေး ဦးစီးဌာနသို့ ပို့ဆောင်စိစစ်ထားကြောင်း၊ စည်းကမ်းမဲ့ မောင်းနှင်လာသော မော်တော်ယာဉ် ၄၇ စီးကို ဇန်နဝါရီလအတွင်း မော်တော်ယာဉ် ဥပဒေဖြင့် အရေးယူခဲ့သော်လည်း ဆိုင်ကယ်များကို အရေးယူမှုမရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယာဉ်တိုက်မှု ဖြစ်ပွားရာတွင် ဆိုင်ကယ်ကြောင့် ယာဉ်တိုက်မှု၂၁မှု ဖြစ်ပွားခဲ့ပြီး မော်တော်ယာဉ်ပါသော ယာဉ်တိုက်မှု ခုနစ်မှုဖြစ်ပွားခဲ့သည်။ မန္တလေးခရိုင်အတွင်း ဇန်နဝါရီလ အတွင်း ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသော မြို့နယ်မှာ မန္တလေးမဟာအောင်မြေမြို့နယ်ဖြစ်ပြီး ယာဉ်တိုက်မှုရှစ်မှု ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးကာ ၁၃ ဦး ဒဏ်ရာရရှိခဲ့ပြီး ယာဉ်တိုက်မှု အများဆုံးအချိန်မှာ ညနေ ၆ နာရီခွဲမှ ည ၁၂ နာရီအတွင်း ၁၄ မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိုက်မှု ၂၈ မှုတွင် မဆင်မခြင်မောင်းနှင်မှု ၁၇ မှု၊ အရှိန်ပြင်းစွာ မောင်းနှင်မှုငါးမှုနှင့် ယာဉ်မောင်း မကျွမ်းကျင်မှု ခြောက်မှုပါဝင်ခဲ့ကြောင်း သိရသည်။ **(ဝ၄ဝ)**

မွေးနေ့မင်္ဂလာဆုတောင်း

၁၅-၂-၂၀၁၄ ရက်တွင် ကျရောက်သော မြေးလေးဘုန်းခန့်ကို၏ ရက်တစ်ရာပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း ရာကျော်တိုင်အောင် မိသားစုနှင့်အတူ အေးချမ်းသာယာသောဘဝကို ပိုင်ဆိုင်နိုင်ပြီး တောင့်တသမျှ ပြည့်ဝသော သားကောင်းရတနာတစ်ဦးဖြစ်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘိုးဘိုး၊ဘွားဘွား - ဦးခင်မောင်မြင့်-ဒေါ်ကြင်ညွန့်

ဦးဦး၊ဒေါ်ဒေါ် -မနေဇာလင်း၊ ကိုစိုးထက်အောင်၊ ကိုကျော်စိုးအောင်

သုံးဆယ်မြို့အသင်း(ရန်ကုန်)၊ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားခြင်း

သုံးဆယ်မြို့အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ၊ သုံးဆယ်မြို့သူ မြို့သားများ၊ အသင်းမဝင်ရသေးသော်လည်း အသင်းဝင်လိုသူများနှင့် မိသားစုများသည် ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ (မပျက်မကွက်)တက်ရောက်ကြပါရန်နှင့် ၃၁-၁၂-၂၀၁၃ရက်တွင် အသက်(၈၀)ပြည့်ပြီးသူ ကန်တော့ခံ အသင်းဝင်များစာရင်း ၂၀၁၂ နှင့် ၂၀၁၃ခုနှစ်များက ပါရဂူဘွဲ့ရှိခဲ့သူများ တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏သားသမီးများစာရင်းကို အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ထံ ၁၇-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် လေးစားစွာနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

သုံးဆယ်မုန့်ဟင်းခါးနှင့်ဧည့်ခံကျွေးမွေးပါမည်။

ကျင်းပမည့်နေ့ရက် ။ ။၂၃-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် ။ ။နံနက် ၉ နာရီ

ကျင်းပမည့်နေရာ ။ ။သုံးဆယ်ကျောင်း၊ အရှေ့ဉယျာဉ်တိုက်၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်။

ဆက်သွယ်ရန် - အတွင်းရေးမှူး ဦးမောင်နှစ် (ဖုန်း-၀၉-၂၅၀၀၀၁၇၃၆)၊

တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်အုန်း (ဖုန်း-၀၉-၄၂၃၇၃၃၃၆၆)

အမှုဆောင်အဖွဲ့

ရောင်းမည်

(က) ၅၂လမ်း၊ မြေညီ၊ နှစ်လွှာ

(ခ) ယုဇနပလာဇာ၊ မြေညီ ထပ်၊ မျက်နှာစာတန်း ဆိုင်ခန်း

ဖုန်း-၀၉-၅၁၃၇၂၃၇၊

၀၉-၅၀၇၇၄၄၄

၀၉-၈၆၃၄၀၇၇

ရက်(၁၀၀)ပြည့် မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်သမီးဦးလေး မမေခွန်းချို(ခ)ဖြူစင်ချမ်းမြေ့၏ ၁၅-၂-၂၀၁၄ ရက်တွင် ကျရောက်သော ရက်(၁၀၀)ပြည့် မွေးနေ့မှသည် နှစ်ပေါင်း ၁၂၀ ကျော်တိုင်အောင် ချစ်သောမိသားစုနှင့်အတူ အေးချမ်းသာယာသော ဘဝကိုပိုင်ဆိုင်၍ ထူးချွန်ထက်မြက်လိမ္မာယဉ်ကျေးပြီး ဘာသာသာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော သမီးကောင်းရတနာလေး ဖြစ်ပါစေဟု ချစ်သောမိသားစုမှ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သော ဘိုးဘိုး ဘွားဘွားများ-

ဦးတင်အောင်-ဒေါ်လှိုင်

ဗိုလ်ကြီးမျိုးမြင့်သန်း(ငြိမ်း)-ဒေါ်ဝင်းဝင်းသန်း

ချစ်ဖေဖေ ဗိုလ်ကြီးအောင်သူရ-ချစ်မေမေ မဝေဝေလှိုင်

ဘဘ၊ ကြီးကြီးနှင့် တီတီလေးများ

အထက(၁) လပွတ္တာမြို့ မြတ်ဆရာပူဇော်ပွဲ (၂၀၁၄)

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားပို့ချပေးခဲ့ကြသော အသက်(၆၀)ပြည့် (အငြိမ်းစား)ဆရာကြီး ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲ (၂၀၁၄)ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်ကြားလွှာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်အပူဇော်ခံကြပါရန်နှင့် အနယ်နယ်အရပ်ရပ်မှ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ဂါရဝပြုကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၄ ခုနှစ်၊ မတ် ၂၆ ရက် (ဗုဒ္ဓဟူးနေ့)

ကျင်းပမည့်အချိန် - ညနေ ၃ နာရီ

ကျင်းပမည့်နေရာ - အထက(၁)၊ လပွတ္တာမြို့

ဆက်သွယ်ရန်နှင့် အလှူငွေထည့်ဝင်ရန်

- လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)၊ ဖုန်း-၀၁-၂၂၂၀၈၈
- ဦးသန်းထွန်း ဖုန်း-၀၉-၄၄၈၀၀၉၆၃၃၊ ဦးခင်မောင်လေး(ဝါဝါ) ဖုန်း-၀၉-၅၁၅၅၃၉၉
- ဦးဝင်းလှိုင် ဖုန်း-၀၉-၅၁၃၀၂၇၀၊ ဦးကျော်အေးမြင့် ဖုန်း-၀၉-၅၁၅၃၁၃၄
- ဒေါ်ညိုညိုလေး(ညိုမီ) ဖုန်း-၀၉-၅၀၆၂၂၃၅

ကျင်းပရေးကော်မတီ(ရန်ကုန်)

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီတိုးချဲ့၊ မြေကွက်အမှတ်(၁၇၂၀)၊ အမည်ပေါက် ဒေါ်အေးအေးသန်း၏ မြေကွက်ကို လက်ရှိ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ရောက်လူ ၁၃/ဟပတ(နိုင်)၀၀၆၉၅၇မှ မြေကွက်စလစ် (မူရင်း)၊ ငွေသွင်းချလန် (မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း) များတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

မော်လမြိုင် ဖေဖော်ဝါရီ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်းသို့ နေ့စဉ်ဝင်/ထွက်သွားလာသည့် မော်တော်ဆိုင်ကယ်များ စည်းကမ်းမဲ့မောင်းနှင်ပါက ထိရောက်စွာဖမ်းဆီးအရေးယူမှုကိုအရှိန်အဟုန်မြှင့် တိကျစွာဆောင်ရွက်ကြရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့စီစဉ်ဆောင်ရွက်ပေးမှု၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ညွှန်ကြားမှုဖြင့် မော်လမြိုင်မြို့နယ်အမှတ်(၉)ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှူး ရဲမှူး ညွန့်ဝေ ဦးဆောင်သော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့နယ်အတွင်း အချက်အချာကျသည့်လမ်းဆုံ လမ်းခွနေရာများတွင် နေ့စဉ်ရှောင်တခင် ရပ်တန့်စစ်ဆေးအရေးယူမှုများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံချက်အရ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၁၂ လအတွင်း မော်တော်ဆိုင်ကယ်စည်းကမ်းမဲ့မောင်းနှင်သူများကို အရေးယူ ဒဏ်ရိုက်ခြင်းနှင့်မော်တော်ယာဉ်ကုန်ပိုတင်မှု၊ စည်းကမ်းနှင့်မညီညွတ်မှုများကို အရေးယူခဲ့ရာတွင် မော်တော်ဆိုင်ကယ်ဦးထုပ်မဆောင်းမှု ၅၀၄၂ မှု၊ လိုင်စင်မပါမှု ၃၀၀၀၊ နံပါတ်မတပ် ၃၆၃ မှု၊ မော်တော်ဆိုင်ကယ် သုံးဦးစီးမှု ၈၀ နှင့် မော်တော်ယာဉ်ကုန်ပိုတင် ၁၅၃၄ မှု၊ လုပ်ငန်းလိုင်စင်မပါ ၇၃ အမှု ၊ နံပါတ်မတပ် တစ်မှုတို့ကို ဖမ်းဆီးအရေးယူခဲ့သည်။

အဆိုပါ မော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ်တို့ကို ဥပဒေနှင့်အညီ ဒဏ်ရိုက်ခြင်းမှ ရရှိငွေကျပ်သိန်း ၂၄၀ ကျော် ရရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရှောင်တခင်ရပ်တန့်စစ်ဆေးမှုများကို ဇန်နဝါရီလမှ ဖေဖော်ဝါရီ ၇ ရက်အထိ မော်တော်ဆိုင်ကယ်ဦးထုပ်မဆောင်း ၃၉၁ မှု၊ လိုင်စင်မပါ ၁၃၃၇ မှု၊ နံပါတ်မတပ် အမှု ၉၀၊ မော်တော်ဆိုင်ကယ် သုံးဦးစီး ၅၃ မှု၊ မော်တော်ယာဉ်ကုန်ပိုတင် ၂၆၁ မှု စုစုပေါင်း ဒဏ်ငွေကျပ် ၃၈၄၆၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

မြန်မာနိုင်ငံဆရာဝန်အသင်း
အမျိုးသမီးဆရာဝန်များအဖွဲ့ အမှုဆောင်သစ်ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အမျိုးသမီးဆရာဝန်များအဖွဲ့၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ စိတ်တိုင်းကျစားသောက်ဆိုင်ခန်းမ၌ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်မာအေးနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)မှ အထွေထွေအတွင်းရေးမှူး ပါမောက္ခဦးစောဝင်းတို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌဒေါက်တာခင်မာအေးက "ပြည်သူ့ဗဟိုပြုကျန်းမာရေးဆောင်ရွက်ပေးမှုအဖြစ် အထူးကုဆရာဝန်ကြီးများအပါအဝင် အခမဲ့ နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်း၊ အမျိုးဘာသာ သာသနာ၊ ပညာရေးလုပ်ငန်းများတွင်လည်း အခြားသောလူမှုရေး အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အမျိုးသမီးဆရာဝန်များအဖွဲ့က တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း" ပြောကြားခဲ့သည်။ ထို့နောက် အလုပ်အမှုဆောင်သစ်ကို ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ရာ ဥက္ကဋ္ဌ ဒေါက်တာခင်မာအေးနှင့် ဒုတိယဥက္ကဋ္ဌ သုံးဦး၊ အတွင်းရေးမှူးဒေါက်တာဆွေဆွေလှိုင်နှင့်တွဲဖက်အတွင်းရေးမှူး လေးဦး၊ ဘဏ္ဍာရေးမှူး ဒေါက်တာယုယုလွင် အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင် ၄၉ ဦးကို ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုသရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးပြီး (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုသရုပ်ပြပွဲနှင့် တိုင်းရင်းသားပေါင်းစုံ ချစ်ကြည်ရေးတေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက အထက(၃)ကျောင်းခန်းမဆောင်၌ ကျင်းပရာ ကျောင်းသူလေးများက တိုင်းရင်းသားလူမျိုးပေါင်းစုံ ရှမ်း၊ ချင်း၊ ကချင်၊ မွန်၊ ရခိုင်၊ ကရင်၊ ကယား၊ မြန်မာတို့၏ ဝတ်စားဆင်ယင်မှုများဖြင့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြသည်။ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် အကဖြင့် ဆုရရှိခဲ့ကြသော ကျောင်းသူ မရတနာလှိုင်နှင့်မပိုးအိလှိုင်ဦးတို့က တပင်တိုင်အကများဖြင့် ဧည့်ခံကပြဖျော်ဖြေပြီး တိုင်းရင်းသားပေါင်းစုံညီတေးသီချင်း ပြည်ထောင်စုလေ့ တေးသီချင်း၊ ကရင် ဒုံးယိမ်းအကများကို အထက (၃)ကျောင်းသူလေးများက သီဆိုကပြ ဖျော်ဖြေကြသည်။ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးသူတင်တို့က အကအဖွဲ့ကျောင်းသူလေးများကို ဂုဏ်ပြုပန်းခြင်းနှင့် ဆုငွေများပေးအပ်ဂုဏ်ပြု ချီးမြှင့်ကြသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ကွမ်းလုံ၌ နံရံကပ်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကျင်းပ

ကွမ်းလုံ ဖေဖော်ဝါရီ ၁၄

ကွမ်းလုံ၌ နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းအောင်က ကျောင်းသားလူငယ်များ အချိန်ကို အကျိုးရှိစွာ အသုံးချရေး၊ အားလပ်ချိန်တွင် ကျောင်းစာအပြင် မိမိအတွက် အကျိုးကျေးဇူးရရှိမည့် ပြင်ပဗဟုသုတစာပေများကို လေ့လာဖတ်ရှုရန် အသိပေးဟောပြောခဲ့သည်။

စာအုပ်စာစောင်ပြပွဲကို ဖေဖော်ဝါရီ ၁၃ ရက်အထိ ပြသသွားမည်ဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပင်လုံညီလာခံနှင့် ပတ်သက်သော သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ပြည်ထောင်စုနေ့နှင့် ပတ်သက်သောအကြောင်းအရာများ၊ သန့်ခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ အသိပေးအကြောင်းအရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးအကြောင်းအရာများ၊ အာဆီယံ အထိမ်းအမှတ်ခရေပွင့်အဓိပ္ပာယ်နှင့် သိမှတ်ဖွယ်ရာများကို ပြသထားသည်။

စိုင်းဇော်ခမ်း(iprd)

ပြည်သူလိုတာ လုပ်ဖို့ရာ ကျရာ အခွန်ပေးဆောင်ပါ

သတင်းတို

ခေါင်းတုံရွာတွင် တစ်ဖက်ပိတ်ဆည်ဖွင့်

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါမြို့နယ် ခေါင်းတုံရွာတွင် ခေါင်းပွာချောက် တစ်ဖက်ပိတ်ဆည်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က အဆိုပါ ဆည်အနီး၌ ကျင်းပရာမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦးနှင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါဆည်ကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ် ခွင့်ပြုငွေကျပ် ၄၅သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၅ သိန်းတို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် လယ်မြေဧက ၁၅၀ ကို မိုးစပါး အောင်ရေပေးသွင်းနိုင်မည်ဖြစ်ကြောင်းသိရသည်။ **(၁၀၁)**

အင်ကြင်းကျောက် တူးဖော်မှု ပိတ်ပင်ဆဲ

နွားထိုးကြီးမြို့နယ်ထွက် အင်ကြင်းကျောက်တူးဖော်မှုကို ကျေးရွာ(ငါး)ရွာ၌ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဆက်လက်ပိတ်ပင် တားမြစ်ထားကြောင်း ဒေါင့်ဘိုးရွာအင်ကြင်းကျောက်တူးသူတို့က ပြောပြသည်။ ခွင့်ပြုချက်မရဘဲ အင်ကြင်းကျောက်တူးဖော်ခြင်းကို ထောင်ဒဏ်အပြစ်ပေးမည်ဟု မြို့နယ်ကသတိပေးထား၍ ဒေါင့်ဘိုးရွာတွင် အင်ကြင်းကျောက်မတူးရဲကြောင်း သိရသည်။ ကျီးကန်၊ ဘုရားကြီး၊ တန်းဇင်၊ တပါယ်ရွာများရှိ အင်ကြင်းကျောက်ကွင်းများတွင် လမ်းနှင့်နီးသော လူမြင်ကွင်းကို တူးဖော်မှုမပြုကြဘဲ တောထဲ၌သာ တူးနေကြကြောင်း ကျေးရွာသား အချို့က ဆိုသည်။ **(နွားထိုးကြီး မီဒီယာ)**

(၄၆)ကြိမ်မြောက်
အလောင်းတော်ကဿပဖူးမြော်ရန် (ဒုတိယခရီးစဉ်)

အလောင်းတော်ကဿပအရှင်မြတ်ကြီးအား (၄၆)ကြိမ်မြောက် ဖူးမြော်ရန်နှင့် တပေါင်းလပြည့်နေ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတော် ၁၁-၃-၂၀၁၄ ရက်သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လိုက်ပါဖူးမြော်လိုသူများသည် အလောင်းတော်ကဿပ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဌေး အမှတ် ၈၂၁၊ မဟာဗန္ဓုလလမ်းနှင့် ၁၀ လမ်းထိပ်၊ အမှတ်(၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၃၀၀၀၇၄၊ ၀၁-၂၂၆၀၂၄၊ ၀၉-၂၅၄၁၁၂၃၁၇၊ ၀၉-၇၃၀၀၂၄၇၃ တို့သို့ ဆက်သွယ်နိုင်ပါသည်။

သင်္ကြန်အထူးခရီးစဉ် (၁၂-၄-၂၀၁၄)ရက် ထွက်ပါမည်။

(၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ တက်ရောက်ပေးပါရန် ဖိတ်ကြားခြင်း

၂၀-၂-၂၀၁၄ရက်တွင် ကျရောက်မည့် (၆၆)နှစ်မြောက် ချင်းအမျိုးသားနေ့ကို နေပြည်တော်ရှိ ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီမှကြီးမှူး၍ အောက်ပါအတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀-၂-၂၀၁၄ ရက်
ကျင်းပမည့်အချိန် - ၁၈း၀၀ နာရီမှ ၂၃း၀၀ နာရီထိ
ကျင်းပမည့်နေရာ - မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC) နေပြည်တော်

ပွဲကျင်းပရေးအတွက် အလှူငွေထည့်ဝင်လိုသူများ အောက်ပါလိပ်စာများသို့ ထည့်ဝင်နိုင်ပါသည်။

ဦးစိုးထက် ဖုန်း-၀၉-၈၆၂၁၈၅၁၊ ဦးဝင်းစိုးဦး ဖုန်း-၀၉-၄၄၈၅၄၈၇၅၈၊ ဦးမောင်ထွန်း ဖုန်း-၀၉-၄၃၀၇၈၈၃၀၊ ဦးလိုင်ဒိန်း ဖုန်း-၀၉-၄၄၈၅၃၅၀၉၀၊ ဦးပါဆွီး ဖုန်း-၀၉-၄၄၈၅၃၄၁၇၄

ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီ၊ နေပြည်တော်

အထက(၂) စစ်တွေ
ဆရာ/ဆရာမတို့အား
ဂါရဝပြုကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏သားသမီးများကို ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ဘက်စုံပညာ ထူးချွန်ထက်မြက်အောင် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျိုးဆက်သစ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဘဏ်စုံထူးချွန် လူရည်ချွန်ကလေးများဖြစ်အောင် စေတနာ၊ ဝါသနာ၊ အနစ်နာတို့ကိုအရင်းခံ၍ သင်ကြားပြသ ဆိုဆုံးမပေးကြပါသော အထက(၂) ကျောင်းအုပ်ဆရာကြီးနှင့်တကွ ဆရာဆရာမတို့ကို ကျွန်တော်တို့ မိဘများက လှိုက်လှဲစွာဖြင့် အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

တက္ကသိုလ်ဝင်တန်း	- မောင်ပြည့်ဖြိုးဟိန်း	(၂-ထပ်ကွမ်းလူရည်ချွန်)
	- မစိုးစန္ဒီ	(၂-ထပ်ကွမ်းလူရည်ချွန်)
န၀မတန်း	- မောင်ဖြိုးခန့်စည်သူ	(၂-ထပ်ကွမ်းလူရည်ချွန်)
	- မသဲနုစံ	(၂-ထပ်ကွမ်းလူရည်ချွန်)
အဋ္ဌမတန်း	- မောင်မင်းမြတ်ခိုင်	(လူရည်ချွန်)
	- မခင်ထက်ထက်ကျော်	(လူရည်ချွန်)

လူရည်ချွန်မောင်မယ်များနှင့်
မိဘများ

ပြောင်းလဲခေါ်ပါရန်

ဦးဟန်မြတ်ဇော်၏သမီး မော်လမြိုင်မြို့၊ အထက(၈)တွင် ပညာသင်ကြားနေသော Grade-II-B တန်းမှ မချောချောဟန်အမည်အား မချောအိအိမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

မချောအိအိမြတ်

ဒုတိယအကြိမ် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ သက်ကြီးပူဇော်ပွဲ

အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့တွင် လုပ်သက် (၅)နှစ်နှင့်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၇၅)နှစ်ပြည့်ပြီးသူ အရာထမ်း/အမှုထမ်းများအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ လုပ်ဖော်ကိုင်ဖက် ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံး တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - ၈-၃-၂၀၁၄ ရက် (စနေနေ့)
အချိန် - နံနက် ၉း၀၀ နာရီ
နေရာ - သုနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ။

ယခုအခါ ကန်တော့ခံပုဂ္ဂိုလ်များကို စာရင်းပြုစုဆက်သွယ်လျက်ရှိရာ ဆက်သွယ်မှုမရလျှင်ဖြစ်စေ၊ အလှူငွေထည့်ဝင်ပေးအပ်လိုလျှင်ဖြစ်စေ ၂၈-၂-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ပါ ကျင်းပရေးကော်မတီဝင်များထံ ဆက်သွယ်ခြင်း/လှူဒါန်းခြင်း ပြုလုပ်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-

ဆက်သွယ်ရမည့်ကျင်းပရေးကော်မတီဝင်များ

(၁) ဒေါက်တာဒေါ်ခင်မျိုးမြင့် ဖုန်း-၀၉-၅၀၁၁၈၆၂၊ ၀၁-၅၁၈၀၀၃၊ (၂) ဒေါက်တာဒေါ်တီတီ ဖုန်း-၀၉-၅၁၂၁၂၁၉၊ ၀၁-၂၁၁၉၁၄၊ (၃) ဒေါက်တာဒေါ်လှကြင် ဖုန်း-၀၉-၅၁၂၆၄၉၂၊၀၁-၅၄၀၆၈၉၊ (၄) ဦးခင်မောင်ဦး ဖုန်း-၀၉-၆၃၀၀၅၆၈၊(၅) ဒေါ်ခင်ခင်မြင့် ဖုန်း-၀၁-၂၉၈၈၃၂၊ (၆) ဒေါ်လှလှကြည် ဖုန်း-၀၉-၇၃၀၃၄၆၇၁

မိဘအမည်မှန်

လားရှိုးမြို့၊ အလက(၈)၊ ပဉ္စမတန်း (ဂ)မှ မဖြူဖြူသန့်(ခ)မပြီးခွေနှင့် မောင်ခန့်သော်(ခ)မောင်ပြည်ဟန်တို့၏ မိဘအမည်မှန်မှာ ဦးရှောက်ဂျီး ၁၃/လရန(နိုင်)၀၆၃၇၉၀ နှင့် ဒေါ်ဟွမ်ရှန် ၁၃/လရန(နိုင်)၁၂၂၉၁၈ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့နယ်၊ ဒေါင့်ကြီးကျေးရွာအုပ်စု၊ ခုံကြီးကျေးရွာနေ ဦးသိန်းမောင်၏သမီး မအေးမြသီတာခက်(ခ)မအေးမြတ်သီတာခက် ၁၄/လမန(နိုင်)၀၇၀၀၄၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မအေးမြသီတာခက်(ခ)
မအေးမြတ်သီတာခက်

သတင်းတို

ကျိုက်မရောမြို့နယ် ကဒါကျေးရွာ ကျောင်းဆောင်သစ်ဖွင့်

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကဒါကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲတွင် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကိုယ့်အားကိုယ်ကိုး နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။ ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီး ဦးအုန်းမြင့်၊ ပြည်နယ် စည်ပင်သာယာရေး ဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းတို့က အမှာစကား ပြောကြားသည်။ မုဒုံမြို့ ဂျုံးဂျုံးကျဆရာတော်ဘဒ္ဒန္တကိတ္တိဝဏ္ဏ၊ ပြည်နယ်ဝန်ကြီးဖြစ်သည့် ဒေါက်တာတိုးတိုးအောင်နှင့် ဒေါက်တာလှဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါကျောင်းဆောင်သစ်မှာ အလျား ၁၃၀ ပေ၊ အနံ ၃၀ ပေရှိ သံကူကွန်ကရစ်နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ကျေးရွာနေပြည်သူများ ထည့်ဝင်ငွေကျပ် ၆၇၃ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လ/ဝ၁၂

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

မန္တလေး ဖေဖော်ဝါရီ ၁၄

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှကြီးမှူး၍ မန္တလေးဘီယာမှအဓိကပံ့ပိုးကူညီမှုဖြင့် ဆရာဒသသကျင်းပသော (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီက မန္တလေးအောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာ အားကစားခန်းမ၌ ကျင်းပရာ သုံးချီပွဲ သုံးပွဲ၊ လေးချီပွဲ လေးပွဲ၊ ငါးချီပွဲ သုံးပွဲနှင့် အထူးငါးချီစိန်ခေါ်ပွဲတစ်ပွဲတို့ကို ကျင်းပခဲ့သည်။

မြန်မာ့ရိုးရာလက်ဝှေ့ သုံးချီပြိုင်ပွဲတွင် မျိုးဆက်သစ် (မြွေပွေး)က ညီဖိုက်တာ မိတ္တီလာကို ဒုတိယအချီ၌နိုင်ပြီး လွမ်းချိုင်း (ရွှေဖားစည်)က သူရချောလေး (စွမ်းကေကေ) အား ပထမအချီတွင် အလဲထိုးအနိုင်ရရှိသွားကာ သူရမိုး (စွမ်းကေကေ)နှင့် သူရလိပ် (ဂေါ်ဝိန်) တို့က အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေပွဲဖြစ်သွားသည်။

လေးချီစိန်ခေါ်ပွဲတွင် မြွေပွေးမိုက် (မြွေပွေး)က ဗထူးမောင်(ဗထူးကလပ်)ကို ဒုတိယအချီတွင် အနိုင်ရရှိခဲ့ပြီး လှိုင်းထက်အောင်(အဖြူရောင်သွေးသစ်)က ဇွဲကျောင်းသား(စစ်ကိုင်း)ကို ဒုတိယအချီတွင် အလဲထိုးအနိုင်ရရှိခဲ့ကာ စိတ်မျိုးအောင်၊ ဇာတိမာန် ၁ နှင့်မြလျှံချယ်(ရွှေလက်သီး)တို့ပွဲနှင့် စိန်လုံးချော(စိန်ဘုရင်)နှင့် ဒေါင်းဖြူ (ရွှေဖားစည်)တို့ပွဲစဉ်တွင် အထူးအလံ၌ အနိုင်အရှုံးမပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။ ငါးချီစိန်ခေါ်ပွဲတွင် ကွင်းအောင်နိုင်ထူး(ရွှေကုက္ကို)က ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)ကို ဒုတိယအချီတွင် အနိုင်ထိုးသတ်ခဲ့ပြီး ဖိုးကေ (ကျားဖြူ)က ပိတောက် (စစ်ကိုင်း)ကို ပထမအချီ၌ အလဲထိုးကာ ဒေါင်းသဲခြေ (ရွှေဖားစည်)က မိုးမခ (စွမ်းကေကေ) ကို ဒုတိယအချီ၌ အလဲထိုးနိုင်ခဲ့သည်။ အထူးငါးချီစိန်ခေါ်ပွဲတွင် ဖိုးသားကြီး (မန္တလေး)က ရွှေမင်းရာဇာ (ဘားအံ)ကို ပထမအချီတွင် အလဲထိုးအနိုင်ရရှိသွားသည်။

မန္တလေးမှမြန်မာ့ရိုးရာလက်ဝှေ့အားကစားကို နေ့ခင်းပိုင်း လာရောက် အားပေးကြည့်ရှုသည့် ပရိသတ်တွေ မျှော်လင့်ခဲ့သည့် အထူးငါးချီစိန်ခေါ်ပွဲက အကြိတ်အနယ်မရှိခြင်းကြောင့် အကြိုက်မတွေ့ခဲ့ဘဲ ရွှေမင်းရာဇာက ရေကုန်ရေခန်းမထိုးသတ်ဘဲ ပထမအချီမှာ အရှုံးပေးခဲ့ခြင်းကြောင့် ပြိုင်ပွဲက အင်တိုက်အားတိုက် အကြိတ်အနယ်မရှိခဲ့ပေ။ မန္တလေးလက်ဝှေ့ပွဲများမှာ ထိုးကြေးကို အသေသတ်မှတ်ထားခြင်းကြောင့် ရှုံးခြေရှိသည့် လက်ဝှေ့သမားများက အရှုံးပေးလေ့ရှိသည်။ အရင်ခေတ်က လက်ဝှေ့ထိုးသတ်ကြေးကို အနိုင်အရှုံး၊ သရေဆိုပြီး သတ်မှတ်ပေးထားသည်။ ထိုးကြေးအသေသတ်မှတ်တာကြောင့် ပွဲကောင်းတွေလျော့နည်းသွားကြောင်း မြန်မာ့ရိုးရာလက်ဝှေ့ အဖွဲ့ချုပ်မှ ဒိုင်ချုပ်ဦးဒေါင်းနီက ပွဲအပြီးမှာ ပြောကြားခဲ့သည်။

တင်မောင်(မန္တလေး)

မြင်းခြံ-မြို့သာ ခေါက်ပြန်ရထားအဆင်ပြေ

မြင်းခြံ-နွားထိုးကြီး-မြို့သာ RVE ရထားမှာ နေ့စဉ်ခေါက်ပြန် ပြေးဆွဲမှုတွင် ဒေသခံများအတွက် ခရီးသွားလာမှု လွယ်ကူအဆင်ပြေပြီး ကား၊ ထော်လာဂျီထက် ခရီးစရိတ်သက်သာမှု ရှိနေ၍ ဝမ်းသာနေကြကြောင်း ဒေသခံများက ပြောသည်။ မြင်းခြံ-မြို့သာခရီးမှာ ကားလမ်းမရှိသော ကျေးရွာများပြား၍ ရထားကိုသာ အားကိုးနေရပြီး ရထားအရှုံးပေါ်၍ မပြေးဆွဲမှာကို စိုးရိမ်နေကြသည်။ ရထားလက်မှတ်ဝယ် စီးနင်းကြရန် ဒေသခံအချင်းချင်းပညာပေးမှုကြောင့် ရထားလက်မှတ်ဝယ်စီးသူများ၍ အရှုံးမရှိပါဟု မြန်မာ့မီးရထားက ဆို၏။ ယခုအခါ RVE ရထားတွဲနှစ်တွဲဖြင့် တစ်တွဲတိုးကာ ပြေးဆွဲပေး၍ ဒေသခံတို့ လုမစီးရဘဲ အဆင်ပြေသည်ဟု ဆို၏။ ဝက်လူ၊ ဆူးဖြူကုန်း၊ မြို့သာဘူတာများမှာ ယင်းရထားကြောင့် ကုန်စည်စီးဆင်းမှု မှန်ကန်နေ၍ ဒေသထွက်ကုန်လုပ်ငန်းများ အဆင်ပြေနေသည်ဆို၏။

ခင်ဇာမွန်မြင့်

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မာရသွန်ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျောက်တံခါးမြို့၌ကျင်းပ

ကျောက်တံခါး ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အား/ကာကော်မတီက ကြီးမှူးပြီး ဒေသလုပ်ငန်းရှင်များ ပူးပေါင်း၍ (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မီနီမာရသွန်ပြိုင်ပွဲ (၁၂)မိုင်ခရီးကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၅ နာရီခွဲက ဖဒိုမြို့ ဘုရားကြီးကွင်းမှ တာလွှတ်၍ ကျောက်တံခါးမြို့တွင် ပန်းဝင်ခဲ့ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျောက်တံခါးမြို့ ပန်းဝင်နေရာ၌ ကျင်းပရာ မီနီမာရသွန်ပြိုင်ပွဲကို အားကစားသမား ၄၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ငွေကျပ် နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်းခွဲ၊ တတိယဆု ငွေကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆု ခုနစ်ဆုကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀၊ ဇွဲဆု(၁) ၁၀ ဆုကို တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀၊ ဇွဲဆု (၂) ၁၆ ဆုကို တစ်ဦးလျှင် ငွေကျပ် ၇၀၀၀စီဖြင့် ဆုများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်နှင့် အထောက်အကူပြုများ၊ အား/ ကာကော်မတီနှင့် ဒေသလုပ်ငန်းရှင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံတား)

တာမွေမြို့နယ် ပြန်/ဆက်ရုံး၌ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့်စာအုပ်ပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မော်ကွန်းသစ်နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲနှင့်ကွန်ပျူတာလှူဒါန်းပွဲ အခမ်းအနားကို တာမွေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ တာမွေ အထက(၃) ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။ ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှလှမြင့်၊ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်မင်း မင်းထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများ၊ NGO အဖွဲ့အစည်းများ၊ ပြည်သူများ တက်ရောက်ကြသည်။ **လှလှ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန၊ ကျိုင်းတုံမြို့

လေလံကြော်ငြာ

၁။ ကျိုင်းတုံမြို့၊ အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းပြီး ထုခွဲအဆင့်ရောက် တရုတ်နိုင်ငံထုတ် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း အများပြည်သူသို့ ဈေးပြိုင်စနစ်ဖြင့် ၂၅-၂-၂၀၁၄ ရက်(အင်္ဂါနေ့)တွင် လေလံတင်ထုခွဲရောင်းချမည်။

၂။ လေလံစည်းကမ်းချက်များအား ၂၀-၂-၂၀၁၄ရက်မှ ၂၄-၂-၂၀၁၄ရက် ညနေ ၃နာရီအထိ ဝယ်ယူနိုင်ပါသည်။

၃။ လေလံပွဲနှင့်ပတ်သက်သည့် အချက်အလက်များအား ၂၀-၂-၂၀၁၄ရက်မှ ၂၄-၂-၂၀၁၄ရက် ညနေ ၃နာရီအထိ လာရောက်ဆက်သွယ် စုံစမ်းနိုင်ပါသည်။ဖုန်း-၀၈၄-၂၁၀၀၈

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးအဖွဲ့
မြို့နယ်အကောက်ခွန်ဦးစီးဌာန၊ ကျိုင်းတုံမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြသီတာအိမ်ရာ၊ မြေကွက်အမှတ်(၁A/၅)၊ ဧရိယာ ဝဒသမ၁၄၇၈ကေ နှစ် ၆၀မြေငှားစာချုပ်အမည်ပေါက်မှာ ဗိုလ်မှူးချုပ်ထွန်းနေလင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အိမ်အား အပြီးအပိုင် အရောင်းအဝယ်စာချုပ်အမှတ်(၂၉၂/၂၀၁၄)တင်ပြ၍ ဦးလှသန်း ၁၂/လမတ(နိုင်)၀၁၀၅၈၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်မြို့
ဖုန်း-၄၉၂၁၇၉၁၉

ရန်ကုန်စက်မှုတက္ကသိုလ်
၁၉၈၇နှင့် ၁၉၉၁ ခုနှစ် ဘွဲ့ရအင်ဂျင်နီယာများနှင့် မိသုကာများ၏
အာစရိယပူဇော်ပွဲကျင်းပမည်
အာစရိယပူဇော်ပွဲကို နှစ်စဉ်ပြုလုပ်နေကျနေ့ရက်ဖြစ်သည့် ၂-၃-၂၀၁၄ ရက်(တနင်္ဂနွေနေ့)

မွန်းလွဲ ၂နာရီမှ ၅နာရီအထိ ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးတင်ဦး (Mech)	ဖုန်း-၀၉-၅၀၀၈၉၂၃
၂။ ဦးခင်မောင်လွင်(ကြက်တော) (Mech)	ဖုန်း-၀၉-၅၀၀၄၁၈၉
၃။ ဦးကျော်သူအောင် (Ec)	ဖုန်း-၀၉-၅၀၀၀၃၁၈
၄။ ဒေါ်ခင်စန္ဒာထွန်း (Ec)	ဖုန်း-၀၉-၅၀၀၀၇၃၅
၅။ ဦးသော်တာ (Ep)	ဖုန်း-၀၉-၅၀၁၅၃၈၅
၆။ ဒေါ်ငွေငွေ (Textile)	ဖုန်း-၀၉-၅၀၄၇၆၄၂
၇။ ဦးကျော်စိုးဝင်း (Chemical)	ဖုန်း-၀၉-၅၀၈၁၄၅၁
၈။ ဦးစိုးမင်း(Metal)	ဖုန်း-၀၉-၂၂၂၅၅၀၁
၉။ ဒေါက်တာမျိုးညွန့် (Mining)	ဖုန်း-၀၉-၅၀၉၇၅၇၄
၁၀။ ဦးညွန့်ဝင်း (Arch)	ဖုန်း-၀၉-၅၁၁၅၆၀၂
၁၁။ ဦးကိုကိုအေး (Civil)	ဖုန်း-၀၉-၅၁၁၉၀၇၀
၁၂။ ဦးစန်းကြူ (Civil)	ဖုန်း-၀၉-၅၀၅၂၂၀၀
၁၃။ ဦးမြင့်နိုင် (Petrol)	ဖုန်း-၀၉-၄၅၀၀၆၅၇၀၁

(ဖိတ်စာသီးခြားမပို့ပါ)

အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

လားရှိုးမြို့၊အလက(၈)၊ ပဥ္စမတန်း(ဂ)မှ မောင်ခန့်သော်(ကျောင်းဝင်အမှတ် ၂၀၁၈)အား မောင်ခန့်သော်(ခ)မောင်ပြည်ဟန်ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

အမည်ဖြည့်စွက်ခေါ်ဆိုပါရန်

လားရှိုးမြို့၊အလက(၈)၊ ပဥ္စမတန်း(ဂ)မှ မဖြူဖြူသန့် (ကျောင်းဝင်အမှတ် ၂၀၃၆)အား မဖြူဖြူသန့်(ခ)မပြီးခွေဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

အမည်မှန်

ဦးလွယ်ဆန်လူး၏သမီး တန့်ယန်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်း (B)တွင် ပညာသင်ကြားနေသော မနန်းအေးနု၏ အမည်မှန်မှာ မနန်းနုဖြစ်ပါကြောင်း။ **မနန်းနု**

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG၊ မြေကွက်အမှတ် ၁၅၈၈၊ မြေကွက်တည်နေရာအမှတ် ၂၈၊ ရတနာလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးစန်းအောင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်(ခင်ပွန်း) ဦးစန်းအောင်ကွယ်လွန်သဖြင့် ဒေါ်ထွေး ၁၂/ ဗဟန(နိုင်)၀၅၆၇၀၅က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၁၂၂၀/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၂၀/ခ၊ တိုးချဲ့ ၂ လမ်း၊ (၂) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြင့်တင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်တင်(ဇနီး)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောခင်ပွန်း ဦးစိန်ဝင်း ၁၂/သကတ(နိုင်)၁၀၆၆၆၃ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၂၆၃/၂၀၁၂)ရရှိသူ ဦးသက်ဝင်း ၁၂/ပဘတ(ပြု)၀၀၀၂၃၄မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁နာရီက မြန်မာ့သစ်လုပ်ငန်း ဇန်းမော်သစ်ထုတ်ရေးဒေသ ဝဲမဆင်စခန်း၌ Microchip တပ်ဆင်ထားသော ဦးနပိုင်ဆင်များကို တပ်ဆင်ပြီး ၁၀လအကြာတွင် ဇန်းမော်ခရိုင်သစ်ထုတ်လုပ်ရေးမန်နေဂျာ ဦးငွေးလွင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးမှုများပြုခဲ့ကြောင်း သိရသည်။ Wild Life Conseruation Society(WCS) မှ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဧပြီ ၆ ရက်က ကချင်ပြည်နယ် ဇန်းမော်သစ်ထုတ်လုပ်ရေး ဒေသရှိ ဦးနဆင်ကောင်ရေ ၃၀ ကို တောဆင်ရိုင်းများနှင့်အလွယ်တကူခွဲခြားနိုင်ရန်နှင့် မသမာသူများ၏ သတ်ဖြတ်ခိုးယူမှု၊ အစားထိုးမှုနှင့် တရားမဝင်ရောင်းဝယ်ဖမ်းဆီးမှုများအတွက် ကာကွယ်ထိန်းချုပ်နိုင်ရန် Microchip များတပ်ဆင်ပေးခဲ့ရာ တပ်ဆင်ပြီး ၁၀ လအကြာတွင် Microchip Reader ဖြင့် ပြန်လည်စစ်ဆေးမှုများပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထိုသို့စစ်ဆေးရာ၌ မူလတပ်ဆင်ထားခဲ့သော နံပါတ်များနှင့်ကိုက်ညီမှုရှိကြောင်း သိရသည်။

မိုးခြိမ့်ညံဟိန်း

အမျိုးသမီးများလေဖြတ်ခြင်း ကာကွယ်ရန် အဦးဆုံးညွှန်ကြားချက်များ

နှလုံးရောဂါလက္ခဏာများသည် အမျိုးသားနှင့်အမျိုးသမီးများတွင် ကွဲပြားခြားနားနိုင်ပြီး လေဖြတ်ခြင်းလက္ခဏာများတွင်လည်း ထို့အတူဖြစ်သည်။

အမေရိကန်နှလုံးရောဂါဆရာဝန်များအသင်းက အမျိုးသမီးများ လေဖြတ်ခြင်းကာကွယ်ရန် အဦးဆုံးညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပြီဖြစ်သည်။ အဆိုပါညွှန်ကြားချက်သည် မွေးဖွားမှုနှုန်းထိန်းချုပ်မှု၊ ကိုယ်ဝန်ဆောင်မှု၊ စိတ်ကျရောဂါနှင့်အခြားဆိုးကျိုးများဖြစ်ပြီး ယင်းတို့ကို အမျိုးသမီးများသည် အမျိုးသားများထက် ရှားရှားပါးပါး သို့မဟုတ် ကြိမ်ဖန်များစွာ ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည်။

နှစ်စဉ်နှစ်တိုင်း အမေရိကန်လူမျိုး ရှစ်သိန်းခန့်သည် လေဖြတ်ခြင်းကို ပထမအကြိမ် သို့မဟုတ် နောက်ထပ် အကြိမ်များစွာ ခံစားရလေ့ရှိပြီး ယင်းသည် ဦးနှောက်သွေးကြောပိတ်ခြင်း သို့မဟုတ် ပေါက်ခြင်းကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။

လေဖြတ်ခြင်းသည် အမျိုးသမီးများ သေဆုံးရခြင်းဖြစ်စေသော တတိယမြောက် အဆိုးရွားဆုံးရောဂါဖြစ်ပြီး အမျိုးသားများတွင် ပဉ္စမမြောက် အဆိုးရွားဆုံးဖြစ်သည်။ ဒုက္ခိတဖြစ်ရခြင်းမှ ရှောင်ရှားဟန့်တားရန်အဓိကအချက်မှာ ပထမဦးစွာ အကူအညီရယူခြင်း၊ ခက်ခဲစွာ စကားပြောဆိုရခြင်း လက္ခဏာကို သိနားလည်ခြင်း၊ လက်တစ်ဖက်တွင် အားကုန်ခြင်း သို့မဟုတ် သိမှုမရှိခြင်း၊ မျက်နှာတစ်ခြမ်းရွဲ့သွားခြင်းစသည်တို့ကို သိရှိနားလည်ရမည်ဖြစ်သည်။ လေဖြတ်ခြင်းသည် အသက်အရွယ်အလိုက် များပြားလျက်ရှိသည်။ အမျိုးသမီးများသည် လေဖြတ်ခံရပါက တစ်ကိုယ်တည်းနေလေ့ရှိပြီး နာလန်ထရန် ခက်ခဲခြင်းနှင့် အဖွဲ့အစည်းအလိုက် စောင့်ရှောက်မှုကို လိုအပ်ကြောင်းသိရသည်။

အမျိုးသမီးများတွင် ဖြစ်ပွားလေ့ရှိသော အချို့လေဖြတ်ခြင်းသည် ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ အဝလွန်ခြင်း၊ ပုံမှန်မဟုတ်သော နှလုံးခုန်ခြင်း၊ ပုံမှန်မဟုတ်သောဇီဝဖြစ်စဉ်ဖြစ်သည့် သွေးဖိအား၊ နှလုံးအဆီဖုံးခြင်းနှင့်သွေးတွင်းသကြားဓာတ်များခြင်းတို့ကြောင့် ဖြစ်သည်။ လေဖြတ်ခြင်းကို ကာကွယ်ရန်အတွက် အထွေထွေလမ်းညွှန်ချက်များမှာ သွေးဖိအားနှင့်ဆီးချိုသွေးချိုထိန်းချုပ်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းများနှင့်ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုတို့ကို လိုက်နာရန်ဖြစ်သည်။

အမျိုးသား အမျိုးသမီးခွဲခြားသော ကျန်းမာရေးလမ်းညွှန်ချက်များကို မြောက်ကာရိုလိုင်းနားပြည်နယ် ဝင်စတန်ဆာလင်ရှိ Wake Forest Baptist Medical Center မှ လေဖြတ်ခြင်းကုသမှုဌာန အကြီးအကဲ ဒေါက်တာ Cheryl Bushnellက အထက်ပါအတိုင်းပြောကြားခဲ့သည်။ သူမသည် လေ့လာမှုအဖွဲ့ကို ခေါင်းဆောင်ပြီးနှလုံးရောဂါကုဆရာဝန်များအသင်း ဂျာနယ်တွင် လေဖြတ်ခြင်းအကြောင်း လမ်းညွှန်ချက်များကို ရေးသားတင်ပြခဲ့ကြောင်း သိရသည်။ **(လပြည့်သော်တာ)**

၁၀ ဘီးကား လေးဖြတ်လဲရာမှ ဂျိုက်ပြုတ်ကျမှုကြောင့် လူတစ်ဦးကားပိသေဆုံး

မြိတ် ဖေဖော်ဝါရီ ၁၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု အဝေးပြေးကားဝင်းအနီး မြို့ပတ်(၂)လမ်းရှိ သန့်ဇင်ကုန်စည်ပို့ဆောင်ရေးဂိတ်ရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက် မွန်းတည့် ၁၂ နာရီက ယာဉ်မောင်းတစ်ဦးနှင့် ယာဉ်နောက်လိုက် သုံးဦးတို့သည် ယာဉ်အမှတ် ၉ခ/--- UD အမျိုးအစား ၁၀ဘီးကား၏ရှေ့ဝဲဘက်လေးဖြုတ်လဲနေစဉ် ဂျိုက်ပြုတ်ကျမှုကြောင့် ယာဉ်နောက်လိုက် ဖြိုးငြိမ်း(၁၉နှစ်) ဝမ်းတွင်းမြို့ ရွာရှည်ကျေးရွာနေသူသည် ခါးကျိုးဒဏ်ရာ၊ ခြေကျိုးဒဏ်ရာတို့ဖြင့် ကားပိကာ သေဆုံးသွားပြီး ယာဉ်မောင်းဖြစ်သူ အောင်မျိုးဦး (၃၃နှစ်)နှင့် ယာဉ်နောက်လိုက် ထွန်းကြွယ် (၃၆နှစ်) ဝမ်းတွင်းမြို့နေသူတို့နှစ်ဦးသည် ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့သဖြင့် မြိတ်မြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ တင်ပို့၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကားပိသေဆုံးမှုနှင့်ပတ်သက်၍ မြိတ်မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မိုးဟိန်း(မြိတ်)**

တောင်သာ-မြင်းခြံလမ်းမပေါ်တွင် ယာဉ်နှစ်စီး တိုက်မှုဖြစ်ပွား

တောင်သာ ဖေဖော်ဝါရီ ၁၄

တောင်သာ-မြင်းခြံလမ်းမကြီးပေါ်တွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီခွဲက ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဝါဇီမှမလှိုင်သို့ ယာဉ်မောင်း မျိုးနိုင်ထွန်း မောင်းနှင်လာသော ယာဉ်အမှတ် လ/----ကာဒီနာ အမျိုးအစားနှင့် ကျောက်ပန်းတောင်းမှ မြင်းခြံသို့ ယာဉ်မောင်း မောင်ငြိမ်း မောင်းနှင်လာသော ယာဉ်အမှတ် ၈င/--- လိုက်ထရစ်သည် တောင်သာမြို့နယ် တံမကြီးကျေးရွာအနီး မိုင်တိုင်အမှတ် (၄၄၆/၀) နှင့် (၄၄၆/၁) အကြားတွင် မြောက်မှ တောင်သို့ မောင်းနှင်လာသော မျိုးနိုင်ထွန်း၏ ယာဉ်သည် မောင်ငြိမ်း မောင်းနှင်လာသော ယာဉ်အနီးအရောက် ဘယ်ဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက် တိုက်မိခဲ့ကြောင်း သိရသည်။

နှစ်ဖက်ယာဉ်ပေါ်ရှိ ခရီးသည် ၁၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး တောင်သာ၊ မြင်းခြံဆေးရုံများသို့ တင်ပို့ကုသခဲ့ရာ လူနာသုံးဦးကို မန္တလေးဆေးရုံသို့လည်းကောင်း၊ တစ်ဦးကို မိတ္ထီလာဆေးရုံသို့လည်းကောင်း ဆက်လက်ကုသရန်တင်ပို့ခဲ့ကြောင်း သိရသည်။ အမှုနှင့်ပတ်သက်၍ ယာဉ်မောင်းများကို တောင်သာမြို့မရဲစခန်းမှ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လင်းလက်ကြယ်(တောင်သာ)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၃)၊ ပဲခူးတိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	လုပ်ငန်းအမည်	တည်နေရာ
၁။	တောင်ငူမြို့နယ်၊ ရွာတန်းရှည်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း	ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ရွာတန်းရှည်ကျေးရွာအနီး
၂။	မြရွာရေလမ်းကောင်းမွန်ရေးလုပ်ငန်း	ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်

တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း နှင့်စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ညောင်ဝိုင်း(၇)လမ်းထိပ်၊ ညောင်ဝိုင်းရပ်ကွက်(မြောက်ပိုင်း)၊ ပဲခူးမြို့။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၅-၂-၂၀၁၄ရက်

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၂၁-၂-၂၀၁၄ရက်/ ၁၂း၀၀နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၂၁-၂-၂၀၁၄ရက်/၁၃း၀၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းအမျိုးအစား၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၅၂-၂၄၁၆၄နှင့် ၀၅၂-၂၀၀၂၄၇တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ်(၄၇)၊ ဦးပိုင်အမှတ်(၂၉)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေသည် ဒေါ်ဆာရာဘီပါ (၇)ဦး အမည်ဖြင့် ဦးပိုင်ပေါက်ပြီး နှစ် ၃၀အငှားဂရန်ရရှိထားပါသည်။ အဆိုပါမြေကို မော်လမြိုင်မြို့နယ်တရားရုံးတော်၏ ၂၀၀၇ခုနှစ် တရားမအမှုအမှတ် (၂၂)၊ ၂၀၀၈ခုနှစ် တရားမဇာရီအမှုအမှတ် (၁၈)အရ ဦးပန်းဇင်၏သားဦးဝင်းနိုင်မှ လေလံဖြင့်ဝယ်ယူထားရာ လေလံဖြင့်ဝယ်ယူထားစဉ် နှစ် ၃၀အငှားဂရန်ကို လက်ခံရရှိခြင်းမရှိကြောင်း၊ အဆိုပါမြေကို ဦးဝင်းနိုင်၏ အစ်မအရင်းတော်စပ်သူ ဒေါ်ရီရီအေး(ခ)ဒေါ်ရီရီငွေးမှ အငှားဂရန် အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသည့် အထောက်အထားများဖြင့် ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ် ၂၆၉/က၊ မြေကွက်တည်နေရာအမှတ်-၂၆၉/က၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးသောင်းရွှေ ၁၂/သဃက(နိုင်) ၀၅၈၄၇၄ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသောင်းရွှေ(ဖခင်)နှင့် ဒေါ်တင်ရွှေ(မိခင်)တို့ကွယ်လွန်သဖြင့်ဦးလှနိုင်၁၂/သဃက(နိုင်)၀၃၈၀၁၀က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ် (၁၈၅၅)၊ အမည်ပေါက် ဦးလှမြင့်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်နီနီဦး ၁၃/သပန(နိုင်)၀၀၃၃၀၂က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည့်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေး၊ ဆိုင်ခန်းအမှတ်(ပ-၄၆)အား စည်ပင်ဝင်း၊ ဘူတာလမ်း၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်နေ ဦးကိုကိုနိုင် ၅/စကန(နိုင်)၀၀၇၅၈၉ အမည်ပေါက်ပိုင်ဆိုင်ပြီး အမှတ်(၄၅)၊ လမ်း၂၀၊ လသာမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ချမ်းမြေ့အောင် ၉/ပမန(နိုင်)၁၇၀၉၉၇သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စင်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးသောင်းအေး၏သား ကျိုင်းတုံမြို့၊ အထက(၂)၊နဝမတန်း(E)မှမောင်ဟိန်းဇော်အား မောင်ဘုန်းသက်နိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဘုန်းသက်နိုင်

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၄၈/သပြေတောင်အရှေ့၊ မြေကွက်/ဦးပိုင်အမှတ်(၅၉/၁)၊ ဧရိယာ ၀ဒသမ၀၉ ဧကရှိ ဦးကျော်သန်း၊ ဒေါ်တိုးတိုးမာ အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးချစ်အောင် ၈/ခမန(နိုင်)၀၀၆၆၁၃(ဘ)ဦးပြုံးက ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

မီးသတိပြု

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နေပြည်တော်ရှိပင်စင်စား(အငြိမ်းစားဝန်ထမ်းများ)တန်ဖိုးနည်း၁၅၀၀ ကျပ်တန် ဖုန်းဆင်းကတ်များ ပွင့်လင်းမြင်သာစွာရရှိရေး မျှော်လင့်

ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို နိုင်ငံတော်မှ ချမှတ်ထားသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အတူ တစ်နေရာမှ တစ်နေရာသို့ ဖုန်းဖြင့် အမြန်ဆုံးဆက်သွယ်မှု ကောင်းလာသည့်အတွက် တစ်နိုင်ငံလုံးရှိ ပြည်သူများ ပျော်ရွှင်မဆုံး ဝမ်းပန်းတသာရှိနေကြသည်။ ထို့အတူ ယခုအခါ နိုင်ငံတော်မှ ပြည်သူ့ရေးရာ ဝန်ဆောင်မှုအဖြစ် တန်ဖိုးနည်းဖုန်းဆင်းကတ်များကို တစ်ကတ်လျှင် ငွေကျပ် ၁၅၀၀ နှင့် ပင်စင်စား(အငြိမ်းစားဝန်ထမ်း)များကို ရောင်းချပေးလျက်ရှိပြီး ပင်စင်စား၏ နိုင်ငံသားမှတ်ပုံတင်၊ ပင်စင်စာအုပ်၊ အိမ်ထောင်စု လူဦးရေ စာရင်းမိတ္တူတို့နှင့်မိမိတို့နေထိုင်ရာကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ တစ်ဆင့်လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

“အဘွားက ၂၀၀၆ခုနှစ်ကတည်းက ရန်ကုန်ကနေနေပြည်တော်ကိုပြောင်းလာရတာ၊ အဲဒီတုန်းက ဝန်ထမ်းတိုင်းပြောင်းဖို့ လုံးပန်းနေရတာ၊ ကိုယ်နေတဲ့ မြို့နယ်က အိမ်ထောင်စုလူဦးရေစာရင်းထွက်ရမှာတွေ၊ ထုတ်ရမှာတွေ မလုပ်ဖြစ်ခဲ့ဘူး။ အခုအဘွားသက်ပြည့်ပင်စင်ယူတော့ နေပြည်တော်မှာပဲ သမီးနဲ့ အတူ နေဖြစ်တယ်၊ သမီးက လက်ရှိဝန်ထမ်းဖြစ်တယ်၊ ခုပင်စင်စားတွေကို တန်ဖိုးနည်း ဖုန်းကတ်ရောင်းတော့ လက်ရှိနေတဲ့ နေပြည်တော်အိမ်ထောင်စု လူဦးရေ စာရင်းနဲ့မှ ရမယ်လို့ပြောတယ်၊ အဘွားတို့က ပင်စင်စားအမှန်ဖြစ်ပေမယ့် နိုင်ငံတော်ကပေးတဲ့ တန်ဖိုးနည်းဖုန်းကတ်တော့ မရနိုင်တော့ပါဘူး” ဟု ပင်စင်စား အဘွားတစ်ဦးက ပြောပြသည်။ နေပြည်တော် အိမ်ထောင်စု လူဦးရေစာရင်းမရှိပါက တန်ဖိုးနည်းဖုန်းကတ်ရရှိရေး ပင်စင်စားများမျှော်လင့်ချက်ဝေးပြီလား။ အချို့ဝန်ထမ်းများတွင် ပင်စင်စားဝန်ထမ်းဟောင်း မိဘများရှိကြသည်။ ရန်ကုန်မှ နေပြည်တော်သို့ပြောင်းရွှေ့လိုက်ပါလာသည့်အတွက်ကြောင့်လည်းကောင်း၊ အချို့က နေပြည်တော်ရောက်မှ ပင်စင်ယူသည့်အတွက်ကြောင့်လည်းကောင်း နေပြည်တော်၏ ပုံစံ ၆၆/၆ အိမ်ထောင်စု လူဦးရေစာရင်းမရှိကြပေ။ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်အလိုက် ပင်စင်စားတန်ဖိုးနည်းဖုန်းကတ်ရောင်းချပေးပုံချင်းက မူနှင့်စည်းကမ်းများသည် တစ်ရပ်ကွက်နှင့်တစ်ရပ်ကွက်မတူကြချေ။ တစ်ရပ်ကွက်ကို တစ်မျိုးဖြစ်နေသည်။ အချို့ ရပ်ကွက်က မှတ်ပုံတင်၊ ပင်စင်စာအုပ်၏စာမျက်နှာ တစ်နှင့် နှစ်၊ လက်ရှိနေထိုင်ရာ နေပြည်တော်၏ ပုံစံ ၆၆/၆ မိတ္တူတို့ပါရှိရမည်ဖြစ်ပြီး တချို့ရပ်ကွက်သည် မှတ်ပုံတင်၊ ပင်စင်စာအုပ်၊ မည်သည့်မြို့နယ်တွင်မဆို ပုံစံ ၆၆/၆ အိမ်ထောင်စု လူဦးရေစာရင်းရှိပြီး လက်ရှိနေပြည်တော်ဝန်ထမ်း ရပ်ကွက်၌ အမှန်တကယ် နေထိုင်ပါက ပင်စင်စားတစ်ဦးနေထိုင်သည့်တိုက်မှ တိုက်မှူးက ထောက်ခံပေးခြင်းဖြစ်သည်။ သို့ပါ၍ နိုင်ငံတော်မှ ပင်စင်စားဝန်ထမ်းဟောင်းများအား တန်ဖိုးနည်းဖုန်းကတ်များ စီမံဆောင်ရွက်ချီးမြှင့်ပေးသော်လည်း အရခက်နေသဖြင့် နေပြည်တော်နေ ပင်စင်စားများ စိတ်အနှောင့်အယှက်ဖြစ်ရသည်။ နိုင်ငံတော်မှ လုပ်ငန်းလိုအပ်ချက်အရ ၂၀၀၆ ခုနှစ်မှစ၍ နေပြည်တော်သို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကြရသည့် နိုင်ငံ့ဝန်ထမ်းများသည် ရန်ကုန်တွင်နေထိုင်ခဲ့သော မိမိတို့မြို့နယ် လဝကမှ ပုံစံ ၆၆/၆ အိမ်ထောင်စုလူဦးရေစာရင်းများကို ထွက်ချိန်ထုတ်ချိန်မရခဲ့ကြပါ။ ယင်းပုံစံကို ယခုအခါ ရန်ကုန်သို့ ပြန်ယူရန်အတွက်လည်း အသွားအပြန်စရိတ်။ ကြန့်ကြာမည့်အချိန်၊ ရက်များကြောင့် ဝန်ထမ်းတိုင်းလိုလို မယူဖြစ်ကြပါ။

အဆိုပါပုံစံ ၆၆/၆ ကို ရန်ကုန်ရှိ မြို့နယ်လဝကမှ ထွက်ခဲ့ပြီး နေပြည်တော် လဝက ထံပြန်ဝင်မှသာ နေပြည်တော်လဝက၏ ပုံစံ ၆၆/၆ ရရှိမှာဖြစ်သည့်အတွက် နေပြည်တော်နေ ဝန်ထမ်းများတွင် နေပြည်တော် လဝကပုံစံ ၆၆/၆ မှာများသောအားဖြင့် မရှိကြပါသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးဆောင်ရွက်ပေးမှသာ ပင်စင်စားကြီးများအတွက် တန်ဖိုးနည်းဖုန်းကတ်များ ရရှိမည်ဖြစ်ပါသည်။

“အငြိမ်းစားဝန်ထမ်းတွေရဲ့ ဘဝကိုနားလည်စာနာမှုနဲ့ တန်ဖိုးနည်းဖုန်းကတ်ကို တာဝန်ရှိသူတွေက ရောင်းချပေးလို့ပင်စင်စားတွေ အတိုင်းမသိဝမ်းသာမှုပီတိဖြစ်ရပါတယ်။ ဒါပေမယ့် လွယ်တာကို ခက်အောင်တော့ မလုပ်စေချင်ဘူး”လို့ ပင်စင်စားအဘိုးတစ်ဦးက ဝမ်းသာဝမ်းနည်းစွာဖြင့် ပြောသည်။ ၎င်းကပင် “ဖုန်းကတ်တစ်ကတ်မှ ငွေကျပ် ၁၅၀၀ ထဲပါ။ အဲဒီငွေကျပ် ၁၅၀၀ ထက် ပင်စင်စားတွေကို အသိအမှတ်ပြုပြီး ရောင်းတဲ့ ဖုန်းကတ်မို့ အဘိုးတို့လို ဝန်ထမ်းဟောင်းတွေက ခုရမယ်ဆိုတဲ့ တန်ဖိုးနည်းဖုန်းကတ်ကို လိုချင်ပါတယ်၊ တန်ဖိုးလည်းထားပါတယ်၊ အဘိုးတို့ပင်စင်စားတွေလည်း ပင်စင်စား မှန်/မမှန် နိုင်ငံတော်က ထောက်ပံ့ထားတဲ့ ပင်စင်စာအုပ်က ခိုင်လုံတဲ့ သက်သေပါပဲ”ဟု ပြောပါသည်။ ပင်စင်စား(အငြိမ်းစားဝန်ထမ်း)ဖြစ်ကြောင်းသည် နိုင်ငံတော်မှ လစဉ်ပံ့ပိုးသည့် ပင်စင်လစာ စာအုပ်သည် အဓိကဖြစ်ကြောင်း ထောက်ပြသွားသည်။

မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးဌာန၏ မိုဘိုင်းဖုန်းသည် အချိန်နှင့်ကာလတစ်ခုကို သိသိသာသာပြောင်းလဲသွားသည်။ နိုင်ငံတစ်ခု၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေးသည် မရှိမဖြစ်၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် လိုအပ်ရုံမျှမက ချစ်ခင်ရသော မိသားစုဆွေမျိုးမိတ်ဆွေများအကြား အကွာအဝေးကို ချုံ့ပေးနိုင်သည့် လူမှုပေါင်းကူးတံတားဖြစ်သည်။ သို့ပါ၍ နေပြည်တော်ရှိ ပင်စင်စား(အငြိမ်းစားဝန်ထမ်းဟောင်း)များနှင့် နိုင်ငံအဝန်းရှိ ပင်စင်စားကြီးများအား တန်ဖိုးနည်းဖုန်းကတ်များ လွယ်လင့်တကူ အမြန်ဆုံးရရှိစေရန်နှင့် ပွင့်လင်းမြင်သာစွာ ရောင်းချပေးနိုင်ရန် မျှော်လင့်မိပါကြောင်း။

မောင်မောင်သန်း(ကော့မှူး)

ပျဉ်းမနားမြို့နယ်၌ မြန်မာ့ရိုးရာထမနဲ(နှမ်းမနဲ)ထိုးပြိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မြန်မာ့ရိုးရာထမနဲ(နှမ်းမနဲ)ထိုးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းတွင် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မြေကွက်လပ်၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ထမနဲထိုးပြိုင်ပွဲအခမ်းအနားကို စတင်ဖွင့်လှစ်ရာ ပြိုင်ပွဲဝင်အသင်းများက အားကြိုးမာန်တက် ရေကုန်ရေခန်း အကြိတ်အနယ် ယှဉ်ပြိုင်ကြပြီး အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲများကို အသီးသီးစမ်းသပ်စစ်ဆေးသုံးဆောင်ကြကာ အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် ဆုရရှိအသင်းများအား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက ချီးမြှင့်ပေးခဲ့ကြောင်း အဆိုပါ ထမနဲ(နှမ်းမနဲ)များကို (၁၄၁)ကြိမ်မြောက် လောကမာရဇိန်ဘုရားတွင် ကျင်းပသော ထမနဲ (နှမ်းမနဲ) လောင်းလှူပွဲတွင် သံဃာတော်များအား လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်မျိုးနိုင်

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြော

လက်ပံတန်း ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက မူးယစ်ဆေးဝါးအဖွဲ့သုံးဖွဲ့၊ လူကုန်းကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရွှေသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသီဟ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖုန်းမြင့်၊ စခန်းမှူး ဒုတိယရဲမှူးစန်းမြင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ကြွယ်နှင့် ရပ်ကွက်နေပြည်သူ ၇၀ ခန့် တက်ရောက်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟမှ မြို့နယ်အတွင်း မှုခင်းဖြစ်စဉ်များကိုလည်းကောင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးမှ မူးယစ်ဆေးဝါးအလွဲသုံးမှု၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဆောင်ရန် ရှောင်ရန်များကို ပညာပေးဟောပြော၍ သိရှိလိုသူများ၏ မေးမြန်းမှုများအား ခရိုင်ရဲတပ်ဖွဲ့မှူးမှ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(ဝ၉၈)

ထားဝယ်မြို့၌ ဘိုးဘွားရိပ်သာ အဆောက်အအုံသစ်ဖွင့်

ထားဝယ် ဖေဖော်ဝါရီ ၁၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ဘိုးဘွားရိပ်သာ အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲက ဘိုးဘွားရိပ်သာ အဆောက်အအုံရှေ့၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် လူမှုရေးဝန်ကြီးဒေါက်တာဝင်းအောင်၊ ထားဝယ်ဘိုးဘွားရိပ်သာကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းစိန်၊ ထားဝယ်ဘိုးဘွားရိပ်သာမှ အဘိုး ဦးဖေလွဲနှင့် အဘွားဒေါ်သန်းရီတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက အဆောက်အအုံကို ကြည့်ရှုပြီး အဘိုးခြောက်ဦးနှင့် အဘွားကိုးဦးတို့ကို ထောက်ပံ့ငွေများပေးအပ်သည်။

အဆိုပါ အဆောက်အအုံသည် တစ်ထပ် RC သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း အမျိုးအစားဖြစ်ပြီး အလျားပေ ၁၂၀၊ အနံပေ ၉၀၊ အမြင့် ၁၂ ပေရှိ၍ မြင့်မြတ်ကျော်ကုမ္ပဏီက ငွေကျပ်သိန်း ၁၅၀၀၀ ကုန်ကျပြီး တာဝန်ယူတည်ဆောက်ကြောင်း သိရသည်။

ကျော်ကျော်လတ်

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

မဟာအောင်မြေမြို့နယ်တရားရုံး၌

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁ နှင့်ဆက်သွယ်သည့်

၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁

ဦးရန်လင်း **နှင့်** ၁။ ဦးလှသောင်း

၂။ ဒေါ်ထု

၃။ ဦးထွန်းဦး

၄။ ဒေါ်ခင်ခင်မြင့်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဦးလှသောင်းနှင့်ဒေါ်ထု န-၃/၉၄၊မဟာမြိုင်(၂)ရပ်ကွက်၊ ၆၃လမ်း၊ ၄၀×၄၁ လမ်းကြား မဟာအောင်မြေမြို့နယ် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၁တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးရန်လင်းက လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့်အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် မတ်၁၄ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(သောင်းလွင်)

တွဲဖက်မြို့နယ်တရားသူကြီး(၁)

မဟာအောင်မြေမြို့နယ်တရားရုံး

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ အကွက်အမှတ် (၁၅/၁(၂)၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် ၂၄၊ မြေဧရိယာ ဝဒသမ၁၈၄ ဧက၊ စတုရန်းပေ ၈၀၀၀ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၌ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးစိန်သင်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၆၂၀/V (၁၉၈၉-၉၀)အရ ၃၀-၆-၂၀၂၀ ရက်အထိ နှစ်၃၀ မြေငှားဂရန်ထုတ်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါမြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုရန် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ခေါင်နော ၁/ဝမန(နိုင်)၀၀၀၅၂၅က တင်ပြလျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်မိတ္တူကူးယူခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမှုရင်းများဖြင့် ဤကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများ မရှိပါက ပျောက်ဆုံးသည်ဟု တင်ပြသောမြေငှားဂရန်မူရင်းကို ပယ်ဖျက်၍ မြေငှားဂရန် မိတ္တူကူးယူခွင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မြစ်ကြီးနားမြို့

New Light Co., Ltd.

အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ငှား အကျိုးဆောင်

- ရွှေဟင်္သာလမ်းမပေါ် ပေ(၇၀×၁၀၀)ကျပ်သိန်း ၇၅၀၀(ရောင်း)
- တက္ကသိုလ်ဗိုလ်ဗီလာပေ(၈၀×၇၇) ကျပ်သိန်း၂၀၀၀၀ (ရောင်း)
- လမ်းသစ်လမ်းမပေါ်ပေ(၆၀×၁၀၀) ငှား၊ ကျပ်သိန်း ၅၀ (နှစ်ရှည်)
- သီလဝါစက်မှုဇုန် ၁၀ဧက၊ တစ်ဧက ကျပ်သိန်း ၄၅၀၀ (ညှိနှိုင်း) (ရောင်း)
- သီလဝါ စက်မှုဇုန် (၄)ဧကငှား ကျပ်သိန်း ၁၀၀
- ပဲခူးမြို့ရှောင်လမ်း ပေ(၈၀×၁၀၀)၊ ကျပ်သိန်း ၁၃၀၀ (ရောင်း)
- ပဲခူးလေဆိပ်ထိပ်၊ ၁၃၇ ဧက၊ တစ်ဧက ကျပ်သိန်း ၂၅၀ (ညှိနှိုင်း)(ရောင်း)

ဖုန်း-၀၉-၅၀၂၁၁၆၃၊ ၀၉-၈၆၁၉၀၆၃၊

၀၁-၆၅၆၇၃၄၊ ၀၉-၃၁၂၉၇၈၆၁

ကန့်ကွက်အရေးဆိုနိုင်ကြောင်းအသိပေးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၀)၊ ညောင်တစ်ပင်ကွင်း၊ ဦးပိုင်အမှတ်(၆၃/၄)၊ လယ်မြေ ၂ ဒသမ၉၉ ဧကသည် လယ်ယာမြေဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ ညောင်နှစ်ပင်ကျေးရွာနေ ဦးလှဝင်း ၁၂/မဂဒ(နိုင်)၁၂၅၁၁၀ အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားပြီးဖြစ်ပါသည်။ ယင်းလယ်ယာမြေအား ဦးလှဝင်းမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ စီမံလုပ်ပိုင်ခွင့်မရှိကြောင်းနှင့် ယင်းလုပ်ပိုင်ခွင့်အပေါ် ကန့်ကွက်လိုပါကအထောက်အထားမူရင်းများနှင့် ရက်သတ္တပတ်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်အရေးဆိုနိုင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်သူ

ဦးလှဝင်း ၁၂/မဂဒ(နိုင်)၁၂၅၁၁၀

ဦးကြည်ဝင်းသန်း

တရားလွှတ်တော်ရှေ့နေ-၁၆၄၃

၃၅၆၊ မင်းခေါင် ၂ လမ်း၊

(၆)ရပ်ကွက်၊

တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၀၉-၇၃၀၈၇၈၂၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ လူနေရပ်ကွက်အမှတ် ၆၊ ကေတုမတီ၁၈လမ်း၊ မြေကွက်အမှတ်(၅၆၅)ဟု ခေါ်တွင်သော အလျားပေ ၄၀× အနံပေ ၆၀ ရှိ ဒေါ်ကြူ ၁၂/ဥကတ(နိုင်) ၀၅၈၃၃၃ အမည်ပေါက်ပိုင်ဆိုင်သော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ကြူ(ကွယ်လွန်သူ)၏ သားသမီးများဖြစ်ကြသော ဦးလှစံ၁၂/ဥကတ(နိုင်)၁၁၁၀၆၈၊ ဦးလှထွေး ၁၂/ဥကတ (နိုင်)၀၅၅၁၄၃၊ ဦးကျော်ဝေ ၁၂/ဥကတ(နိုင်)၀၅၈၉၀၅နှင့် ဦးသန်းမောင်(ကွယ်လွန်)၏ဇနီး ဒေါ်မြမြဝင်း၊ ဦးသန်းထွန်း(ကွယ်လွန်)၏ ဇနီးဒေါ်အေးအေးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ဖော်ပြပါအိမ်၊ မြေ၏တန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်၊ မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်သီတာစိုး (LL.B)

တရားလွှတ်တော်ရှေ့နေ(စဥ်-၈၁၉၆)

သီဟသစ္စာလင်း(တောင်ဥက္ကလာ) အိမ်၊ ခြံ၊ မြေစီးပွားရေးဥပဒေအကြံပေးနှင့် Logistic ဝန်ဆောင်မှုလုပ်ငန်း

အမှတ် ၉၁၂၊ အင်း၀ ၉ လမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉-၇၃၀၆၆၅၄၈၊ ၀၉-၄၂၁၁၄၆၈၂၃

ထပ်ဆင့်မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ ခြံအမှတ် (၂၁-ဂျီ)နေ
ဦးသန်းဝင်း(လက်ထောက်အင်ဂျင်နီယာချုပ်-ငြိမ်း
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း) (Director, E.P.E. Co., Ltd.)-ဒေါ်သီဂီကြည်
တို့၏ တစ်ဦးတည်းသောသား

မောင်စောရန်နောင်

B.E. (Naval Architecture) MMU
M.B.A., ARCADIA University (U.S.A)
Technical Superintendent (SMIT Singapore Pte Ltd.)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်း၊ အမှတ်(၁-အေ)နေ
ဒေါက်တာညဏ်ဇော်-ဒေါ်မူမူအေး(M.M.A စတိုး)တို့၏ သမီးကြီး

မချောချောလင်း@ June Zaw

B.C.Sc (Hons), UCSY
M.Sc(Digital Media Technology), NTU (Singapore)
Quality Engineer (Seagate Technology International, Singapore)

တို့၏ ၁၈-၁-၂၀၁၄ရက်တွင် Singapore နိုင်ငံ Concord Hotel (Main Ball room)၌ ထပ်မံကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာညစာစားပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးကြပါသော ကိုရဲမြင့်နှင့် ကိုရာဇာဦး၊ မင်္ဂလာအခါတော်ပေးသီချင်းတီးခတ်ပေးပါသော ဆရာကြီး ဦးယုစွမ်၊ မင်္ဂလာအခါတော်ပေး သီချင်းသီဆိုပေးပါသော အန်တီမာမာရီ၊ မင်္ဂလာလက်ဖွဲ့အဖြစ်တေးသီချင်းများကို သီဆိုဖျော်ဖြေပေးပါသော စွယ်တော်ရိပ်စင်ကာပူမှ တေးသံရှင်များ၊ မင်္ဂလာပန်းများ ဖြန့်ကြဲပေးပါသော မသိမ့်စုစုနိုင်၊ မဝိုင်းပြည့်စုံ၊ သတို့သားအရံ မောင်ငြိမ်းထက်၊ မောင်ညဏ်မျိုးထွန်း၊ သတို့သမီးအရံ မအေးမိုးမိုးနိုင်၊ မထူးတင်ဇာလှိုင်၊ လက်ဝတ်ရတနာနှင့်သတို့သမီးဝတ်စုံဆင်မြန်းပေးပါသော လင်းလင်း(Make Up- Artist)နှင့် သတို့သမီးဂါဝန်ဆင်မြန်းပေးပါသော မနွယ်နီ၊ မိတ်ကပ်နှင့်ဆံပင်ပြင်ဆင်ပေးပါသော မဝင့်ရည်ထွန်း (The Look)နှင့် မဆုသက်ပိုင်၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယိုရိုက်ကူးပေးပါသော (Sth Studio Production) နှင့် ဓာတ်ပုံရိုက်ကူးပေးပါသော San Pyie Photography နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါသော နှစ်ဖက်မိဘ၊ မိတ်သင်္ဂဟ၊ သူငယ်ချင်းများနှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်မိဘများနှင့် မောင်စောရန်နောင်-မချောချောလင်း

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ရဲမင်းထက် ၇/ပမန(နိုင်)၁၈၃၂၈၀၏မြန်မာနိုင်ငံကူးလက်မှတ် ခရီးသွားရင်း ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၀၅၃-၂၅၂၈၅

VIVALA ကုန်အမှတ်တံဆိပ်ဖြင့် ပစ္စည်းမှန် အမျိုးမှန် အဝတ်အထည်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ပိုင်ရှင်မိသားစုအား တောင်းပန်ခြင်း

ကျွန်မ ဒေါ်အေးစန်း ၁၂/ကမတ(နိုင်)၀၂၄၈၃၅က ကြည့်မြင်တိုင်လေဟာပြင် ညဈေး၊ ရုံအမှတ်-ဈ၊ ဆိုင်နံပါတ်-၂၀၇/၂၀၈ နေလအထည်ဆိုင်တွင် ပစ္စည်းမှန် အမျိုးမှန်သော အဝတ်အထည်များအား VIVALA ကုန်အမှတ်တံဆိပ် ချိတ်ဆွဲ၍ ဆင်တူယိုးမှားတုပကာ ထင်ယောင်ထင်မှားဖြစ်အောင် ရောင်းချမိခဲ့သည်ကို ခွင့်လွှတ်ပါရန်နှင့် နောက်နောင်တွင် ထိုသို့ ပြုလုပ်မည်မဟုတ်ပါကြောင်း ဝန်ခံကတိပြုတောင်းပန်အပ်ပါသည်။

ဒေါ်အေးစန်း ၁၂/ကမတ(နိုင်)၀၂၄၈၃၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ ရန်နိုင်လမ်းသွယ် (၃)၊ (၄)ရပ်ကွက်၊ အခန်း (၆)၊ တိုက်-၁၂၁တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ဇင် ၁၂/ရကန(နိုင်)၀၀၄၇၆၂နှင့် ဒေါ်ခင်ခင်ထွေး ၁၂/ရကန(နိုင်)၀၁၉၀၉၂တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများသည် တရားဟောရာတွင်အသုံးပြုသည် တရားဟောစင်(သံဃာစင်)နှင့်အဆက်အစပ်ပစ္စည်းများဖြစ်သည့် သံဖရိန်၊ ဖော့ကနုတ်များ ကာလပေါက်ဈေးငွေကျပ်ဆယ်သိန်းခန့်တန်ဖိုးရှိသည် ပစ္စည်းများကို ရန်ကင်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်ရှိ ရတနာ့ဗိမ္မာန်ဓမ္မာရုံသို့ ၂၃-၁၂-၂၀၁၃ရက်က ရန်ကင်းမြို့နယ် မေဒိနီဆရာတော်အပါအဝင် သံဃာငါးပါး ပင့်ဖိတ်၍ ရေစက်ချအပြီးအပြတ်လှူဒါန်းခဲ့ပါသည်။

အဆိုပါတရားဟောစင်နှင့် ဆက်စပ်ပစ္စည်းများကို လှူဒါန်းသည့်အချိန်မှစ၍ ရန်ကင်းမြို့နယ်၊ အမှတ် (၄)ရပ်ကွက်၊ ရတနာ့ဗိမ္မာန်ဓမ္မာရုံ၏ ပိုင်ဆိုင်သောပစ္စည်းများဖြစ်သွားပြီဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးကျော်ဇင်နှင့် ဒေါ်ခင်ခင်ထွေးတို့သည် လှူဒါန်းသည့်ရက်မှစ၍ အဆိုပါ တရားဟောစင်နှင့် ဆက်စပ်ပစ္စည်းများနှင့် မည်သို့မျှမသက်ဆိုင်တော့ပါကြောင်း တရားဟောစင်နှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြုသည့် တရားပွဲများတွင်လည်း အဆိုပါတရားဟောစင်၏ပိုင်ရှင် အလှူရှင် ဓမ္မဒါနအဖြစ် ကူညီနေကြောင်း ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်နှင့် ဒေါ်ခင်ခင်ထွေးအမည်ကို သုံးစွဲနေသည်ဟု ကြားသိရပြီး ထိုသို့သုံးစွဲနေသည်ကို တားမြစ်အပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်၊ ဒေါ်ခင်ခင်ထွေးတို့က အပြီးအပြတ်လှူဒါန်းပြီးဖြစ်သော အဆိုပါတရားဟောစင်နှင့် ဆက်စပ်ပစ္စည်းများသည် ကျွန်ုပ်၏မိတ်ဆွေများနှင့် မည်သို့မျှမသက်ဆိုင်ကြောင်းနှင့် ဆက်စပ်ပတ်သက်သည့် အသွင်သဏ္ဌာန်ဖြင့် သုံးစွဲထည့်သွင်းဖော်ပြပါက ထည့်သွင်းဖော်ပြသူ၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဇင်၊ ဒေါ်ခင်ခင်ထွေးအမည်ကို ဆက်လက်ထည့်သွင်းဖော်ပြ ကြေညာသုံးစွဲမည်ဆိုပါက တရားဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဇာနည်နှင်း LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ(စဥ်-၆၈၅၅)
တိုက် (၉/၁၁)၊ အခန်း (၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၉၈၀၅၈

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် နှစ်ပတ်လည်ညစာစားပွဲနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၊ အဖွဲ့ချုပ်ဝင်မိသားစုများ၏ တစ်နှစ်တစ်ကြိမ်ဆုံစည်းသည့် နှစ်ပတ်လည် မိသားစုညစာစားပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအား (၁၂)ကြိမ်မြောက်အဖြစ် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နှစ်ပတ်လည်ညစာစားပွဲတွင် (၂၀၁၂-၂၀၁၃) ပညာသင်နှစ်၊ အခြေခံပညာအထက်တန်း စာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့် အထက် ထူးချွန်စွာ အောင်မြင်သောအဖွဲ့ချုပ်ဝင်များ၏ သားသမီးရင်သွေးငယ်များအား ဆုချီးမြှင့်မည့် အစီအစဉ်ပါရှိမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၏ အဖွဲ့ချုပ်ဝင်များ၏သားသမီးများသည် ဖခင်၏အဖွဲ့ချုပ်ဝင်ကတ်(မိတ္တူ)၊ ဆုရကျောင်းသား၏ အောင်လက်မှတ်(မိတ္တူ)၊ အမှတ်စာရင်း(မိတ္တူ) အပြာရောင်နောက်ခံပတ်စ်ပို့ဆိုဒ် ဓာတ်ပုံနှစ်ပုံနှင့်တကွ အဖွဲ့ချုပ်ရုံးသို့ ၂၅-၃-၂၀၁၄ရက် ညနေ ၅း၀၀နာရီနောက်ဆုံးထား၍ လျှောက်ထားနိုင်ပါကြောင်း အဖွဲ့ချုပ်၏အဖွဲ့ဝင် မိသားစုများအား လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

ကျင်းပပြုလုပ်မည့်ရက်	- ၂၀၁၄ခုနှစ် ဧပြီ ၅ရက် (စနေနေ့)
ကျင်းပပြုလုပ်မည့်အချိန်	- ညနေ ၅း၃၀မှ ၉း၀၀နာရီ
ကျင်းပပြုလုပ်မည့်နေရာ	- Lion City Restaurant အမှတ် F/9 ရွှေမာလာရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ မြန်မာနိုင်ငံကုန်သွယ်ရေးကြောင်းကောလိပ်(အရှေ့)
ဆက်သွယ်ရန်လိပ်စာ	- အမှတ် (၅၃)၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း	- ၀၁-၃၇၅၈၂၀၊ ၀၁-၃၉၂၀၇၆၊ ၀၉-၇၃၀၅၀၆၀၂၊
ဖက်စ်	- ၉၅(၁)၃၈၁၅၉၂
အီးမေးလ်	- com@myansf.com

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၈၊ မြေကွက်အမှတ် ၅၉၃၊ မြေကွက်တည်နေရာအမှတ်-၅၉၃၊ ၁၃၈ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးအေးကျော် အမည်ပေါက်ပါမစ် မြေအား အမည်ပေါက် ဦးအေးကျော် ကွယ်လွန်သဖြင့် ဒေါ်သီတာပြုံး ၁၂/တမန(နိုင်)၀၁၃၆၇၈က တရားဝင်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်းနှင့် ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် သေစာရင်းတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(၈)၊ မြေကွက်အမှတ် ၁၆၂/က၊ မြေကွက်တည်နေရာ အမှတ် ၁၆၂/က၊ ရွှေဝါ ၂ လမ်း၊ မြို့သစ် (၈)၊ အင်းစိန် ဒေါ်တင်သန်း အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်တင်သန်း ကွယ်လွန်သဖြင့် ဦးကျော်ငွေ ၁၂/မရက(နိုင်)၀၆၅၅၃၇ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

" မင်္ဂလာနှစ်ပတ်လည်ဆုတောင်း "

ကျေးဇူးရှင် ဖခင် ဦးဘိုဖြူ (ဓမ္မစေတီဈေးတိုက်)
မိခင် ဒေါ်လှလှဆွေ (ဒေါ်သန်းစိန်ဒုတိယဆိုင်)

တို့၏(၁၅-၂-၂၀၁၄)တွင် ကျရောက်သောနှစ်ပတ်လည် မင်္ဂလာရက်မြတ်မှ သည် နောင်နှစ်ပေါင်း(၁၂၀)တိုင် ဖေါ်မှန်သော ဘာသာတရားကို ... လျှော်ရှင်ချမ်းမြေ့သော မိသားစုအတူဘဝကို ဖြတ်သန်းနိုင်ပါစေ။

ချစ်သမီးကြီး - ဥဥ (ယေလွှင် Tailoring)
ချစ်သမီးငယ် - လင်းလင်း Lady Light
အမျိုးသမီးဆံသနှင့်အလှပြင်သင်တန်းကျောင်း

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ ကမ္ဘာ့ဌာန်းလမ်း၊ အမှတ် ၆၈၇၊ နှစ်ခန်းတွဲခြောက်ထပ်တိုက်၊ ငါးလွှာ၊ ခြေရင်းခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ဒေါ်ခင်မာဝင်း ၁၂/ကခက(နိုင်)၀၅၉၉၉၉ အမည်ပေါက်ဖြစ်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အထက်ပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်တို့ထံ ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်မြင့်(ကနောင်) LL.B, WIPO(Switzerland) **စဥ်-၂၇၁၆**
တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအကြံပေး

ဒေါ်နေခြည်ဦး(စဥ်-၃၈၄၄၄)	**နော်မြတ်လေးနွယ်(စဥ်-၄၁၆၃၃)**	**ဒေါ်ဝတ်ရည်ငွေ(စဥ်-၃၆၉၁၇)**
LL.B, WIPO(Switzerland)	LL.B	LL.B, LL.M
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

အမှတ် ၁၀/၁၂၊ မြေညီထပ်၊ ၃၅ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၀၈၇၅၄၊ ၀၉-၈၆၁၁၄၁၆

ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်၊ အကွက် (၆၀၃)၊ ၈၃လမ်း၊ ၂၆×၂၇လမ်းကြား၊ အမှတ် (၁၈၃)တွင် တည်ရှိသော **မောင်စိန်ဝင်းနှင့်ညီများ** စက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေး၊ ဦးစိန်မင်း ၉/မရမ(နိုင်)၀၃၇၆၁၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

YAMAWA

မှတ်ပုံတင်စာချုပ်အမှတ် (၂၃၇/၂၀၁၀)

မောင်စိန်ဝင်းနှင့်ညီများ စက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေးသည် ပူးတွဲဖော်ပြပါ **YAMAWA** အမည်ရှိ ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၂၃၇/၂၀၁၀)ဖြင့် မှတ်ပုံတင်သွင်းပြီး အဆင့်မြင့်နည်းပညာများဖြင့် အသင့်အသုံးပြုနိုင်ရန်အတွက် ထုတ်လုပ်ထားရှိသော ရေထွက်ပိုက်ပျော့၊ ရေစုပ်ပိုက်နှင့်ပိုက်မျိုးစုံအရွယ်အစား အမျိုးမျိုးတို့ကို ကြေညာသူ၏ စက်နှင့်စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ထုတ်လုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပူးတွဲဖော်ပြပါ **YAMAWA** အမည်ရှိ ကုန်အမှတ်တံဆိပ်အား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပ၍ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေ၊ အတုအပ ထုတ်လုပ်သုံးစွဲဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အတုအပ ထုတ်လုပ်သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း တွေ့ရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ချက်အရ-

ဦးခင်မောင်ဝင်း B.A, H.G.P, RL (II), DBL	**ဦးသူရလင်း LL.B**	**ဦးဇော်ဇော် (LL.B)**
ဦးစိုင်းဝဏ္ဏ LL.B	**ဦးအောင်ဝင်းသူ LL.B**	**ဦးသိန်းစိုးထိုက် (LL.B)**

(ဥပဒေအကျိုးဆောင်ရှေ့နေများ)
အမှတ် (ဂ/၄၁)၊ လမ်း ၆၀×၃၄(စကားဝါလမ်း)ထောင့်
ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၂၀၀၅၀၆၂၊ ၀၉-၆၈၁၀၂၀၃၊ ၀၉-၄၀၄၀၅၅၅၅၅၊ ၀၂-၂၃၉၂၉

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/က)၊ (လေဆိပ်ဝန်းကျင်) မြေကွက်အမှတ် (၉၁/ခ)၊ ဧရိယာ ၀.၁၁၁မ၀၂၄ ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်ခင်မာဌေးဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ် (၁၈၅၅/၂၀၁၃) နှင့် အပြီးအပိုင်အရောင်းအဝယ်စာချုပ် (၃၄/၂၀၁၄)တင်ပြ၍ ဒေါ်အေးမို့မို့ဝင်း ၁၂/အစန(နိုင်)၂၀၉၄၃၇ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅·CG၊ မြေကွက်အမှတ် ၃၈၁၊ မြေကွက်တည်နေရာအမှတ် ၅၃၊ အနောက်ဈေးဟောင်းလမ်း၊ ဗဟန်းမြို့နယ်၊ ဦးရွှေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဦးရွှေ (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ကျင်လှိုင် ၁၂/ဗဟန(နိုင်)၀၅၁၉၆၉က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စက်မှုလက်မှုအထက်တန်းကျောင်းအမှတ် (၁)၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့ (၁၆)ကြိမ်မြောက် မြတ်ဆရာကန်တော့ပွဲနှင့် ကျောင်းသားဟောင်းများအသင်း

နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

စက်မှုလက်မှု အထက (၁)၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၊ မြတ်ဆရာကန်တော့ပွဲနှင့် ကျောင်းသားဟောင်းများအသင်း နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းတွင်ပညာသင်ယူခဲ့ကြသော ၁၉၅၈မှ ၂၀၀၀ပြည့်နှစ်အထိ ကျောင်းသားဟောင်းညီအစ်ကိုများ ကြွရောက်၍ အနန္တကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား ဂါရဝပြုချီးမြှင့်ကန်တော့နိုင်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	-	၂၃-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-	နံနက် ၉း၀၀နာရီ
ကျင်းပမည့်နေရာ	-	Royal Garden Restaurant (ကန်တော်ကြီး၊ ဗိုလ်ချုပ်ပန်းခြံ၊ နတ်မောက်ကျောင်းရှေ့)

အလှူငွေများထည့်ဝင်နိုင်ရန် အောက်ပါကျောင်းသားဟောင်းများနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မြတ်ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲဖြစ်မြောက်ရေးကော်မတီ

ဦးလှထွန်း(၆၂ တွင်ခံ)	ဖုန်း-၀၉-၄၃၁၇၆၃၁၇	ဦးငွေကြည်(၆၃ ဦး)	ဖုန်း-၀၉-၄၃၀၃၉၉၀၁	ဦးဖိုးဟန် (၆၅ ဒီမယ်)	ဖုန်း-၀၉-၄၂၀၂၀၈၉၁
ဦးအေးကြူ(၆၅ဦး)	ဖုန်း-၀၉-၄၃၀၉၈၀၂၃	ဦးမောင်ချစ်(၆၇လျှပ်စစ်)	ဖုန်း-၀၁-၂၁၄၉၈၁	ဦးသန်းဝင်း(၆၈သတ္တုဗြား)	ဖုန်း-၀၉-၅၄၀၉၅၁၄
ဦးဘသိန်း(၆၉လျှပ်စစ်)	ဖုန်း-၀၉-၄၂၂၅၆၆၂၂၂	ဦးအုန်းမြင့်(၆၉ဒီဇယ်)	ဖုန်း-၀၉-၅၀၈၂၈၈၄	ဦးစိုးတင့်(၇၃လျှပ်စစ်)	ဖုန်း-၀၉-၅၁၀၂၂၇
ဦးဆန်းဦး(၇၄လျှပ်စစ်)	ဖုန်း-၀၉-၅၀၅၄၄၈၀	ဦးခင်ဝင်း(၇၄လျှပ်စစ်)	ဖုန်း-၀၉-၄၂၁၀၀၀၉၉၉	ဦးနေလင်း(၇၃လျှပ်စစ်)	ဖုန်း-၀၉-၅၀၂၇၄၄၉
ဦးစိုးဝင်း(၇၄လျှပ်စစ်)	ဖုန်း-၀၉-၅၀၇၁၈၀၇	ဦးအောင်ဆင့်(၇၄ဂိုက်)	ဖုန်း-၀၉-၄၅၀၀၀၀၁၇	ဦးကြည်လင်း(၇၈ဦး)	ဖုန်း-၀၉-၅၀၀၆၃၆၅
ဦးကိုကိုမော်(၈၀ ယာဉ်)	ဖုန်း-၀၉-၇၃၀၈၁၃၀၁	ဦးကိုကိုနိုင်(၈၂ဂိုက်)	ဖုန်း-၀၉-၅၀၁၄၀၈၆	ဦးသူရသောင်းကြည်(၈၉ဦး)	ဖုန်း-၀၉-၄၃၁၂၅၁၇၅
ကိုသက်အောင်ဆွေ(၈၉ဦး)	ဖုန်း-၀၉-၄၃၀၂၇၀၄၄	ဦးအောင်ကျော်မိုး(၈၉ဦး)	ဖုန်း-၀၉-၅၀၆၆၅၁၆	အသင်းရုံး	ဖုန်း-၀၉-၄၄၈၀၀၀၇၉၀

ဝမ်းနည်းကြေ့ခြင်း

ဒုတိယဗိုလ်မှူးကြီး မျိုးထွန်း(ငြိမ်း)

အသက်(၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ အမှတ် ၂၀၉ နေ ဒုတိယဗိုလ်မှူးကြီး မျိုးထွန်း(ငြိမ်း) (စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း)သည် ၁၂-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စက်ရုံမှူးနှင့်ဝန်ထမ်းမိသားစု
အမှတ်(၁၁)၊ အထည်စက်ရုံ (ပဲခူး)

အထူးကျေးဇူးတင်ရှိခြင်း

ဒုတိယရဲမှူးအေးကို(ငြိမ်း)

လ/၁၆၂၅၀၊ အပတ်စဉ်(၁၃)

ပြည်မြို့

အသက်(၆၄)နှစ်

၈-၂-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားသော ဦးအေးကိုအား မကျန်းမာချိန်မှစ၍ ကွယ်လွန်ချိန်ထိ မေတ္တာအပြည့်ဖြင့် ကုသစောင့်ရှောက်ပေးခဲ့ပါသော Oncologist ဒေါက်တာဦးအေးမေ၊ ဒေါက်တာဦးစိုးအောင်၊ အထွေထွေခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာဝင်းမြင့်(ပန်းလှိုင်ဆေးရုံ)၊ ဒေါက်တာဦးထွန်းသန်း၊ အထွေထွေရောဂါအထူးကု သမားတော်ကြီး ဒေါက်တာဦးသောင်းထွဋ်နှင့် ဒေါက်တာဒေါ်ခင်နှင်းဦး၊ လောကပါလဆေးရုံမှဆေးရုံအုပ်ကြီး၊ မန်နေဂျာနှင့် တာဝန်ခံဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများ၊ နာရေးကိစ္စအဝဝကို မေတ္တာဖြင့် ကိုယ်တိုင်လိုက်ပါဆောင်ရွက်ပေးပါသော ပဲခူးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်လင်း၊ ပြည်ခရိုင်ကျန်းမာရေးမှူး ဒေါက်တာဒေါ်အေးအေးမိုးနှင့် ဝန်ထမ်းများ၊ ဒေါက်တာဦးလှသန်း၊ ဒေါက်တာဦးမျိုးမြင့်၊ ဒေါက်တာဦးတင်ထွဋ်၊ ပြည်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိ အရာခံတပ်ဖွဲ့ဝင်များ၊ ဝက်ထီးကန် ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ မြန်မာ့စီးပွားရေးဘဏ်မှ အရာရှိများနှင့်ဝန်ထမ်းများ၊ ကိုယ်ပိုင်ယာဉ်များဖြင့် လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ခေတ္တရာလူငယ် သာရေးနာရေး ကူညီပံ့ပိုးမှုအသင်းနှင့် ရွှေကျောင်းကြီးလူငယ်မေတ္တာ သာရေးနာရေးအဖွဲ့၊ လိုက်ပါပို့ဆောင်ပေးသော အရင်းနီးဆုံးဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ သက်နိုး၊ လျှဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုး၊ ပန်းခြင်း၊ ပန်းခွေများ ပေးပို့ကြပါသော သူငယ်ချင်းကောင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ Face book များမှလည်းကောင်း၊ ဝမ်းနည်းကြောင်း သတင်းမေးမြန်းပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ သူငယ်ချင်းမိတ်ဆွေအပေါင်းအားလည်းကောင်း၊ ရွှေလှုလှော် မော်တော်မြတ်ကြီးဝတ်အသင်းနှင့်ဘုရားနီ ဝတ်အသင်းတို့အားလည်းကောင်း ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ဇနီး-ဒေါ်ခင်တာတာ
သမီး-ဒေါက်တာယုသိမ်နိုင်

စိတ်ကြိုး
မဟာဗန္ဓုလတ်ဆတ်ဖာတိချက်ကြွေမွေးရပ်မြေ
ပေယျာသမိုင်း
မဂ္ဂဇင်းမှတ်ပုံတင်အမှတ်...၀၀၄ ၂၀၁၅/၀၁၄မြို့ ၂၄ ထွက်ပြီ

အများသိစေရန် သတိပေးကြေညာခြင်း

[illegible]

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့်ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးဆောင်များအကြောင်း ... ဆိုင်ခန်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက တရားဝင်စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက်တိုက်ခန်းအမှတ်	အမည်ပြောင်းလျှောက်ထားသူအမည်၊ အမှတ်ပုံတင်အမှတ်	လျှောက်ထားသည့်တိုက်နှင့်အခန်းအမှတ်
	ဦးစိန်ဝင်း မန်နေဂျင်ဒါရိုက်တာ သီဟအောင်ဆောက်လုပ်ရေး (မှ) နယ်စပ်ဒေသလူငယ်မျှကြီးပွားတိုးတက်ရေးနှင့် ကွပ်ကဲမှုဌာနချုပ်၊ ကျိုက္ကသံပြင် မောင်တောမြို့၊ ရခိုင်ပြည်နယ်(က) ဗိုလ်ကြီးဇော်မင်း တပ်ထောက်ဗိုလ်ကြီး(က) ဗိုလ်ကြီးအေးမျိုးသူ တပ်ထောက်ဗိုလ်ကြီး (မှ) ဦးအေးမင်းထွန်း ၁၁/သတန(နိုင်)၀၄၇၅၆၀ (မှ) ဦးဘိုဘိုဆန်း ၁၂/မဂတ(နိုင်)၀၀၅၇၈ (မှ)	ဒေါ်စိုးပပ ၁၂/စခန(နိုင်)၀၀၀၃၀၅	အမှတ် (၆၀/၇၀)၊ အခန်းအမှတ်(၁-၀၆)၊ (၆)လွှာ၊ ၄၀လမ်း၊ အလုံ

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၃၈၈)၊ အမည်ပေါက် ဦးဝင်းမောင် MUN-၀၂၃၃၅၄ ၏ မြေကွက်ကို လက်ရှိ ဝယ်ယူပိုင်ဆိုင်သူဦးခင်မောင်တင့် ၁၂/ကတတ (နိုင်) ၀၁၀၉၇၀ မှ မြေကွက်စာရင်း(မူရင်း)၊ ငွေသွင်းလုပ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြီး မြေချပ်မစ်ထုတ်ပေးရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်း အထောက်အထားမှုရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေချပ်မစ်ထုတ်ပေးပါရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေး ကြော်ငြာအပ်ပါသည်။

မြေယာမခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/ဝ)၊ မြေကွက်အမှတ် (ယခင် ...) ... မြေကွက်ကို လိုက်ပါမြေပိုင်ရှင်ကို ... ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ... ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်သူအကြောင်းကြားချက်အရ-
ဦးထွန်းရှိန်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၅၁)
အမှတ် ၁၁၆၊ ဦးလူတောင်တန်းလမ်း
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၃၂၄၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သုခမြိုင် ၄ လမ်း၊ အိမ်အမှတ် (၁၀၃)ဟုခေါ်တွင်သော ဦးပိုင်အမှတ် ၅/စီ၊ မြေကွက်အမှတ် ၁၄ ရှိ မြေကွက်(၄/စီ)တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ ၃½ထပ်တိုက်၏ လေးလွှာ(ခေါင်းရင်းခန်း) အကျယ်အဝန်း (၁၂ ပေ× ၆၀ ၅၀)(အမြင့် ၉ပေ)ရှိ တိုက်ခန်းအမှတ်(A-4)တိုက်ခန်းတစ်ခန်းနှင့် အဆိုပါတိုက်၏ လေးလွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၂ ပေ× ၆၀ ၅၀) အမြင့်(၉ ပေ)ရှိ တိုက်ခန်းအမှတ်(B-4) တိုက်ခန်းတစ်ခန်းပေါင်း တိုက်ခန်းနှစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဖိုးသည် ၁၂/လမန(နိုင်)၀၄၈၉၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသငွေကိုစရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ယနေ့မှစ၍ ကျွန်ုပ်ထံ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်သူညွှန်ကြားချက်အရ-
ဦးခင်မောင်ဌေး(ရှေ့နေ)
အမှတ် ၁၉၈/၁၉၅၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၀၆၆၉

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် ၁၀၅၅-၁၆၊ မြေကွက်တည်နေရာအမှတ် ၁၀၅၅-၁၆၊ ဏ္ဍုန (၅)လမ်း၊ ၄ ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးညွန့်မောင် ၁၂/ဥကမ (နိုင်) ၁၃၆၁၁၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဖြစ် ဦးညွန့်မောင် မိခင် ဒေါ်ခင်ဖုး ကွယ်လွန်သဖြင့် ဦးမျိုးအောင် ၉/သပက(နိုင်)၀၀၂၂၅၁ ဦးမျိုးသန့် ၁၀/မလမ (နိုင်) ၀၄၅၁၁၆၅၊ ဒေါ်ခင်မျိုးတင့် ၁၂/ဥကမ(နိုင်)၀၁၁၁၁၉၂၊ ဦးမျိုးအေး ၁၂/ဥကမ(နိုင်)၀၄၉၁၈၀၂၊ ဦးမျိုးညွန့် ၁၀/မလမ(နိုင်)၀၂၀၆၉၉၊ ဒေါ်မျိုးဝင်း ၁၂/ဥကမ (နိုင်)၁၂၁၂၅၀တို့က သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပေါင်းလောင်းအသင်း(ရန်ကုန်)

ဦးမောင်မောင်(ခ)

ဦးသန်းဝေစိုး 3/E

သထုံမြို့

အသက်(၆၈)နှစ်

သထုံမြို့၊ သိမ်ကန်းရပ်ကွက်၊ မြို့ရိုးအတွင်းလမ်း၊ အမှတ် ၅၁၈နေ (ဦးထွန်းဖေ-ဒေါ်မေခွေး)တို့၏သား၊ Capt မင်းသိန်းထိုက်-မစတေနာဝင်း၊ ကိုကျော်စိုးနွန့် 2/0 -မဝင်းသန္တာဟန်၊ ကိုအောင်မြတ်မင်း - မလေးလေးမွန်(ပန်းရုံးမ Electronics၊ မင်္ဂလာဈေးသစ်)တို့၏ ဖခင်၊မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၃-၂-၂၀၁၄ရက် နံနက် ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၂-၂၀၁၄ရက်တွင် သထုံမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးချစ်မောင်(ခ)

လင်ကျင်မောက် (ပြည်မြို့)

အသက်(၆၃)နှစ်

